www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ဘာရယ်မဟုတ်တဲ့ အမှာ

ဒီစာအုပ်ရဲ့ ၉၅%ဟာ ကျွန်တော့်ဘဝရဲ့ ဖြစ်ရပ်မှန်တွေပါ။ ဖြတ်သန်းခဲ့သမျှကို ပြန်တွေးကြည့်တော့လည်း အချိန်တွေ အကုန်မြန်လွန်းတာကို နမြောမိတယ်။ စာရေးဆရာတစ်ယောက် ဖြစ်ချင်သလို အဆိုတော်တစ်ယောက်လည်း ဖြစ်ချင်ခဲ့တဲ့ အရွးသွပ်ဆုံးအချိန်တွေက တက်ကြွမှုတွေနဲ့ အားထုတ်မှုတွေကြောင့်ဖြစ်ခဲ့တဲ့ ကမောက်ကမ ဟာသတွေကို ပြန်ပြီးဖောက်သည်ချချင်စိတ်ပေါ်လာမိတယ်ဗျာ။

ပျော်ရွှင်မှုတွေ၊ နာကျင်မှုတွေ၊ စိုးရိမ်မှုတွေ၊ အားမလိုအားမရမှုတွေ ပြည့်လျှမ်းနေတဲ့ အတိတ်လမ်းရဲ့ တစ်ပိုင်းတစ်စကိုပဲ ကျွန်တော် ရေးမှာပါ။ အားလုံးကိုသာ ရေးနေရရင်လည်း ဆယ့်ငါးအုပ်၊ ဆယ့်ခြောက်အုပ်လောက် ဖြစ်သွားမှာမို့လို့ပါ။ ရေးလို့လည်းကုန်မယ်မထင်ပါဘူး…. ဒီစာအုပ်ကို ဖိုင်လျှိုအနေနဲ့ ကျွန်တော်ရဲ့အချစ်အကြောင်းတွေတော့မပါပါဘူး…. တမင်ချန်လှပ်ထားတာပါ။

ကျွန်တော့်ဘဝရဲ့ ဘဝတစ်စိတ်တစ်ဒေသကိုဖတ်ရင်းရယ်မောပျော်ရွှင်နိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပေးလိုက်ပါတယ်။

ပရိသတ်သို့
အစဉ်အမြဲ လေးစားချစ်ခင် ကျေးဇူးတင်လျက်
ပြည့်ပိုင်မှူးအိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၆

မိသားစုတွင် ကျွန်တော်က အငယ်ဆုံးဖြစ်သည်။ အစ်ကို လေးယောက်ရှိသော ကျွန်တော့်အဖို့ အငယ်ဆုံးဖြစ်ခဲ့သော်လည်း အလိုလိုက်ခံရဆုံးတော့ မဖြစ်ခဲ့။

အစ်မတစ်ယောက် နှစ်ယောက်လောက်ပါလျှင်တော့ အကောင်းသားဟု ငယ်စဉ်ကတော့ တောင့်တခဲ့ဖူးသည်။ အကြောင်းက အစ်မများသည် အစ်ကိုများထက်တော့ အငယ်ဆုံးဖြစ်သော ကျွန်တော့်ကို ပို၍အလိုလိုက်၊ ဂရုစိုက်လိမ့်မည်ဟု ထင်သောကြောင့် ဖြစ်သည်။

အစ်မတစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲများမရှိ၍တော့ မဟုတ်။ ကျွန်တော့်တွင် ဝမ်းကွဲအစ်မများတော့ ရှိသည်။ သို့သော် နတ်မောက်သားဖြစ်သော အဖေနှင့်ရမည်းသင်းသူဖြစ်သော အမေတို့က ပင်းတယ်မှာ အခြေချပြီးကာမှ ကျွန်တော့်ကိုမွေးဖွားလိုက်သောအခါ မောချယ်ရိုတို့ဖူးပွင့်ရာ တောင်ပေါ်သားဖြစ်သော ကျွန်တော်အဖို့ အစ်မများနှင့်ဝေးခဲ့ရသည်။

www.burmeseclassic.com



အငယ်ဆုံးမို့ အဖေနှင့်အမေ၏ အလိုလိုက်ခြင်းခံရသော ကျွန်တော်သည် ငယ်စဉ်က ကစားမက်သူတစ်ယောက်ဖြစ်သည်။

အိမ်နီးနားချင်း သူငယ်ချင်းများနှင့်ဘောလုံးကန်၊ ကြက်တောင်ရိုက်၊ စစ်တိုက်၊ ရေကူးနှင့်သစ်ပင်တက်များပါမကျန် မျောက်ရှုံးအောင်ဆော့သူဖြစ်သည်။

သူငယ်ချင်းကောင်မလေးများနှင့် ထုပ်ဆီးတိုးတမ်းပါ မကျန် ကစားတတ်သော ကျွန်တော်သည် ငယ်စဉ်က အတော့်ကိုညံ့ခဲ့သောသူ ဖြစ်သည်။

သူငယ်တန်းမှာ အင်္ဂလိပ်စာ၌ ထူးချွန်ခဲ့သော ကျွန်တော့် အဖြစ်အပျက်တို့ကို ပြန်တွေးမိသည်။ ဆရာမက ကျွန်တော့်ကို 'အေ' အကြီးရေး ဟုညွှန်ကြားသည်။

Capital 'A' ကို ရေးရကောင်းမှန်း မသိသော ကျွန်တော်က Small 'a' ကို အရွယ်ခပ်ကြီးကြီးရေးချလိုက်သည်။

"ဟဲ့ . . . ဒါက 'အေ' အကြီးမဟုတ်ဘူး . . အဲဒါ အသေး"

ဆရာမက Small 'a' မဟုတ်ဘဲ Capital 'A' ကိုရေးခိုင်းမှန်း သဘောမပေါက်သေးသော ကျွန်တော်ကလည်း Small 'a' ကိုပင် ရေးထားသော အရွယ်ထက်ပို၍ အကြီးကြီးရေးရမည် အထင်ဖြင့် Small 'a' ကို စာမျက်နှာတစ်ဝက်ခန့်လောက် အကြီးကြီးရေးချပစ်လိုက်သည်။

"ဟဲ့ . . ခြော် . . ဒါ 'အေ' အကြီးမဟုတ်သေးဘူးလေ သားရဲ့ . . ."

ဆရာမက မဟုတ်သေးဘူးဟုဆိုသောအခါ ကျွန်တော်က . .

"ဒါ မကြီးသေးဘူးလား ဆရာမ . . ကျွန်တော် ဒီ့ထက်ကြီးကြီးရေးရမလား . . ."

ဟု ဆိုရင်း ခပ်တည်တည်ဖြင့် ဗလာစာအုပ်၏ စာမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



အပြည့်နီးပါးရှိသော Small 'a' ကို အကြီးကြီးရေးပစ်လိုက်သည်။

အကျိုးဆက်ကတော့ ဆရာမက 'ဒီလောက်တောင် တုံးရသလားဟဲ့' ဟု အပြောခံရကာ နားရွက်လိမ်ဆွဲခံရလိုက်ရခြင်းဖြစ်သည်။

ကျွန်တော်ကား အင်္ဂလိပ်စာမှာ ထိုသို့ထူးချွန်သူဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စာမှာ ထိုသို့ထူးချွန်သော ကျွန်တော်က . . . သင်္ချာမှာလည်း ညံ့သူတော့ မဟုတ်ခဲ့။ တစ်နေ့ သူငယ်တန်းကျောင်းသားဖြစ်သော ကျွန်တော့်ကို ဆရာမက . . .

"ဟဲ့ . . မြင့်နိုင်ထွေး . . ထစမ်း . . သုညနဲ့သုညပေါင်းရင် ဘယ်လောက်ရလဲ . . ကျောက်သင်ပုန်းမှာ ထွက်ပြီးတွက်ပြ . . "

ဆရာမ၏ စကားအဆုံးမှာ ကျွန်တော်က စပ်ဖြီးဖြီးဖြင့် အခန်းရှေ့မှ ကျောက်သင်ပုန်းရှေ့မှာ ကုပ်ချောင်းချောင်းလုပ်ကာ ရပ်သည်။ စပ်ဖြီးဖြီးလုပ်ခြင်းသည် ကျွန်တော်၏မွေးရာပါ မျက်နှာပိုး မသေမှုတစ်ခုလားတော့မသိ။

အကြောက်တရား၊ အရှက်တရား အတော့်ကိုနည်းသော ကျွန်တော်က လက်ပိုက်ကာရပ်နေရာက ဆရာမပေးသော မြေဖြူခဲကို လှမ်းယူပြီး ကျောက်သင်ပုန်းမှာ '၀+၀= 'ဟု ရေးချလိုက်ပြီး အဖြေကို စဉ်းစား၍မရဖြစ်နေသည်။

သို့နှင့် ခပ်တည်တည်ပင် သုညအပေါင်းသုည ညီမျှခြင်းဘေးမှာ ၁ (တစ်) ဟု ရေးချလိုက်သည်။ ဝေါခနဲထွက်လာသော ရယ်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်တော် ကြောင်သွားသည်။ နောက်တော့မှ ကိုယ့်အဖြေ မှားသွား၍ တစ်ခန်းလုံးဝိုင်းရယ်နေမှန်း သိသောအခါ တဟီးဟီးနှင့် ပင် ရောရယ်လိုက်သေးသည်။ ဆရာမက ခုံကိုပေတံဖြင့်ရိုက်ပြီး 'မရယ်ကြနဲ့' ဟု အတန်းသားများကို လှမ်း၍မာန်သည်။ ပြီး ကျွန် တော့်ကိုပါ 'မရယ်နဲ့' ဟုဆိုရင်း . . .

"သုညနဲ့သုညပေါင်း တစ် ဟုတ်လား . . ပြန်လည်းပေါင်း ကြည့်ပါဦး"

ဟု ဆိုသည်။ သုညနှင့်သုညပေါင်းအဖြေအတွက် ကျွန်တော် တော်တော် ခေါင်းစားသွားရသည်။ ဖျတ်ခနဲ ဘေးမှာယှဉ်လျက် အတူ ထိုင်နေသောသူငယ်ချင်းကို ရုတ်တရက်လှမ်းကြည့်တော့ ဆရာ သမားက လက်နှစ်ချောင်းထောင်ပြသည်။ မြေဖြူခဲကိုကိုင်ကာ လက် ပိုက်ပြီး ရပ်နေသော ကျွန်တော့်ကို ဆရာမက . . .

"ဟဲ့ . . ဖြေလေ . . . "

ဟု ဆော်သြသည်။

အတန်းရှေ့ကို စပ်ဖြီးဖြီးဖြင့်ထွက်လာသော ကျွန်တော် စပ် ဖြီးဖြီးမနေတော့။ ဆရာမကို မဝံ့မရဲ လှမ်းကြည့်ရင်း . . .

"နှစ် . . ဆရာမ"

ဟု ဖြေပစ်လိုက်သည်။

"ဘာ . . . "

ဆရာမ၏ 'ဘာ' အဆုံးမှာ အတန်းထဲမှ ကျောင်းသူကျောင်း သားများက ဝေါခနဲရယ်ကြပြန်သည်။ ကျွန်တော့်ကို လက်နှစ်ချောင်း ထောင်ပြသော ဘော်ဒါပါ လိုက်ရယ်နေသည်မို့ ခံလိုက်ရမှန်း ထိုအခါ မှ ကျွန်တော်သိသည်။ ဆရာမက . . . .

"သေသေချာချာကို ပြန်တွက်ကြည့်ပါဦး . . . သုညရယ် သုညရယ်ပေါင်းတာလေ . . . "



www.burmeseclassic.com

www.burmeseclassic.com



"သ . . သုံး . . သုံး ဆရာမ . . ."

လက်သုံးချောင်း မရဲတရဲထောင်ရင်း ဖြေသော ကျွန်တော့် အဖြေအဆုံးမှာ အတန်းဖော်များက ရယ်ကြသည်။ ဆရာမက 'မှားတယ်ဟဲ့ . . . မှားတယ်' ဟု အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"ဒါ . . ဒါဆို . . လေး . . ဆရာမ . . ."

လက်လေးချောင်းထောင်ပြရင်းဆိုသော ကျွန်တော့်အဖြေကို နားထောင်ရင်း ဆရာမက ခေါင်းကိုကုတ်သည်။

"ဟဲ့ . . သုညနဲ့သုညပေါင်း လေးရပါ့မလား . . ငါ့နှယ် စိတ်ညစ်လိုက်တာနော် . . ထူးချွန်လိုက်တာ . . ထူးချွန်လိုက်တာ . . . နယူတန်သေပြီးတော့ ပြန်ဝင်စားလို့များလား မသိပါဘူး . . သေသေချာချာတွက်ကြည့်ပါဦး . . ဘယ်လောက်ရလဲလို့ . . ."

"လေး မဟုတ်ရင် . . ငါးဗျာ . . ငါး . . ."

"ကဲဟယ် . . ငါး ဦး . . ."

"ဒေါက် . . ."

ဒေါက်ခနဲ အခေါက်ခံရသော ကျွန်တော့်က 'ငါး' မှာမရပ်သေး။

"ဒါ . . ဒါဆို 'ခြောက်' ဆရာမ . . ."

နောက်ဆုံးတော့ ဆရာမက ကျွန်တော့်ကို မဆူနိုင်တော့။ ဗိုက်ကိုနှိပ်ကာ ထိုင်ခုံမှာထိုင်ရင်း မျက်ရည်ထွက်သည်အထိ ရယ်သည်။

"ဒီတစ်ခါတော့ ခုနစ်ပါ ဆရာမ . . ."

ကျွန်တော် ထင်သည်။ ထိုနေ့က သုညနှင့်သုညပေါင်းကို ကျွန်တော် ဖြီးဖြေလိုက်သည်မှာ တစ်မှတစ်ဆယ်ပင် တိုင်သွားခဲ့သည်လား မသိ။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်တန်းမှစ၍ တက္ကသိုလ်ဘွဲ့ရသည်အထိ အမုန်းဆုံး ဘာသာရပ်ကို ပြပါဆိုလျှင် သင်္ချာဘာသာကိုသာ ကျွန်တော်ပြရမည် ထင်သည်။ ကျက်စာကျက်ရန်ကို လုံးဝမကြောက်သော ကျွန်တော်က သင်္ချာတွက်ရမည်ဆိုလျှင်တော့ အင်မတန်ကြောက်လေသည်။

ကျက်စာများကို အားသန်ခဲ့ပုံက ဤသို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၃

ကျွန်တော် လေးတန်းနှစ်တွင် ဖြစ်သည်။ ကျွန်တော်တို့၏ အတန်းပိုင်ဖြစ်သော ပထဝီဆရာကြီးက စာသင်ချိန်တွင် စာအပေါ် ၌သာ အာရုံစူးစိုက်စေလိုသော ဆန္ဒဖြင့် စာရှင်းပြပြီးသည်နှင့် သင်ပြီး သမျှကိုသာ တစ်ယောက်ချင်းပြန်ပြန်မေးလေ့ရှိသည်။

စာအသင်ကောင်းသလို လက်သံလည်းပြောင်သည်မို့ ကျောင်းသူကျောင်းသားတိုင်းက ဆရာ့အချိန်ဆိုလျှင် အာရုံတစ်ပါး စိတ်မသွားရဲကြ။ ဆရာသင်ပြသော စာ၌သာအာရုံစူးစိုက်၍ စွဲစွဲမြဲမြဲ မှတ်မိစေရန် နားထောင်ကြရသည်။

ဆရာက စာမေးရာ သင်ပြီးသမျှစာပိုဒ်တစ်ပိုဒ်လုံးကို တစ်ယောက်တည်း ဖြေခိုင်းသည်မဟုတ်။ ထိုစာပိုဒ်မှ အကြောင်းအရာတို့ကို အစဉ်လိုက်တစ်ယောက်ပြီးတစ်ယောက် မေးသွားခြင်းဖြစ်သည်။ ဥပမာ- စာပိုဒ်တွင် မှတ်သားစရာအချက်ငါးချက်ရှိပါက ထိုအချက်ငါးချက်ကို သေချာစွာရှင်းပြပြီးသည်နှင့် နံပါတ်တစ်အချက်ကို သူမေးလိုသော ကျောင်းသားအား ဖြေစေသည်။ ပြီး နံပါတ်နှစ်အချက်ကို နောက်တစ်ယောက်အား ဖြေစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အစဉ်လိုက် နံပါတ်ငါးအထိ ကျောင်းသားငါးယောက်ကို ဖြေစေခြင်းဖြစ်သည်။ ထိုငါးယောက်ဖြေပြီးချိန်၌ စာသင်ချိန်ပို နေသေးလျှင် စာသင်ချိန်တစ်ချိန် မပြောင်းမချင်း ကျောင်းသားကုန် လုနီးနီးဖြစ်သည်အထိ စာစစ်တတ်သည်။ သူမေးသောအချက်ကို ဒိုးဒိုးဒေါက်ဒေါက်မဖြေနိုင်လျှင် ဆရာကြီးက အနည်းငယ်မျှ စာကို ထောက်ပေးသည်။ လုံးလုံးမရသော ကျောင်းသားကို ပြန်မှထိုင်စေဘဲ စာသင်ချိန်ပြောင်းသည်အထိ မတ်တတ်ရပ်ခိုင်းထားတတ်သည်။

ဆရာက စာမေးတော့မည်ဆိုလျှင် အတန်းသူအတန်းသား အားလုံးကို တစ်ချက်ဝေ့ပြီးကြည့်တတ်သည်။ စာအမေးခံရမည်စိုး၍ အမူအရာပျက်သွားသူတို့ကို မှတ်ထားကာ ထ၍ဖြေစေခြင်းဖြစ်သည်။

ဆရာ စာမေးရာ၌ စာအမေးခံရသော ကျောင်းသားက အချက်အလက်မှားကာ ဖြေတိုင်း ကျန်ကျောင်းသူကျောင်းသားများက တခွိုးခွိုးရယ်တတ်သော အလေ့အထရှိသည်။ ရယ်သည်ဆိုရာ၌ ဆရာမသိအောင် တခွိုးခွိုးခိုး၍ရယ်ကြခြင်းဖြစ်သည်။

ငယ်စဉ်ကတည်းက အရယ်သန်သော ကျွန်တော်ကတော့ ထိုသို့မဟုတ်။ ရယ်စရာရှိလျှင် မအောင့်တတ်ဘဲ တဟားဟားဖြင့် အားရပါးရ ထထရယ်တတ်သူဖြစ်သည်။ နောက်ဆုံးကြောက်ရသော ဆရာဖြစ်နေစေကာမူ ကျွန်တော် သိပ်မအောင့်ထားတတ်။ အောင့်ထားပြန်လျှင်လည်း 'တအုအု' ဖြင့် တစ်ကိုယ်လုံးနတ်ပူးသလို တုန်ကာ ရယ်မိသည်ချည်းသာ ဖြစ်သည်။

ထိုအခါမျိုး၌ ဆရာက ကျွန်တော့်ကို သတိထားမိသွားတတ်သည်။

"ဟို ပါးချိုင့်နှစ်ဖက်နဲ့ကောင် . . ထ . . . မတ်တတ်ရပ်စမ်း"

ကျွန်တော့်ကို လက်ညှိုးထိုးပြီး ဆရာက ရပ်ခိုင်းတတ်သည်။

www.burmeseclassic.com



ပြီး စာကိုမေးတတ်သည်။ စာမရသောအခါများ၌ . . .

"မင်းကလေ . . တခြားလူတွေ စာမရရင် ရယ်လိုက်တာ တစ်ခန်းလုံးမှာ မင်းအသံချည်းပဲ . . ဒီပြင်လူတွေရယ်တာ အသံမထွက်ဘူး . . မင်းက ရယ်လိုက်ရင် တစ်ကျောင်းလုံးတောင် ကြားရံမလား မှတ်တယ် . . နောက်တစ်ခါ အသံကျယ်နဲ့ ရယ်ရဲရယ်ကြည့် . . မင်းကို စာအရင်ဆုံးမေးမယ် . . ."

ဆရာ့၏စကားကြောင့် ကျွန်တော့်မှာ ကိုယ့်အရယ်သန်မှုကို ကိုယ်ထိန်းရတော့သည်။ ထိန်းနိုင်သောအခါလည်းရှိသလို မထိန်းနိုင်သောအခါလည်းရှိသည်မို့ စာကိုအထူးဂရုစိုက်ရသည်။ သို့မှသာ ဒဏ်အပေးခံရခြင်းမှ လွတ်မည်ကိုး။

သို့နှင့် ဆရာကြီး၏ ပထဝီဘာသာကို မသင့်ခင်ကပင် ကြိုကြိုကျက်သောအလေ့အထရခဲ့သည်။ ဆိုပါစို့ . . ဆရာကြီးက မနက်ဖြန်ရန်ကုန်တိုင်းကို သင်မည်ဆိုလျှင် ကျွန်တော်က ဒီနေ့ညကို ဤသည်မရွေး ရသည်အထိ ကျက်သွားသည်။ မနက်ဖြန် ဧရာဝတီတိုင်း သင်မည်ဆိုလျှင် ကျွန်တော်က မသင်ခင် မရရအောင် ကျက်ကာ သွားသည်။

ထိုသို့ ကြို၍ကျက်သွားသော အကျိုးကျေးဇူးကြောင့် ဒဏ်ပေးခံရသည်ဟူ၍ မကြုံရတော့။ စာကျက်ခြင်း၏အရသာကို ကျွန်တော် သဘောကျလာသည်။ တခြားလူတွေ မသင်ရသေးခင် ကြိုကြို၍ လေ့လာထားရသည်က Feel တစ်မျိုးဖြစ်သည်။

စာကို ကြိုကျက်ရန်မပျင်းသော်လည်း သင်္ချာကို ကြိုတွက်ကြိုလုပ်ရမည်ကိုမူ မတတ်။ သင်ပြီးသမျှ ပြန်လေ့ကျင့်ရန်ကိုလည်း ကျွန်တော် ပျင်းသည်။ ထို့ကြောင့်ပင် ဆယ်တန်းရောက်သည်အထိ စာမေးပွဲဖြေတိုင်း ရမှတ်အနည်းဆုံးဘာသာမှာ သင်္ချာဖြစ်သည်။

ကျက်စာမှာ အများထက်အမြဲလိုလို အမှတ်ပိုရတတ်သော



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် သင်္ချာဘာသာ၌ အမြဲတမ်းသာမန်အောင်မှတ်များသာ ရလေ့ရှိသည်။

ကျောင်းသားသက်တမ်းတစ်လျှောက် အဆင့်တစ်ပေါင်းများစွာ ကျွန်တော်ရခဲ့သော်လည်း သင်္ချာ၌ အမှတ် ၁၀၀အပြည့် ဘယ်တုန်းကမှ ကျွန်တော် မရဖူး။

သင်္ချာ၌ အားနည်းသော ကျွန်တော်သည် ကျက်စာ၌ အားသာမှုကြောင့် ဆယ်တန်းနှစ်ရောက်သည်အထိ မည်မျှပင် ခြေချော်လက်ချော်ရှိစေကာမူ အဆင့်သည် တစ်မှနေ ခုနစ်အဆင့်ထက် လျော့မသွားဖူး။ တစ်၊ နှစ်၊ သုံး၌သာ တဝဲလည်လည်ရနေတတ် သည်။

ထုံးစံအတိုင်း စာမေးပွဲရမှတ်များ၌ သင်္ချာကတော့ အမှတ်အနည်းဆုံးဖြင့်သာ အောင်ခဲ့သည်ချည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်တန်းမှစ၍ ငါးတန်းအထိ ပင်းတယမြို့ အ. လ. က ကြို့သက်မွေးကျောင်းတွင် ကျွန်တော် နေခဲ့သည်။

ခြောက်တန်းနှစ်သို့ရောက်သောအခါ မြေစာရင်း၌ လက်ထောက်ဦးစီးဖြစ်သော အဖေ့ကရာထူးတိုးကာ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်မို့ ကျွန်တော်တို့မိသားစုပါ ရှမ်းပြည်နယ်တောင်ပိုင်းမှ အရှေ့ပိုင်းရှမ်းပြည်နယ်သို့ ရွှေ့ကြရသည်။

အစ်ကိုလေးယောက်ရှိသည့်အနက် အစ်ကိုအကြီးဆုံးမှာ ပအို့ဝ်လူမျိုး တောင်ကြီးသူနှင့် အိမ်ထောင်ကျကာ၊ ဒုတိယအစ်ကိုသည်လည်း ဓနုလူမျိုး ပင်းတယသူနှင့်အိမ်ထောင်ကျသည်မို့ အစ်ကိုအကြီးဆုံးက တောင်ကြီး၊ အစ်ကိုလတ်က ပင်းတယမြို့တို့၌ ကျန်ခဲ့ပြီး ကျန်အစ်ကိုနှစ်ယောက်နှင့်ကျွန်တော်သာ အဖေတို့၊ အမေတို့ ပြောင်းရွှေ့ရာသို့ လိုက်ခဲ့ကြသည်။

ပင်းတယမှ တောင်ကြီးသို့တက်ကာ တောင်ကြီးမှတစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ကွန်ဟိန်းကို ကျွန်တော်တို့မိသားစု ခရီးဆက်ကြသည်။ ကွန်ဟိန်းမှ တစ်ဆင့် မိုင်းပျဉ်းကို ခရီးဆက်ရမည်ဖြစ်သည်။

ကွန်ဟိန်းမြို့နှင့်မိုင်းပျဉ်းမြို့သည် သံလွင်မြစ်၏ အရှေ့ဘက် ခြမ်းနှင့်အနောက်ဘက်ခြမ်းဖြစ်သည်။ ကွန်ဟိန်းတွင် တစ်ညအိပ် ကာ နောက်နေ့တွင် မိုင်းပျဉ်းသို့ ယာဉ်တန်းအကြံဖြင့် ကျွန်တော်တို့ လိုက်ခဲ့ကြသည်။ မှတ်မှတ်ရရ ထိုစဉ်က ကျွန်တော်တို့မိသားစုငါး ယောက် ကွန်ဟိန်းမြို့မှ မိုင်းပျဉ်းမြို့အထိ ကားခကိုးရာကျပ်ပေးရ သည်။

လပ်တီးသီချင်းတွင်ပါဝင်သော 'အရှေ့သံလွင်မှာ ရိုးရာပွဲ တွေရှိတိုင်းကွယ် ချစ်စရာ ချစ်စရာ . . ကုန်းက လမ်းဝုန်းအကဟာ တောင်ပေါ် ရှမ်းရဲ့ဓလေ့ရိုးရာ . . .' ဆိုသကဲ့သို့ အရှေ့သံလွင်၌ရှိ သော မိုင်းပျဉ်းမြို့သည် သံလွင်မြစ်ကို အနောက်မှကူးလိုက်သည် နှင့် ပထမဆုံးသော ရှမ်းပြည်နယ်အရှေ့ခြမ်း၏ မြို့ဖြစ်သည်။

မြန်မာနိုင်ငံမြေပုံ၌သာ ရင်းနှီးခဲ့သော သံလွင်မြစ်ကို ဖြတ် ရသောအခါ ရှည်လျားသော တံတားကိုကြည့်ရင်း ကျွန်တော် အံ့ဩ ခဲ့ရသည်။

မိုင်းပျဉ်းမြို့သည် တောင်များဝိုင်းရံထားကာ ချောက်နက် သော ဒယ်အိုးသဖွယ် ချိုင့်ဝှမ်း၌ တည်သောမြို့ဖြစ်သည်။

ကျွန်တော်၏ စာရေးဆရာဖြစ်ချင်သော အဆိုတော်ဖြစ်ချင် သောစိတ်တို့ကို တစ်ဆင့်ထပ်၍ တွန်းတင်ပေးသောမြို့လည်းဖြစ် သော မိုင်းပျဉ်း၏မြန်မာလိုအဓိပ္ပါယ်မှာ 'မြို့ပြောင်းပြန်' ဟူ၍ အဓိပ္ပါယ်ရသည်။

မိုင်းပျဉ်းကို ရှမ်းလိုအသံထွက်ပါက 'မုန်းပိန်း' ဟု ထွက် သည်။ မုန်း (မိုင်း) သည် မြို့ဟုအဓိပ္ပါယ်ရကာ ပိန်း (ပျဉ်း)ကကော့ ပြောင်းပြန်ဟု အဓိပ္ပါယ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပြောင်းပြန်ဟုခေါ်သော အကြောင်းက နမ့်ပိန်းချောင်းရှိသောကြောင့် ယင်းနမ့်ပိန်းချောင်းကို အစွဲပြုကာ မြို့၏အမည်ကို မိုင်းပျဉ်းဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံတွင်ရှိသော မြစ်ချောင်းများသည် များသောအားဖြင့် မြောက်မှတောင်သို့ စီးဆင်းကြသော်လည်း နမ့်ပိန်းချောင်းကတော့ တောင်မှမြောက်သို့ ပြောင်းပြန်စီးဆင်းသောချောင်းဖြစ်သည်။

ထို့ကြောင့်လည်း ၎င်းချောင်းကို နမ့်ပိန်းဟုခေါ်တွင်ရခြင်းဖြစ်သည်။ ရှမ်းလို 'နမ့်' က မြန်မာလို 'ရေ' ဖြစ်ကာ၊ 'ပိန်း' ကတော့ ပြောင်းပြန်ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် 'နမ့်ပိန်း' ကို ဆီလျော်အောင် ဘာသာပြန်ပါက 'ချောင်းပြောင်းပြန်' ဟု အဓိပ္ပါယ်ဖွင့်ရမည်သာဖြစ်သည်။

ချောင်းပြောင်းပြန်ရှိသောမြို့မို့ မြို့ပြောင်းပြန်ဟုခေါ်တွင်ခဲ့သော မိုင်းပျဉ်းမြို့သည် ရှမ်းလူမျိုးများ အများဆုံးနေထိုင်ကာ အခါ၊ လားဟူ၊ ဝ၊ လီစူး စသော တိုင်းရင်းသားများလည်း နေထိုင်ကြသောမြို့ဖြစ်သည်။

မိုင်းပျဉ်းမြို့သည် တောင်ကြီး - ကျိုင်းတုံ - တာချီလိတ် - ပြည်ထောင်စုလမ်းမပေါ်၌ တည်ရှိသည်။ မိုင်းပျဉ်းမှ ဆက်သွားလျှင် ကျိုင်းတုံသို့ရောက်မည်ဖြစ်သည်။

ငှက်ဖျားထူထပ်သောဒေသမို့ ကျွန်တော်တို့မိသားစုအားလုံး မိုင်းပျဉ်းစရောက်ချိန်မှစ၍ ငှက်ဖျားကာကွယ်ဆေးများကို ကြိုတင်သောက်သကဲ့သို့ အခြားဂရုစိုက်သင့်သည်တို့ကိုလည်း အထူးဂရုစိုက်ကြရသည်။

သို့သော် မိသားစုငါးယောက်စလုံး တစ်ယောက်မကျန် အလူးအလိမ့် ဖျားကြသည်သာ။ ဒေသခံသူငယ်ချင်းများကတော့



www.burmeseclassic.com

www.burmeseclassic.com



'မိုင်းပျဉ်းရောက်ပြီး ငှက်ဖျားမဖျားဖူးရင် ခေတ်မမီဘဲနေမှာပေါ့'ဟု ဟာသဖောက်သည်။

မိုင်းပျဉ်း၌ ကြုံတွေ့ရသော ဒုက္ခတစ်မျိုးကတော့ ရာသီဥတု ပူလောင်ခြင်းဒဏ်ပင်ဖြစ်သည်။ ချိုင့်ဝှမ်းမြို့ဖြစ်သော မိုင်းပျဉ်း၏ ပင်လယ်ရေမျက်နှာပြင်အမြင့်ကား ပေနှစ်ထောင်ပင်မပြည့်။ ၁၅၁၈ ပေလား၊ ၁၈၁၅ပေလား အတိအကျတော့ မမှတ်မိတော့။ ၁၅၁၈ပေ ဖြစ်မည်ထင်သည်။

ပြင်ဦးလွင်မြို့ထက်ပင် ပင်လယ်ရေမျက်နှာပြင် အမြင့်ပို သော ပင်းတယလို ရာသီဥတုအေးမြသောဒေသမှနေ ပူအွေးသော ဒေသသို့ ရောက်လာသောအခါ ပူလောင်မှုဒဏ်ကို ကျွန်တော်တို့ အလူးအလိမ့်ခံကြရသည်။ ချွေးမိတ်များပေါက်ကာ ယပ်တောင်နှင့် လက်,မခွာတမ်းနေခဲ့ကြရသည်။

နောက်တော့လည်း မိုင်းပျဉ်းရာသီဥတုနှင့် ကျွန်တော်တို့ အသားကျသွားသည်။ ပင်းတယကား ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၃၈၈၀ ရှိသည်။

မိုင်းပျဉ်းသည် ပင်းတယမြို့လောက် မကြီး။ မြို့ငယ်တစ်မြို့ သာဖြစ်သည်။ မိုင်းပျဉ်းသို့ ရောက်သွားရသည်မှာ ကျွန်တော့်အဖို့ တော့ ဗျိုင်းဖြူအုပ်စုကြားရောက်သွားသော ကျီးလိုဖြစ်ကာနေသည်။ ကျွန်တော်၏ အသားရောင်က ဖြူဖွေးသောအသားအရေရှိသည့် ရှမ်း၊ ဝ၊ အခါ၊ လားဟူ၊ လီစူး လူမျိုးများကြား၌ မည်းမှန်းမသိ မည်းကာ နေသည်ကိုး။

မိုင်းပျဉ်းမြို့ အထက်တန်းကျောင်း၌ ကျွန်တော်တက်ရသည့် နှစ်မှာပင် သူငယ်ချင်းများစွာ ရလေသည်။ တဟီးဟီး တဟားဟား ဖြင့် ပျော်ပျော်နေတတ်သော ကျွန်တော်နှင့် ရှမ်း၊ အခါ၊ လားဟူ၊ လီစူးနှင့် ဝလူမျိုးဘော်ဒါများ ခဏအတွင်းမှာ ခင်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောကြသော ဗမာစကားကဝဲသည်ဟု ဆိုသော်လည်း ကျွန်တော်နားလည်သည်။ သို့သော် ခနုလေသံဝဲနေသော ကျွန်တော်၏ ဗမာစကားကိုမူ သူတို့ သိပ်နားမလည်ကြ။ ကျွန်တော် စကား တစ်ခွန်းဆိုတိုင်း ဆိုတိုင်း ဝိုင်းနားထောင်ကြပြီး လိုက်၍တုပကာပြော ကြ ရယ်ကြနှင့် ပျော်စရာကောင်းလှသည်။

ဗမာလူမျိုးပင်ဖြစ်သော်လည်း ခနုမြေမှာပင် မွေးဖွားကြီး ပြင်းခဲ့သော ကျွန်တော့်အဖို့ (ယခုအချိန်ထိ) ဗမာစကားကို ပီသ အောင် မပြောတတ်။ မည်ကဲ့သို့ပင် ထိန်း၍ပြောပြော ခနုလေယူ လေသိမ်းကတော့ မပျောက်။

ပင်းတယမြို့သည် ခနုလူမျိုးနှင့်တောင်ရိုးလူမျိုးသာ အများ ဆုံးရှိသည်မို့ ဗမာများသည်လည်း ပင်းတယတွင် အနေကြာသည် နှင့်အမျှ ခနုလေသံဘက် ယိမ်းကာသွားတတ်ကြသည်မို့ ငယ်စဉ်က ဗမာသံသည် ရေဒီယိုနှင့်ရုပ်မြင်သံကြားတွင်သာ ကြားရသောအသံ ဖြစ်သည်။ နတ်မောက်သားဖြစ်သော အဖေနှင့်ရမည်းသင်းသူဖြစ် သော အမေသည်လည်း ဗမာစစ်စစ်ဖြစ်သော်လည်း ဗမာသံမပီပြင် တော့။

ထို့ကြောင့်ပင်းတယ၌ ကြီးပြင်းခဲ့သော ကျွန်တော့်အဖို့ ဗမာ စကားပြောရန်မှာ အင်မတန်လျှာလိပ်၍ပြောရဆိုရခက်လှသည်။ တစ်ခုကောင်းသည်က ဗမာသံစစ်စစ် ပီပီသသမထွက်နိုင်သော ကျွန် တော့်အဖို့ ရှမ်းစကားသင်သောအခါ ရှမ်းလေယူလေသိမ်းကို ရှမ်း တစ်ယောက်နီးပါး ပီသအောင်ပြောနိုင်ခြင်းပင်ဖြစ်သည်။

သူငယ်ချင်းများက ကျွန်တော့်ထံမှ ခနုလေယူလေသိမ်းကို သင်ယူကြသလို ကျွန်တော်က ၎င်းတို့ထံမှ ရှမ်းစကားကို သင်ယူ သည်။

ရှမ်းအရှေ့ပိုင်းမှ ရှမ်းလူမျိုးတို့၏ လေယူလေသိမ်းမှာ သွက်



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်လက်ရှိသည်။ ပြတ်ပြတ်သားသားလည်း ရှိသည်။ အခြား ပင်လောင်း၊ ဖယ်ခုံဘက်မှ ရှမ်းများနှင့်လေယူလေသိမ်း ကွဲလွဲမှုရှိသည်။ ရှမ်းတောင်ပိုင်းမှ ရှမ်းများ၏လေယူလေသိမ်းက တစ်မျိုးတစ်ဘာသာ နားထောင်ကောင်းသကဲ့သို့ ရှမ်းအရှေ့မှ ရှမ်းစကားသည်လည်း တစ်မျိုးတစ်ဘာသာ နားထောင်၍ကောင်းသည်သာဖြစ်သည်။

မိုင်းပျဉ်း၌ အနေကြာသောအခါ ကျွန်တော်၏လေယူလေသိမ်းကား ရှမ်းလေယူလေသိမ်းဘက်သို့ ယိမ်းကာသွားသည်။ ယိမ်း၍သွားသော်လည်း ဓနုလေယူလေသိမ်းက ကုန်စင်အောင်မပျောက်။

သူငယ်ချင်းများက ပင်းတယ၌ငါးတန်းအောင်ကာ ကျောင်းပြောင်းလာပြီး သူတို့နှင့်ခြောက်တန်းအတူလာနေသော ကျွန်တော့်ကို စကားတွေအများကြီးပြောခိုင်းသည်။ အကြောင်းမှာ ဓနုလေသံမှာ သူတို့အဖို့ အထူးအဆန်းဖြစ်ကာ နားထောင်ကောင်းခြင်းကြောင့်ဟူ၍ဖြစ်သည်။

နောက်ပိုင်းမှာ ကျောင်းသူကျောင်းသားအတန်းဖော်များကသာမက ဆရာ၊ ဆရာမများသည်ပင်လျှင် ကျွန်တော့်ကို မကြာခဏဆိုသလို စာထဖတ်ပြခိုင်းတတ်သည်။ ကျွန်တော့်စာဖတ်ပုံကို သဘောကျ၍ ဖြစ်သည်။ ကျွန်တော်၏ ဓနုသံဝဲသော ဗမာသံ မပီကလာ ပီကလာသည် မိုင်းပျဉ်းမှာတော့ အထူးအဆန်းတစ်ခုလို ဖြစ်နေခဲ့သည်။

စာစီစာကုံးပြိုင်ပွဲများ၌ မလွတ်တမ်းပြိုင်တတ်သော စာရေးဆရာလောင်း ကျွန်တော်သည် ဆုတစ်ခုမဟုတ်တစ်ခုကတော့ ရသည်သာပဲ ဖြစ်သည်။

ပင်းတယမှာနေစဉ်ကပင် သိုင်းဝတ္ထုများပါမကျန် စာမှန်သမျှ အကုန်ဖတ်သော ကျွန်တော့်အဖို့ မိုင်းပျဉ်းရောက်စမှာပင် ရတနာသိုက်နှင့်ဆုံလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းက ကျောင်းသားကျောင်းသူများအနေဖြင့် ပြန်/ဆက်၌ Member ကဒ်များပြုလုပ်ကာ စာအုပ်ငှားယူခွင့်ကို ကျောင်းမှစီစဉ်ပေးသောကြောင့် ဖြစ်သည်။

စာဖတ်ရာ၌ လောဘကြီးသော ကျွန်တော်က ပြန်/ဆက်မှ စာပေပေါင်းစုံကို တစ်နေ့တစ်အုပ် ငှားဖတ်ရုံသာမက အပြင်စာအုပ်ဆိုင်များမှလည်း လက်လှမ်းမီသလို ငှားဖတ်သေးသည်။

စာမေးပွဲများ၌ အဆင့်တစ်ကိုသာ ရအောင်ကြိုးစားသော ကျွန်တော်သည် ပြင်ပမှစာအုပ်များကိုလည်း စာမေးပွဲဖြေခါနီးအထိ အဖတ်မပျက်။ အဖေတို့တားသည့်ကြားကပင် ခိုးဖတ်ခဲ့သည်သာ ဖြစ်သည်။

ဘီလူးသရဲစီးသလို စာဖတ်ကြမ်းသော ကျွန်တော်က ထိုအချိန်ကတည်းကပင် ကဗျာရေးသောပိုး ကြီးထွားသည်ထက်ကြီးထွားအောင် ကြိုးစားသလို ဖြစ်ခဲ့သည်ထင်သည်။

ကဗျာပြိုင်ပွဲ၊ စာစီစာကုံး ပြိုင်ပွဲများ ဝင်ပြိုင်တိုင်း ကျွန်တော်သည် နောက်ဆုံးမှထွက်ခဲ့ရသည်ချည်းသာ။ ကဗျာရေးရာ၌ စာရေးရာ၌ ဝသွားအီသွားသည်ဟူ၍ မရှိ။ လောဘကြီးသည်။

ထို့အတူ စာဖတ်ရာ၌လည်း အရိုက်ခံရ၊ အဆူခံရသည်ကို မမှုဘဲ မိုးလင်းမိုးချုပ် ဇွဲကြီးခဲ့သည်။ အိမ်နှင့်သုံးမိုင်ခန့်ဝေးသော စာအုပ်ဆိုင်များမှ စာအုပ်တို့ကို ခြေလျင်လျှောက်ကာ ငှားပြီး အမြဲဘျွန်တော်ဖတ်သည်။ သူတဖြစ်ဖြစ်၊ ရသဖြစ်ဖြစ် ကျွန်တော့်အဖို့ စာအုပ်တိုင်းသည် ခုံခုံမင်မင်၊ စိုစိုမက်မက် ဖတ်ချင်စရာတွေချည်း ဖြစ်ခဲ့သည်။

ဖတ်ရုံနဲ့တင်အားမရ ကလောင်သွေးချင်စိတ်တို့ပင် ဖြစ်နေခဲ့သော ကျွန်တော်။ ထိုစဉ်က မဂ္ဂဇင်းများ၏လိပ်စာကို ကူးထားရသည်ကလည်း ကျွန်တော့်အဖို့ အလုပ်တစ်ခုပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်တန်း၊ ခုနစ်တန်း၌ ကျွန်တော် အများဆုံးရေးဖြစ်ခဲ့သည်က ‘ကဗျာ’ များသာ ဖြစ်သည်။

ဝတ္ထုတိုကို ပထမဆုံးစရေးဖြစ်သည်။ ကိုးတန်းနှစ် (၁၅) နှစ်သားအရွယ်၌ ဖြစ်သည်။

ဂုင်းကိုးတန်းနှစ်သည် ကျွန်တော့်အဖို့ စင်ပေါ်၌ပထမဆုံး သီချင်းတက်ဆိုဖူးသောနှစ် ဖြစ်သကဲ့သို့ ကဗျာ၊ ဝတ္ထုအများဆုံးရေး ဖြစ်သော နှစ်ဖြစ်သည်။

မှတ်မှတ်ရရ ကျွန်တော် စင်ပေါ်တက်ဆိုခဲ့သော သီချင်းက ‘ကိုင်ဇာ’၏ ‘တစ်သက်လုံးပဲ သတိရနေမယ်’ ဟူသော သီချင်း။

www.burmeseclassic.com

www.burmeseclassic.com



မိုင်းပျဉ်း၏ ချစ်စရာအကောင်းဆုံးအချက်များအနက် ဂီတ တို အားပေးခြင်းသည်လည်း အပါအဝင်ဖြစ်သည်။ ကျောင်းသား များကို စာပေဘာသာရပ်များ၌ ထူးချွန်အောင် သင်ကြားပေးသကဲ့ သို့ အားကစားပွဲများကိုလည်း ဝါ၊ စိမ်း၊ နီ၊ ပြာ ခွဲကာ အားကစား နည်းမျိုးစုံတို့ကို ကျင်းပပေးသည်။ ကျောင်းစာပေ၊ အားကစား၊ ဂီတ၊ အနုပညာတို့ကို ဟန်ချက်ညီညီ သင်ကြားပြသပြုစုပျိုးထောင်ပေး သော အ. ထ. က မိုင်းပျဉ်း၏ အာစရိယပူဇော်ပွဲများ၌ တစ်ခန်းရပ် ပြဇာတ်များ၊ ဂီတဖျော်ဖြေမှုများကိုလည်း အတန်းအလိုက် ဖျော်ဖြေ စေခဲ့သည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ AIDS ပညာပေး စသည်ဖြင့် တဖြာ၊ စာစီစာကုံးပြိုင်ပွဲများ ပြုလုပ်ပေးသလို ဟောပြောပွဲများကို လည်း ယင်းတို့နှင့် သက်ဆိုင်ရာအလိုက် ဟောပြောပို့ချပေးခဲ့သည်။

ကျွန်တော်၏ ထိုစဉ်က ကျောင်းသားဘဝသည် ကျောင်းစာ၌သာ ပိ၍နေသည်မဟုတ်ဘဲ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေပျော်ခဲ့သည်သာဖြစ်သည်။

'ကျောင်းနေပျော်၍ စာတော်ရမည်'ဟူသော ဆောင်ပုဒ်နှင့် အမှန်တကယ်ညီခဲ့သော ကျောင်း၌နေခဲ့သည့်သက်တမ်းတစ်လျှောက် ကိုးတန်းနှစ်သည် ကျွန်တော့်အဖို့ ပျော်စရာအကောင်းဆုံး နှစ်ဖြစ်ခဲ့သည်။

အစမ်းစာမေးပွဲဖြေပြီးချိန်၌ ကျောင်းသားများကျောင်းစာဖြင့် နှစ်ဝက်စာ နပန်းလုံးပြီးခါစအချိန်တွင် ပြုလုပ်ပေးသော အာစရိယပူဇော်ပွဲ၌ အတန်းပိုင်ဆရာက ကျောင်းသူကျောင်းသားအချို့ကို ပြဇာတ်ကရန် ရွေးထုတ်သည်။ အချို့သီချင်းဆိုချင်သူများကိုတော့ သီချင်းတိုက်၍ သီဆိုစေသည်။

ပြဇာတ်အတွက် ပြဇာတ်တိုက်ရန်အချိန်မှာ စာသင်ချိန်ပြင်ပ ကျောင်းဆင်းချိန်၌ ဖြစ်သကဲ့သို့ သီချင်းကိုလည်း ပွဲရက်နီးမှ တိုက်ပေးခြင်းဖြစ်သည်မို့ ကျောင်းသူကျောင်းသားများ စာသင်မပျက်ခဲ့ကြ။

ပြဇာတ်ကိုရေးပေးသူမှာ ဆရာစိုင်းခမ်းလီဖြစ်သည်။ အတီးရော အဆိုပါကောင်းသောဆရာသည် ကဗျာ၌လည်း အသင်ကောင်းသူဖြစ်သည်။ ကဗျာသင်ရာ၌ ကျောင်းသင်ရိုးညွှန်းတမ်းအပြင် အချိန်ရပါက ခေတ်ပေါ်ကဗျာများ၏ ဆန်းသစ်မှု၊ ရွှေ့လျားလာမှုတို့ကိုပါ မြည်းစမ်းတတ်အောင် သင်ပေးခဲ့သူဖြစ်သည်။

ကျွန်တော်တို့ သီချင်းတိုက်ရသည့်နေရာက သင်္ချာဆရာမ ဒေါ်နန်းဟွမ်နွမ်း၏အိမ်တွင် ဖြစ်သည်။ ဆရာမကား ကျောင်းဆရာမ ဖြစ်သကဲ့သို့ အခြားတစ်ဖက်၌လည်း သီချင်းခွေများ ထုတ်ဖူးသော ရှမ်းတေးသီချင်းအဆိုတော်ဖြစ်သည်။

ကျွန်တော် ဆယ်တန်းနှစ်မှာထုတ်သော ဆရာမ၏ ရှမ်းသီချင်းခွေ၌ပါသော သီချင်းတစ်ပုဒ်မှာ ဖြိုးကြီး၏ နာမည်ကျော်



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဖြစ်သော 'အထည်ကြီးပျက်' သီချင်းနှင့် သံစဉ်အတူတူပင်ဖြစ်သည်။ ရှမ်းစာသားဖြင့် သီဆိုသော ကော်ပီသီချင်းဖြစ်သည်။ မြူးကြွဘာ နားထောင်ကောင်းသော ၎င်းရှမ်းသီချင်းမှ ရှမ်းစာသားအချို့ကို အခုထိ ကျွန်တော် မှတ်မိနေသေးသည်။

ဆရာမသည် အသံအလွန်ကောင်းသော ရှမ်းအဆိုတော်တစ်ဦးဖြစ်သည့်အလျောက် ကိုယ်ပိုင်တီးဝိုင်းတစ်ခုကိုလည်း ပိုင်ဆိုင်သည်။

အာစရိယပူဇော်ပွဲ၌ သီချင်းဆိုမည့် ကျောင်းသူကျောင်းသားစာရင်းနှင့် ၎င်းတို့သီဆိုမည့် သီချင်းများကို ကောက်သူမှာ သူငယ်ချင်း နန်းမိုခမ်းဖြစ်သည်။

ကျွန်တော်တို့ ကိုးတန်း၌ သီချင်းဆိုမည့်သူက သိပ်တော့ မွေ့လှ။ ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေ၌ သီချင်းတိုက်မည်ဖြစ်ကြောင်း သူငယ်ချင်းဖြစ်သူက ဆိုသည်။ အချိန်ကား ည (၈)နာရီ။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးတိုက်ရသည့် သီချင်းက ကျွန်တော်တို့သူငယ်ချင်းအုပ်စုဆိုမည့် Group Song ဖြစ်သည်။ 'မြတ်ဆရာ' သီချင်းဖြစ်သည်။ အာစရိယပူဇော်ပွဲ၏ အဖွင့်သီချင်းဖြစ်သည်။အပိတ်သီချင်းကတော့ အင်္ဂလိပ်သီချင်းတစ်ပုဒ်ဖြစ်ကာ ပါလေရာဖြစ်သော ကျွန်တော်က အဖွင့်သီချင်းရော၊ အပိတ်သီချင်းမှာသာပါရုံမက တစ်ကိုယ်တော်အနေနှင့် ကိုင်ဇာသီချင်းကိုလည်း ဆိုဦးမည်ဖြစ်သည်။

သီချင်းတိုက်ရသည်မှာ ပျော်စရာကောင်းသည်။ တီးဝိုင်းကို ဆရာဦးစိုင်းထွန်းစိန်၊ ဆရာဦးစိုင်းခမ်းလိတို့ ဦးဆောင်၍တီးကြသည်။ ကျွန်တော်တို့အဖွင့်သီချင်း အဖွဲ့လိုက်သီချင်းတိုက်အပြီးမှာ အပိတ်သီချင်းဖြစ်သော 'Good bye' သီချင်းကို နောက်တစ်ဖွဲ့က တိုက်သည်။ ထိုအဖွဲ့၌လည်း ကျွန်တော်ပါသည်။ ပြီး တစ်ဦးချင်းစီ၏ သီချင်းများကို တိုက်သည်။

မှတ်မှတ်ရရ ဇေဇေထိုက်ဆိုသော သူငယ်ချင်းက မာရှ၏ 'ဇာတ်လမ်းတွေဖြတ်ပေး' ကို တိုက်သည်။ ဘေးမှလိုက်ဆိုသော ကျွန်တော်တို့၏ အသံများက ဆူညံသည်မို့ ကျွန်တော်ကပင်ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com


လုပ်ကာ တိတ်တိတ်နေရန်လိုက်မာန်သည်။ နန်းမိုခမ်းက 'ဒေါ်သစိတ်လေး . .' ဆိုသော နွဲ့ယဉ်ဝင်းသီချင်း။ တစ်ယောက်ပြီးတစ်ယောက်တိုက်ရင်းနှင့် ကျွန်တော့်အလှည့်သို့ ရောက်လို့လာသည်။

"နှမောင်မြင့်နိုင်ထွေးရဲ့ တစ်သက်လုံးပဲ သတိရနေမယ်ဖြစ်ပါတယ် . . ."

ဝုန်းခနဲ ကျွန်တော့်ဒူးတွေ တဆတ်ဆတ်တုန်လာသည်။ ရင်ကလည်း တဖျတ်ဖျတ်ခုန်ကာနေသည်။ တစ်သက်နှင့်တစ်ကိုယ် တီးဝိုင်းနှင့်မိုက်ခရိုဖုန်းကိုင်ကာ မဆိုဖူးသည်မို့ လူက ကတုန်ကရင်ကြီးဖြစ်ကာနေသည်။

တွန့်ဆုတ် တွန့်ဆုတ်လုပ်နေသော ကျွန်တော့်ကို သူငယ်ချင်းနှစ်ယောက်က ဘယ်ညာတစ်ဖက်စီဆွဲကာ မိုက် Stand ရှိရာကိုခေါ်သွားသည်။

ဆရာ ဦးစိုင်းထွန်းစိန်က သီချင်း၏ Intro ကို စဆိုရမည့်နေရာမှာ ခေါင်းကိုညိတ်ပြသည်။

"အတူနေရန် အခွင့်အရေးဟာ xxxx ဘဝပေးတဲ့ ကုသိုလ်ပါ xxx တို့တတွေ xxx တစ်သက်လုံးပဲ ချစ်ကြမှာ xxx"

ကျွန်တော့်သီချင်းဆိုသံအဆုံးမှာ ဆရာက ဂစ်တာကြီးကိုင်ပြီး တဟားဟားနှင့်ရယ်သည်။ ဘော်ဒါများကလည်း တဝါးဝါးဖြင့်ရယ်သည်။ ကျွန်တော်ဆိုလိုက်သော သီချင်းက သီချင်းရှိရင်းစွဲထက် သံစဉ်ထက် အလွန်မြန်နေသောကြောင့် ဖြစ်သည်။ မြန်သည်ဆိုရာ၌နောက်က ကျားလိုက်သလို မြန်ခြင်းဖြစ်သည်။ စည်းကိုက်ဝါးကိုက်မရှိ။

ဆရာက သီချင်းအနှေးအမြန်ကို ကိုယ်တိုင်ဆိုရင်း ဂစ်တာတီးပြသည်။ ပြီး 'ရပြီလား' ဟု ဆိုသည်။ ကျွန်တော် အံကိုကြိတ်ကာခေါင်းညိတ်ပြလိုက်သည်။ ဆရာတို့က သီချင်း၏ Introကို စတီးသည်။


www.burmeseclassic.com

www.burmeseclassic.com



'အဆင်ပြေမှ ပြေပါ့မလား' ဟူသော အတွေးတို့နှင့် ကျွန်တော်ချွေးပျံကာလာသည်။ ရင်ခုန်မှုရော၊ ဒူးတုန်မှုပါပေါင်းပြီး လူက ကတုန်ကရင်ဖြစ်ကာနေသည်။ 'အဆိုတော် ဖြစ်ချင်တဲ့ကောင် က ဒီလိုတုန်လှုပ်နေလို့ဖြစ်ပါ့မလား . .' ဟု ကိုယ့်ကိုယ်ကိုယ် အားပေးရင်း စိတ်တို့ကို ပြန်စုစည်းသည်။ ဆရာက သီချင်းစဆိုနိုင်ရန် ခေါင်းကို သံစဉ်အလိုက် ညိတ်ပြသည်။

"အတူနေရန် အခွင့်အရေးဟာ ××× ဘဝပေးတဲ့ကံသိုလ်ပါ ××× တို့တတွေ တစ်သက်လုံးပဲ ချစ်ကြမှာ ××× ပျော်ရွှင်စရာ ဘဝလေးနဲ့ ဝေးခဲ့ချိန် နောက်ပိုင်းမှာ ××× အချစ်ဆုံးလေးကို တစ်သက်လုံးပဲ သတိရနေမယ် ××× ရင်ထဲမှာ ×××"

ဒူးခပ်တုန်တုန်၊ ရင်ခပ်ခုန်ခုန်ဖြင့် ဆိုလိုက်ရင်းနှင့် သီချင်းတစ်ပုဒ်လုံးပြီးကာ သွားသည်။ သူငယ်ချင်းများက လက်ခုပ်တွေ ဝိုင်းတီးပေးကြသည်။ ဆရာက OK ဟု လက်မထောင်ပြသည်။

မိုက်ခရိုဖုန်းကို Stand မှာ ပြန်တပ်ရင်း ကိုယ့်ကိုယ်ကိုယ် အတော်ကြီး ဘဝင်လေဟပ်သွားရသည်။ နှစ်ခါတိုက်ရသည်ဆိုသော်လည်း အခြားလူများလို အခါခါ မတိုက်ရခြင်းအတွက် ကြံဖန်ကာ ကျေနပ်နေဖြစ်သည်။

"ငါ့ အသံက ဘယ်လိုလဲကွ . . ."

အနီးမှာရှိနေသော သူငယ်ချင်းစိုင်းဆန်ဝုန်းနှင့်မောင်မောင်ကို လှမ်းမေးသည်။

"ကလေးသံလည်း မကဘူး . . လူကြီးသံလည်း မကျဘူးကွ"

သူငယ်ချင်း၏အဆိုကြောင့် ကျွန်တော်ရှက်ရှက်ဖြင့်ရယ်ဖြစ်သည်။ ဟုတ်တော့လည်းဟုတ်သည်။ မြီးကောင်ပေါက်ဖြစ်သော ကျွန်တော်၏လူပျိုပေါက်စအသံက ဩတောတောကြီးဖြစ်ကာနေသည်။ ဘော်ဒါပြောသလို ကလေးသံလည်းမက လူကြီးသံလည်း မကျ

www.burmeseclassic.com



မိုင်းပျဉ်းသို့ရောက်ပြီး မကြာမီမှာပင် တစ်အိမ်သားလုံး အလှည့်ကျငှက်ဖျားဖျားကြ၊ နာကြဖြင့် ထိုအချိန်က အဖေ့လစာ တစ်ထောင်စွန်းစွန်းသည် ဆေးဖိုးငါးခပင် မလောက်။ စားစရိတ်၊ နေစရိတ်တို့အတွက်မူ ပါလာသော ရွှေတို့ကို ထုခွဲရောင်းချကာ ဖြေရှင်းရသည်။

အမေ့တွင်ပါလာသမျှသော ရွှေတို့ပြောင်လုလုနီးနီးအချိန်တွင် မိတ်ဆွေတစ်ဦး၏ အကြံပေးချက်အရ အမေဈေးထွက်ရောင်းသည်။ မိုင်းပျဉ်းဈေးသည် တစ်နေကုန်ဈေးမဟုတ်။ နံနက်ခင်း (၅) နာရီခွဲခန့်မှစတင်ကာ ခုနစ်နာရီခွဲခန့်အထိသာ ရောင်းချသောနေ့စဉ်ဈေးဖြစ်သည်။ (၈)နာရီခန့်ဆိုလျှင် ဆိုင်သိမ်းသောဈေးသည်များမှ အပဈေးဝယ်မရှိတော့။ ခြောက်နာရီမှ ခုနစ်နာရီလောက်အထိ ဝုန်းခနဲ လူကျသည်နှင့် လက်မလည်အောင် ရောင်းရတတ်သည်။

ကျွန်တော် ကိုးတန်းနှစ်မှာ စင်ပေါ်တက်၍ သီချင်းဆိုရမည်ကို သိသော အမေက ကျွန်တော့်ကို Class 7 စပို့ရှပ်လက်ရှည်တစ်ထည်နှင့် PUMA ဂျင်းဘောင်းဘီတစ်ထည်ဝယ်ပေးသည်။ အင်္ကျီနှင့်ဘောင်းဘီနှစ်ထည်ကို နှစ်ထောင်ကျော်ခန့် ကျသည်။



www.burmeseclassic.com

www.burmeseclassic.com



'တိုက်ပြာ' ဟု ကျွန်တော်တို့ အလွယ်တကူခေါ်သော အပြာရောင်ဆေးသုတ်ထားသော တိုက်အိမ်၌ဖွင့်ထားသော အင်္ကျီဆိုင်မှ နောက်ဆုံးပေါ်တို့ကို ခေတ်မီသောအမေက ဝယ်ပေးခဲ့သည်ကို အဖေကတော့ ဆူသည်။

"မင်းကွာ . . ကလေးကိုများ ဒီလောက်ဈေးကြီးတာတွေ ဆင်ရသလားကွ . . . သူ့အင်္ကျီဘောင်းဘီတစ်စုံဖိုးက ငါ့လစာ နှစ်လစာလောက်ရှိတယ် . . ."

ဟုတ်တော့လည်း ဟုတ်သည်။ ထိုအချိန်က Class 7 တစ်ထည်ကို ၁၂၀ဝိ/ပေးရသည်။ တော်တန်ရုံ လူလတ်တန်းစားတို့ မဝယ်ဝတ်နိုင်သော ဈေးနှုန်းဖြစ်သည်။ အရာရှိဖြစ်သော အဖေ့မှာပင်မရှိ။ မရှိဆို ယင်းအင်္ကျီတစ်ထည်၏တန်ဖိုးသည် အဖေ့တစ်လစာမို့ ငွေကောက်ရလည်း အဖေကတော့ ဝယ်ဝတ်မည်မဟုတ်။ ထိုစဉ်က ရွှေတစ်ကျပ်သားမှ နှစ်သောင်းခွဲပင် မရှိတတ်သေး။ နှစ်သောင်းဝန်းကျင်လောက်သာ ရှိသေးသည်။

အမေ့ကုန်စုံဆိုင်၏ကျေးဇူးကြောင့် ငှက်ဖျားဖျားတိုင်း ဆေးအကြွေးထိုးနေရာက ဆေးကို လက်ငင်းထိုးနိုင်လာသည်။ အခုလည်း စင်ပေါ်မှာ တန်ဖိုးကြီး အဝတ်အစားတို့ဖြင့် သီချင်းဆိုနိုင်ရန် အမေ စီစဉ်ပေးနိုင်ခဲ့သည်။

အဖေကမူ 'သီချင်းဆိုတဲ့ အလုပ်က ငွေကုန်သံပြာ အလုပ်ပါကွာ . . မင်းသီချင်းဆိုတာ ငွေလည်းကုန်သေးတယ် . . အသံလည်း ပြာဦးမယ် . .' ဟု ထောမနာပြုသည်။

အာစရိယပူဇော်ပွဲ၏ ကန်တော့ပွဲကို နေ့ခင်းပိုင်းတွင်လုပ်ပြီး ဖျော်ဖြေပွဲကိုတော့ ညနေခင်းပိုင်းမှာ စတင်သည်။

ကြားဖူးနားဝများဖြင့် အဆီအဆိမ့်တို့ကို ခပ်တည်တည်ဖြင့် ကျွန်တော် ရှောင်သည်။ ပွဲချိန်နီးလေ ရေသောက်လေဖြင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်ချောင်းကို ရှင်းသည်။

ပွဲစခါနီးစချိန်တွင် အတန်းပိုင်ဆရာ ဆရာဦးစိုင်းလောင်းက အဖွင့်သီချင်းဆိုမည့် ကျွန်တော်တို့အုပ်စုကို ဖျော်ဖြေရေးခန်းမဆီ စုစုရုံးရုံးရှိကြဖို့ ခေါ်သြသည်။ ကျွန်တော်တို့အားလုံး စင်ပေါ်တက်ရန်အတွက် ရင်တွေခုန်ကာ ဒူးတွေတုန်နေကြသည်။

"ဟကောင် မြင့်နိုင်ထွေး . . မင်း . . ဒူးမတုန်ဘူးလားကွ"

"တုန်တာပေါ့ကွ . . ရင်လည်းပဲ တုန်နေတယ် . . ရေ ဘယ်လောက်သောက်သောက် အာကလည်း ခြောက်နေသေးတယ် . ."

စိုင်းမျိုးတင့်၏အဖြေကို ပြန်ဖြေသော ကျွန်တော့်ကို စိန်ဝင်းတို့ ထိန်ဝင်းတို့၊ ကျော်မင်းညိုတို့က ရယ်ကြသည်။ နန်းဆမ်ဟွမ်တို့ နန်းကျောက်သန်းတို့က ကျွန်တော့်ကိုလှမ်း၍ မျက်စောင်းထိုးသည်။

"ဒူးတုန်တယ် ဆိုပေမယ့် နင်တို့က ယောကျ်ားလေးတွေ . . . နောက်မှာ ရပ်ရမှာ . . ရှေ့တန်းမှာ ရပ်ရမယ့် ငါတို့မိန်းကလေးတွေ ဒူးတုန်ဖို့လည်း ထားဦး . . ."

"တိတ်တိတ်နေကြစမ်း . . နင်တို့ ဆူညံနေတာနဲ့ ငါတို့ မင်းသားတွေပြဇာတ်ထဲမှာ ပြောရမယ့် ဒိုင်ယာလော့ခ်တွေ မေ့တော့မှာပဲ . . ."

ပြဇာတ်တွင် ဝတ်ဆင်ရမည့် အဝတ်အစားတို့နှင့် မြောက်ကြွ မြောက်ကြွဖြစ်နေသော စိုင်းအောင်ဝင်းတို့၊ တင်မောင်ဆွေတို့အဖွဲ့က ရယ်ကြဲကြဲဖြင့် ကျွန်တော်တို့အဖွဲ့ကို လှမ်းအော်သည်။

"အေးလေ . . သူတို့ လူကြမ်းမင်းသားတွေက . . နဂိုကမှ ဇာတ်တဲ့အထဲ နင်တို့အဆိုအုပ်စု ဆူညံတာနဲ့ ပိုမေ့တာမှာပဲ . . ကြားထဲကနေ ငါတို့မင်းသမီးတွေ နေရထိုင်ရခက်တယ် . . ."

သနပ်ခါးပါးကွက်ကြားကို ပါးပြင်အပြည့်ကွက်ထားသော ခင်ချောခိုင်တို့ ပြဇာတ်အုပ်စုက ရွတ်နောက်နောက်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပြဇာတ်တွင် မည်သူကမှ မင်းသားမဟုတ် သလို မည်သူကမှလည်း မင်းသမီးမဟုတ်။ ဆယ်တန်းစာမေးပွဲတွင် မိမိကိုယ်တိုင်က စာကြိုးစားပါမှ အောင်မြင်နိုင်မည်ဖြစ်ပြီး ဘိုးတော်တွေ၊ ပေဒင်ယတြာတွေ အားကိုး၍မရပုံကို သင်ခန်းစာပေးသော ဇာတ်လမ်းမှာ ကျောင်းသူကျောင်းသားများအဖြစ် သရုပ်ဆောင်ကြရမှာဖြစ်သည်။ အားလုံး သူ့နေရာနှင့်သူ အရေးကြီးသည်ချည်း ဖြစ်သည်။

သိပ်မကြာခင်မှာပင် အခမ်းအနားက စသည်။ အစီအစဉ်၏အဖွင့်သီချင်းကို ဆိုကြမည့် ကျွန်တော်တို့အုပ်စုက ကန့်လန့်ကာနောက်မှာတန်းစီကြသည်။ စင်ပေါ်သို့ အုပ်စုလိုက်တက်လာရသည်မို့ ဒူးတုန်သည်ဟု ဆိုသော်လည်း သိပ်တော့မတုန်လှ။

"အခုအချိန်ကစပြီး နဝမတန်းကျောင်းသူ ကျောင်းသားလေးများရဲ့ 'မြတ်ဆရာ' ဆိုတဲ့ အဖွင့်သီချင်းနဲ့ စတင်ဖျော်ဖြေပါ့မယ်ရှင် . . ."

ဆရာမဒေါ်နန်းဟွမ်နွမ်း၏ အစီအစဉ်ကြေညာမှုအဆုံးမှာ . . ကျွန်တော်တို့ရှေ့မှ လိုက်ကာ(ကန့်လန့်ကာ) နှစ်ခြမ်းက ဖြည်းဖြည်းချင်း ပွင့်သွားသည်။

စင်ရှေ့မှာ ခန်းမအပြည့်အားပေးနေသော ဌာနဆိုင်ရာများ၊ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသူကျောင်းသားနှင့် ရပ်မိရပ်ဖများ၏ လက်ခုပ်သံများက ဝေါခနဲ ထွက်လာသည်။

တီးဝိုင်းက သီချင်း၏ Intro ကိုစတီးသည်။ Group Song သီချင်းက တီးဝိုင်းနှင့်ရော ဂစ်တာနှင့်ပါ အကြိမ်ကြိမ်တိုက်ထားသည်မို့ အဆင်ပြေပြေပင် ပြီးသွား၏။ လက်ခုပ်သံများက တဝေါဝေါ။ သီချင်းဆိုပြီး စင်အောက်ကို လှေကားထစ်အတိုင်း မဆင်းဘဲ ခုန်ချသူက ခုန်ချဖြင့် ကျွန်တော်တို့အားလုံး ပျော်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



Group Song ပြီးနောက် တစ်ဦးချင်းအလိုက် ဖျော်ဖြေမှု တို့ စသည်။ တစ်ယောက်ပြီးတစ်ယောက် တက်ဆိုသွားကြသည်မှာ မြူးလို့နေသည်။ သိပ်မကြာမီ၌ အလှည့်ကျတော့မှာမို့ ကျွန်တော့် ရင်ခုန်သံတို့က မြန်သည်ထက်မြန်လာသည်။

"ငါ . . ဆိုရမှာတောင် ကြောက်လာပြီကွာ . . ဆရာမဆီ သွားပြီး မဆိုတော့ဘူးလို့ ပြောလိုက်မှနဲ့တူတယ် . . ."

ကယောင်ချောက်ချားဖြင့် ခေါင်းကိုကုတ်ရင်းဆိုသော ကျွန် တော့်စကားကြောင့် ဘော်ဒါများကို နားရင်းဝိုင်းအုပ်ကြသည်။

"ဘာမှမကြောက်နဲ့ . . မင်း စင်ပေါ်မတက်ရဲလို့ မဟုတ်လား"

"အေး . . ."

"ဘာမှ မပူနဲ့ . . ငါတို့ တွန်းတင်ပေးမယ် . . စင်ပေါ် ရောက်သွားရင် မင်း ဒူးတုန်တာရော . . ရင်ခုန်တာရောပါ . . မေ့ သွားပြီး ပျော်လာလိမ့်မယ် . . ."

စိုင်းစံပွင့်တို့အုပ်စု၏ အားပေးစကားကြောင့် ကျွန်တော် နည်းနည်းတော့ အားတက်လာသည်။

"ယခု ဖျော်ဖြေဖို့ အလှည့်ကျလာသူကတော့ နဝမတန်း ကျောင်းသား မောင်မြင့်နိုင်ထွေးဖြစ်ပါတယ် . . သီဆိုမယ့်သီချင်းက တော့ 'တစ်သက်လုံးပဲ သတိရနေမယ်' ဖြစ်ပါတယ် . . "

"ဟကောင် . . မင်းအလှည့်လေ . . . "

ကြောင်တောင်တောင်ကြီး ရပ်နေသော ကျွန်တော့်ကို ဘေး မှ ဘော်ဒါများက လှေကားဆီတွန်းလွှတ်သည်။

"ဘာမှမကြောက်နဲ့ . . သူ့ဟာသူ အဆင်ပြေသွားလိမ့်မယ် . . တက် . . တက် . . . "

စိုင်းဆန်ဝုန်းတို့၊ စိုင်းမျိုးတင့်တို့၏ စကားက ကျွန်တော့်နား ကြားတစ်ချက် မကြားတစ်ချက်။ ရင်တလှပ်လှပ်ဖြင့် စင်ပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်မှန်းမသိ ရောက်ကာသွားသည်။

အသိစိတ်ကို စုစည်းလိုက်ချိန်၌ မိုက်က လက်ထဲတွင် ရောက်နေပြီဖြစ်သည်။ ပြီး တီးဝိုင်းမှ Intro ကလည်း စတီးနေပြီဖြစ် သည်။

ကိုယ့်ကိုယ်ကိုယ် သတိထားမိတော့ ကျွန်တော့်ခြေထောက် များက သံစဉ်အလိုက် စည်းချက်လိုက်နေပြီဖြစ်သည်။ စင်ဘေးကို တစ်ချက်လှည့်ကြည့်တော့ ဘော်ဒါများက လက်မထောင်ပြသူပြ၊ ပူဖောင်းထောင်ပြသူပြနှင့် အားပေးနေကြသည်။ ဒူးတုန်မှု၊ ရင်ခုန်မှု တို့က အနည်းငယ်တော့ လျော့ပါးကာသွားသည်။

ပထမတစ်ပိုဒ်ကို အေးအေးဆေးဆေးပင် ဆို၍ပြီးသွား သည်။ ပြဿနာက အဲဒီမှာ စတာဖြစ်သည်။ သီချင်းဒုတိယပိုဒ်၏ အစကို ကျွန်တော် မမှတ်မိတော့။ စဉ်းစားလေ အမျက်ထွက်လေဖြင့် နောက်ဆုံးရှုတ်တရက် မသိစိတ်မှာပေါ်လာသော တတိယအပိုဒ်ကို မျက်လုံးစုံမှိတ်ကာ ဆိုပစ်လိုက်သည်။

တတိယအပိုဒ်ကိုဆိုနေရင်းမှတစ်ခါ ဒုတိယအပိုဒ်ကို သတိ ရကာလာသည်။ အားနားနာဖြင့် လိဒ်တီးနေသော ဆရာ့ဆီလှမ်း ကြည့်လိုက်တော့ ဆရာက 'အေးဆေးပဲ' ဆိုသော သဘောဖြင့် ခေါင်း ကိုညိတ်ပြသည်။

သို့နှင့် ခပ်တည်တည်ပင် ဒုတိယအပိုဒ်ကို ပြန်ဆိုပစ်လိုက် သည်။ သီချင်းဆိုနေစဉ်မှာ သူငယ်ချင်းများက ပူဖောင်းတက်ပေး သူပေး၊ ပန်းစည်းတက်ဆုချသူချဖြင့် ကျွန်တော့်မှာ ယူသာယူလိုက်ရ သော်လည်း ဘယ်သူတက်လို့ ဘာပေးမှန်းမသိ။ စိတ်ထဲ၌ သီချင်း စာသားမှားမည်ကို လည်းကောင်း၊ သီချင်းအဝင်အထွက်မှားမည်ကို လည်းကောင်း ကြောက်နေ၊ အာရုံစိုက်နေသောကြောင့် ဖြစ်သည်။

နောက်တော့ သီချင်းမှာ ကျွန်တော့်မှု(ဒ်)ကောင်းကောင်းဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ဒူးတုန်ခြင်း၊ ရင်ခုန်ခြင်းမရှိတော့။ သီချင်းဆိုရသည်ကို အာတွေ့လာသည်။ ဆို၍ကောင်းနေစဉ်မှာပင် သီချင်းက ပြီးဆုံးကာ သွားသည်။ လက်ခုပ်သံတွေ တစ်ထောကြီးကို ကျွန်တော် ကြားလိုက်ရသည်။

စင်ပေါ်မှနေ လှေကားထစ်အတိုင်း ဆင်းလာသော ကျွန်တော့်ကို သူငယ်ချင်းများက 'မြင့်နိုင်ထွေးကွ' ဟု အော်ရင်း လက်ခုပ်ဝိုင်းတီးကာ ကြိုနေကြသည်။ 'မင်းအသံက ကောင်းသားပဲကွ' ဟု ဆိုရင်း လက်မောင်းကို ခပ်ဖွဖွထိုးသူက ထိုးသည်။ ပြီး လက်ထဲမှ ပူဖောင်းများ ပန်းစည်းများကို 'ဝေး' ဟုအော်ရင်း ဝိုင်းလုနေကြသည်။ နောက်တစ်ယောက်သီချင်းဆိုလျှင် လက်ဆောင်ပေးရန်ဖြစ်သည်။

သီချင်းများဖြင့် ဖျော်ဖြေမှု၏တစ်ဝက်၌ တစ်ခန်းရပ်ပြဇာတ်ကို ကပြအသုံးတော်ခံသည်။

ဆယ်တန်းစာမေးပွဲတွင် ကိုယ့်အားကိုယ်ကိုးမှသာ စာမေးပွဲ၌ အောင်မြင်မှုအစစ်အမှန်ကို ရရှိမည်ဖြစ်ပြီး ဘိုးတော်ယောင်ယောင်၊ ဘာယောင်ယောင်များကို အားကိုးမိပါက ကျရှုံးတတ်ကြောင်းကို ဟာသနှောကာ သင်ခန်းစာပေး၍ ကပြရာ၌ ပရိသတ်များက တဝါးဝါးဖြင့် ပွဲကျနေကြသည်။

ပြဇာတ်ကိုရေးသားကာ ဇာတ်တိုက်ပေးသူ ဒါရိုက်တာကြီး ဆရာစိုင်းခမ်းလီက ပြုံးပြုံး ပြုံးပြုံးဖြင့် ပီတိကို စားကာနေသည်။

ပြဇာတ်အဆုံးမှာ ပရိသတ်များ၏ လက်ခုပ်သံတဖြောင်းဖြောင်းက ခန်းမအတွင်း ဝေစည်ကာသွားသည်။

ထို့နောက် တစ်ဦးချင်းဖျော်ဖြေမှု သုံးလေးပုဒ်ခန့် ဖျော်ဖြေအပြီး အခမ်းအနား၏ပိတ်ပွဲသီချင်းဖြစ်သော Good Bye သီချင်းကို Group Song အဖြစ် သီဆိုဖျော်ဖြေကာ အခမ်းအနားကို အဆုံးသတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မာတ်ပုံတွေ အမှတ်တရ ရိုက်ကြပြုကြ တစ်ယောက်ကို တစ်ယောက် စကြနောက်ကြဖြင့် အားလုံးပျော်နေကြသည်။

ထိုနေ့ကား မှတ်မှတ်ရရ ကျွန်တော်၏ ပထမဆုံးသော စင်ပေါ်၌ တစ်ယောက်တည်း သီချင်းတက်ဆိုဖူးသောနေ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းနှစ်သို့ရောက်သောအခါ ကျွန်တော်တို့ကျောင်းသားကျောင်းသူများအားလုံး စာကိုသာ သဲကြီးမဲကြီး နပန်းလုံးကြသည်။ အာစရိယပူဇော်ပွဲကိုလည်း ကန်တော့ပွဲတစ်ခုသာပြုလုပ်ပြီး ဖျော်ဖြေပွဲကို မလုပ်တော့။

(၉)တန်း၊ (၈)တန်းမှ ကျောင်းသားကျောင်းသူများကမူ ဖျော်ဖြေပွဲကို ကျွန်တော်တို့တုန်းကလိုပင် ဆင်နွှဲခွင့်ရကြသည်။

တကယ်တမ်းကျ (၁၀)တန်းနှစ်တွင် ကျွန်တော်ပင်းတယ၌ ပြန်နေရန် စီစဉ်ထားခဲ့သည်။ သို့သော် ကျွန်တော် (၉)တန်းနှစ်ကတည်းက မိုင်းပျဉ်းတွင် အတူနေသော အစ်ကိုနှစ်ယောက်က ပင်လောင်းသို့ တစ်ယောက်၊ ပင်းတယသို့ တစ်ယောက် ပြန်ပြောင်းသွားကြသည်မို့ အဖေ၊ အမေနှင့်ကျွန်တော် သုံးယောက်သာ ကျန်ရစ်သည်။ ကျွန်တော်ပါ ပင်းတယပြန်ပြောင်းလျှင် အမေ့ဆိုင်တွင် ကူရန် လူမရှိသည်တစ်ကြောင်း၊ ကျွန်တော့်အားစိတ်မချသည်ကတစ်ကြောင်းတို့ဖြင့် ကျွန်တော် ပြန်မပြောင်းဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



"(၁၀)တန်းအောင်ပြီးရင် မင်းတို့ဘာလုပ်မယ် စိတ်ကူးလဲ"

ကျွန်တော့်အမေးကို ဘော်ဒါများက တစ်ယောက်တစ်ပေါက်ဖြေကြသည်။ ယောက်ျားလေးသူငယ်ချင်းများက 'ဗိုလ်သင်တန်းတက်မည်၊ ကျောင်းဆရာလုပ်မည်၊ စီးပွားရေးလုပ်မည်' စသည်ဖြင့် ဝါသနာပါရာကို ဆိုကြသည်။ မိန်းကလေးများကလည်း ကျောင်းဆရာမ၊ နာ့စ်မ၊ ကုန်သည် စသည်ဖြင့် ဖြေကြသည်။

"နင်ကရော . . ."

သူငယ်ချင်းတစ်ယောက်က မေးခွန်းကို အစပြုသော ကျွန်တော့်ကို ပြန်မေးသည်။

"ငါက စာရေးဆရာဖြစ်ချင်တယ် . . အဆိုတော်လည်း ဖြစ်ချင်တယ် . ."

ကျွန်တော်၏ ရှက်ကိုးရှက်ကန်း မရဲတရဲအဖြေကြောင့် ဘော်ဒါတချို့က ဝါးခနဲ ရယ်သည်။

"လောဘကြီးလှချည်လား . . ."



www.burmeseclassic.com

www.burmeseclassic.com



ဘော်ဒါတစ်ယောက်က ကျွန်တော့်ပခုံးကို လှမ်းပုတ်ရင်း အရယ်တစ်ဝက်ဖြင့် နောက်သည်။

"အေး . . ငါလည်း ငါ့ကိုယ်ငါ လောဘကြီးတယ်လို့တော့ ထင်တယ် . . ဒါပေမယ့် ဖြစ်ချင်စိတ်ကလည်း တစ်ပိုင်းသေနေတော့ ဘယ်လိုလုပ်မလဲ . . ."

"မင်း အသက်ဘယ်လောက်ရှိပြီလဲ . ."

သူငယ်ချင်းတစ်ယောက်က ထမေးသည်။

"ဒီ နိုဝင်ဘာဆိုရင် (၁၆)နှစ်ပြည့်ပြီ . . . ဘာဖြစ်လို့လဲ"

ဖြေရင်းမှ ကျွန်တော် ပြန်မေးဖြစ်သည်။

"ဩော် . . ဒီလိုဖြစ်ချင်စိတ်ရှိနေရင် ဒီအသက်အရွယ်က တည်းက ကြိုးစားပေါ့ကွ . . နောက် နှစ်နှစ်၊ သုံးနှစ် ဒါမှမဟုတ် ငါးနှစ်ခြောက်နှစ်၊ ဒါမှမဟုတ်ရင်လည်း နောက်ဆယ်နှစ်မှာ မင်း ဖြစ်ချင်တာတွေ ဖြစ်မလာဘူးလို့ မပြောနိုင်ဘူး . . ဘာဖြစ်လို့လဲဆို တော့ မင်း အသက်က အခုမှ (၁၅)နှစ်ကျော်ကျော်ပဲ ရှိသေးတာ လေကွာ . .။ မင်းမှာ အချိန်တွေ အများကြီးရှိသေးတယ်။ ပြီးတော့ မင်းရဲ့အတိတ်ကံကလည်း ရှိသေးတယ်လေ။ ဖြစ်ချိန်တန်ရင်တော့ ဖြစ်မှာပါ . . ."

ဘော်ဒါတစ်ယောက်၏ အားပေးစကားက ကျွန်တော့်အ တွက်တော့ တကယ့်ကို အားဖြစ်စေခဲ့သည်။

မှတ်မှတ်ရရ . . ကျွန်တော် ဆယ်တန်းမဖြေမီမှာပင် အဖေ ပင်စင်ရသည်။ အဖေက ခြံနှင့်တိုက်ရှိပြီးဖြစ်သော ပင်းတယကို ပြန် လိုသည်။ အမေကမူ သက်သောင့်သက်သာဖြင့် စီးပွားရှာရလွယ်ကူ သော မိုင်းပျဉ်းမှာ ဆက်နေလိုသည်။ ကျွန်တော်ကတော့ ပင်းတယ ကို ပြန်ချင်သကဲ့သို့ မိုင်းပျဉ်းကိုလည်း မခွဲချင်။ ဘယ်မှာနေနေ ကျွန် တော့်အတွက်တော့ မထူးဟု ခံယူသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ပင်စင်ယူပြီးသော အဖေက ဗင်းတယကို ပြန်သည်။ ကုန်ကြွေးများ မပြတ်သေး . . ရစရာ၊ တောင်းစရာများ ရှိနေသေးသည်မို့ အမေနှင့်ကျွန်တော်က မိုင်းပျဉ်းမှာ ကျန်ရစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၈

မိုင်းပျဉ်းမှ ပင်းတယသို့ မပြန်ခင်ကြား၌ အမေနှင့်ညီ အစ်မလို ခင်သော အန်တီမြင့်တို့အိမ်ကို ကျွန်တော်တို့သားအမိ ပြောင်းနေကြသည်။

အန်တီမြင့်တို့အိမ်၌ အတော်ကောင်းသော ကက်ဆက်တစ်လုံးရှိသည်။ သီချင်းခွေများလည်း စုံသည်မို့ ကျွန်တော့်အတွက်တော့ တော်ကောင်းလှသည်။ တောင်ကြီးသားများဖြစ်သော ကိုဖိုးဇော်တို့၊ ကိုဖိုးရဲတို့၏အမေ၊ အန်တီမြင့်ကား ကျွန်တော်တို့သုံးယောက်သား ကက်ဆက်မည်မျှပင် ဖွင့်ဖွင့် ဘာမှမပြော။ အန်တီမြင့်၏တူဖြစ်သော ခေါင်မောင်က တောင်ကြီးမှပြန်လာတိုင်း သီချင်းခွေအသစ်များ ဝယ်လာတတ်သည်မို့ ကျွန်တော့်အတွက်တော့ မျောက်အုန်းသီးရသလို ဖြစ်ကာနေသည်။

ညဘက် ညဘက်၌ ငွေတောင်လက်ဖက်ရည်ဆိုင် သို့မဟုတ် စိန်ပန်းလက်ဖက်ရည်ဆိုင်သို့ သွားသွားထိုင်ကြရင်း သီချင်းနားထောင်ကြသည်။

သို့နှင့် ဆယ်တန်းစာမေးပွဲ အောင်စာရင်းထွက်ရန်လည်း တဖြည်းဖြည်းနှင့် နီးကပ်ကာလာသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၅၅

မနက်ဖြန်အောင်စာရင်းထွက်မည်မို့ ကျွန်တော် တော်တော်နှင့် အိပ်၍မပျော်။ မနက်စောစော နိုးနေမည်စိုး၍ တရုတ်သိုင်းဝတ္ထုတွေ တစ်ထပ်ကြီး ဖတ်ပြီးမှမပျော်ပျော်အောင် အိပ်ပစ်လိုက်သည်။ ဒါတောင် ညအတော်ကြီးနက်မှ ကျွန်တော် အိပ်ပျော်သည်။

အိပ်ပျော်သွားကာမှ အိပ်မက်တို့က အမျိုးမျိုးမက်သည်။ စာမေးပွဲကျသည်ဟု မက်လိုမက်၊ အောင်သည်ဟု မက်လိုမက်ဖြင့် ခဏ ခဏ နိုးကာနေသည်။

ဂုဏ်ထူးမထွက်ရင်သာနေမည်။ ကျတော့ မကျတန်ကောင်းဟု ကျွန်တော် စာမေးပွဲဖြေပြီးစဉ်ကတည်းက တွက်ဆထားပြီးဖြစ်သည်။

သို့သော် သေချာပေါက်ကျိန်းသေအောင်မည်ဟုတော့လည်း မတွက်ဆရဲ။ နိုးတစ်ဝက် အိပ်တစ်ဝက်ဖြင့် ကျွန်တော် အိပ်ပျော်ကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟကောင် . . ညီလေး . . ထ . . ထ စာမေးပွဲအောင် တယ်တဲ့ . . ."

ဝုန်းဆို ရင်ဘတ်တစ်ခုလုံး အပျော်တို့ပြည့်နှက် ရိုက်ခတ် သွားသည်။

"ဘယ်သူတွေ အောင်သေးလဲ . . ."

"မသိဘူး . . အောက်ထပ်က မပိုတို့ မလှုံတို့ သွားကြည့်ပေး ကြတာ . . သူတို့ကို သွားမေးကြည့် . . ."

ဝုန်းခနဲ ကျွန်တော် အိပ်ရာမှထပြေးဖြစ်သည်။ အိမ်အောက် ထပ်မှ ဒေါ်နက်၏ညီမနှစ်ဦးဖြစ်သော ကျောင်းဆရာမများဖြစ်သည့် မပိုတို့ မလှုံတို့က . .

"ဟဲ့ . . ညီလေး နင်လည်းအောင်တယ် . . . မူမူအောင် လည်း အောင်တယ် . ."

ဟု ဝမ်းသာအားရ ဆီး၍ဆိုသည်။

"ညီလေးရယ် . . ငါတို့မှာ ဘယ်သူတွေ အောင်လဲ သိချင် လို့ . . လေးနာရီကတည်းက နိုးနေတာ . . ."

"ဘယ်သူတွေ အောင်သေးလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . ငါတို့က နင်တို့လောက်ပဲ သိတာလေ . . သိချင်ရင် သွားကြည့်ပေါ့ . . အမလေး . . ငါတို့မှာကတော့ အိပ်လို့တောင် မပျော်ဘူး . . စာမေးပွဲဖြေထားတဲ့လူက အိပ်ရာထဲကတောင် မထဘူး . . ယောက်ျားလေးတွေများ အံ့သြပါ့ . ."

မပိုက မျက်စောင်းကြီးထိုးရင်း ဆိုသည်။ အန်တီမြင့်တို့ မိသားစုများရော နီးစပ်သူများကပါ ကျွန်တော့်ကိုညီလေးဟုခေါ်ကြသည်။ အကြောင်းက ကျွန်တော့်အမေကိုယ်တိုင်က ညီလေး ဟုခေါ်တတ်သောကြောင့်ဖြစ်သည်။

အခုထိလည်း ကျွန်တော့်ကို ညီလေးဟုခေါ်သည်။ ဘာကြောင့်ခေါ်မှန်းတော့ အစောပိုင်းက မသိခဲ့။ နောက်မှ ကျွန်တော့်အစ်ကိုများခေါ်သလို လိုက်ခေါ်ခဲ့မှန်းသိရသည်။ ထိုသို့ လိုက်ခေါ်ရင်းမှ နှုတ်ကျိုးသွားခြင်းဖြစ်သည်။

သူငယ်ချင်းတွေ ဘယ်သူတွေများ အောင်ကြပါလိမ့်ဟု သိချင်လာသည်မို့ မျက်နှာ ကမန်းကတန်းသစ်ကာ ကျောင်းဆီသို့ ကမူးရှူးထိုး သွားဖြစ်သည်။

မြို့ငယ်လေးမို့ မိုင်းပျဉ်း အ. ထ. ကကျောင်း၌ ဆယ်တန်းကျောင်းသူကျောင်းသားပေါင်း သုံးဆယ့်သုံးယောက်သာရှိပြီး စာမေးပွဲဖြေဆိုသူမှာ အပြင်ဖြေပါပေါင်းမှ ငါးဆယ်ခန့်သာရှိသည်။ ကျွန်တော်အောင်သည့် (၁၉၉၇) ခုနှစ်က စာမေးပွဲအောင်မြင်သူ စုစုပေါင်း (၉)ယောက်သာရှိသည်။ (၁၉၉၉) နောက်ပိုင်းမှာတော့ အောင်ချက်ရာခိုင်နှုန်းများ ပိုမိုကောင်းမွန်လာကြောင်း ကြားရသည်။

ဆယ်တန်းအောင်ပြီးပြီးချင်း ကျွန်တော် သင်ချင်သည့်အရာကိုစ၍ သင်ရန် ကျွန်တော်ကြိုးပမ်းသည်။ အခြားတော့မဟုတ်။ ဂစ်တာတီးသင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် မွေးနေ့၊ မွေးလ၊ မွေးရက် တစ်ထပ်တည်းတူသော သူငယ်ချင်းဖြစ်သူ မူမူအောင်၏အိမ်သို့ အမေခိုင်းသော ကိစ္စတစ်ခုဖြင့်သွားရာကစလို့ ထိုရောဂါပိုးက ငုပ်နေသယောင်ယောင် ရှိနေရာက ပြန်ထလာခြင်းဖြစ်သည်။

ကျွန်တော် ရောက်သွားတော့ မူမူအောင်က သူမတို့အိမ်ရှေ့ ခရန်တာ၌ ဂစ်တာတီးကာ သီချင်းတစ်ပုဒ်ကို ညည်းကာနေသည်။

"မောင်မောင်အူ . . နင်က အတော်ဟုတ်ပါလားဟ"

မူမူအောင်ကို ကျွန်တော်က တစ်ခါတစ်ရံ ပြောင်းပြန်လုပ်ပြီး မောင်မောင်အူဟု ခေါ်သည်။

"အေး . . ငါ ဂစ်တာတီးသင်နေတာဟ . . လာ . . ဘာကိစ္စလဲ . . ."

သူမက ဂစ်တာကို ပွေ့ထားရင်းက ဘာကိစ္စလဲဟု မေးသည်။

"နင့်အမေဆီ လာတာဟ . . ငါ့အမေလွှတ်လိုက်လို့ . . ."

"အမေ မရှိဘူးဟ . . ငါနဲ့ ငါ့မောင်လေးတွေပဲရှိတာ . .



www.burmeseclassic.com

www.burmeseclassic.com


ပြန်လာတော့မှာပါ . . ခဏ ထိုင်စောင့် . . လာ . . ထိုင် . . ဒါနဲ့ နင် ဂစ်တာတီးတတ်လား . . ."

"ဟင့်အင်း . . ."

ကျွန်တော် ရှက်ရှက်ဖြင့် ခေါင်းရမ်းပြဖြစ်သည်။

"သင်မလား . . ငါ သင်ပေးမယ် . . ."

နေရာတကာ ဆရာလုပ်ချင်သော မူမူအောင်က ဆိုသည်။ လက်ကွက်တစ်ကွက်မှ မသိသော ကျွန်တော်ကလည်း အစိပ်မတတ်ချင်ရှာ။ 'ကောင်းသားပဲ' ဟု ခေါင်းညိတ်ရင်း . . .

"အေး . . သင်မယ် . . အခု နင်သိသလောက် သင်ပေး"

ဂစ်တာကို သူမလက်ထဲမှနေ ဆတ်ခနဲယူရင်း ဆိုသော ကျွန်တော့်ကို မူမူအောင်က . . .

"ဟဲ့ . . ငါ့ဂစ်တာကိုဖြည်းဖြည်းကိုင် . . နင့်လက်ကလည်း ကြမ်းလိုက်တာ . . ."

ဟု သူမ ဂစ်တာကိုကြည့်ရင်း တသသဖြင့်ဆိုသည်။

ပြီး C ကော့ဒ်ကို ပြပြီး ကျွန်တော့်ကိုတီးခိုင်းသည်။

"ငါလည်း C ရယ်၊ Am ရယ်၊ D ရယ်၊ F ရယ်၊ G ရယ် လေးငါးခုပဲ ကိုင်တတ်သေးတာ။ ဒါပေမယ့် အဲဒီလောက်ရရင် သီချင်းတော်တော်များများတီးလို့ရပြီလို့ ပြောတယ်။ ရလား . . ဖိကိုင်နော် . . ."

"အေးပါ . . ."

"တီးကြည့် . . တစ်ချောင်းချင်းစီတီး . . ."

C ကော့ဒ်ကိုကိုင်ပြီး တီးလိုက်သော ကျွန်တော့်လက်သံက သာသာယာယာ ထွက်မလာ။

"ဖိကိုင်ပါဆို . . ဖိမကိုင်ရင် အသံမကြည်ဘူးဟဲ့ . . "

မူမူအောင်က ကျွန်တော့်ပခုံးကိုဖြန်းခနဲ အားမလို အားမရ


www.burmeseclassic.com

www.burmeseclassic.com



နိုက်ရင်းဆိုသည်။ အတော်ကြာသောအခါ လက်ကွက်များကို သူမ ပြသလို တီးရင်းနှင့်လက်တို့က အထိမခံနိုင်လောက်အောင် နာကာ လာသည်။

"အားပါးပါး . . နာတယ်ဟ . . ."

"အေး . . ငါ စသင်စကလည်း နာတာပဲ . . နာနာနဲ့ဖိကိုင် ပြီး တီးတော့ အခု အသားမာတက်သွားလို့ မနာတော့ဘူး . . ဒီမှာ တွေ့လား . . ."

မူမူအောင်က အသားမာတက်နေသော သူမ၏လက်ထိပ် များကို စိန်ပွင့်များပြသလိုပုံမျိုးနှင့် ဝင့်ကြွားစွာပြသည်။ ပြီး . . .

"နင်လည်း တစ်ပတ်ဆယ်ရက်ဆို ငါ့လို အသားမာတက်ပြီး နာတော့မှာမဟုတ်ဘူး . . ပြီးတော့ . . နင် ဂစ်တာတစ်လုံးဝယ် . . ဝယ်ထားလိုက်တော့ . . တီးဖြစ်သွားတယ်ဟ . . ."

"အေး . . တောင်ကြီးက မှာရင်ကောင်းမလား။ ကျိုင်းတုံ မှာရင်ကောင်းမလား . . ."

"ဘယ်ပဲမှာမှာဟာ . . ဂစ်တာရရင် ပြီးတာပဲ . . ."

ကျွန်တော့်အမေးကို မူမူအောင်က ထိုသို့ဆိုသည်။ မိုင်းပျဉ်း တာ မြို့ငယ်လေးမို့ ဂစ်တာဆိုင်မရှိ။ ကျိုင်းတုံ သို့မဟုတ် တောင်ကြီး တို့ လှမ်းမှာမှရမည်ဖြစ်သည်။

"ဒါနဲ့ . . နင် ကျောင်းကို ဒေးတက်မှာလား . . အဝေး သင်တက်မှာလား . . ."

"ဒေးတက်မယ်လို့တော့ စိတ်ကူးထားတယ် . . နင်ကော"

"အေး . . ငါလည်း ဒေးတက်မယ်လို့တော့ စိတ်ကူးတယ် . . နင့်ဟိုဒင်းကရော . . ."

"မသိဘူးဟ . . ."

မူမူအောင်၏ 'နင့်ဟိုဒင်း'ဟူသောအမေးကြောင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရှက်နှင့်ဖြင့် ခေါင်းရမ်းပြသည်။ (၂၇)ရက်၊ (၁၁)လပိုင်း၊ (၁၉၈၀)၌ တစ်ရက်တည်းမှာပင် အတူတူမွေးခဲ့သော မွေးရက်၊ လ၊ နှစ် တိုက်သည့် ကျွန်တော်တို့နှစ်ယောက်က ပြောမနာဆိုမနာများ ဖြစ်ကြသည်။ ကျွန်တော့်ကောင်မလေးနှင့်ပတ်သက်ပြီး ကျွန်တော်က အမြဲတိုင်ပင်သကဲ့သို့ သူမကလည်း သူမ၏ချစ်သူအကြောင်း ပြော ပြတတ်သည်။

ထိုနေ့ကား မှတ်မှတ်ရရ ဂစ်တာသင်ဖူးသောနေ့ဖြစ်သည်။ သို့သော် နောက်ရက်များ၌ အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်သွား မတီးဖြစ်တော့။ အမေက ပင်းတယပြန်ရန်အတွက် ပစ္စည်းကျန်၊ ကြွေးကျန်များ ပြတ်သလောက် ဖြတ်ပြီးပြီမို့ ပြန်ရန်စိုင်းပြင်းသည်။

တကယ်တမ်း မိုင်းပျဉ်းမြို့ကို ခွဲရတော့မည်ဟု ဆိုသော အခါ ကျွန်တော့်ရင်ထဲ၌ တစ်ဆို့ဆို့ကြီး ဖြစ်ကာနေသည်။

(၁၉၉၀) မှစ၍ (၁၉၉၇) အထိ နေ့တိုင်းနီးပါး ရေသွားသွား ကူးဖြစ်သော မိုင်းပျဉ်းချောင်းရေကြည်ကို ကျွန်တော် မခွဲချင်။ ပြီး ခုနစ်နှစ်ကြာ အတူခင်မင်ခဲ့သော သူငယ်ချင်းများ၊ မိတ်ဆွေများ၊ ဆရာ၊ ဆရာမများအားလုံးကို မခွဲရက်နိုင်ဘဲဖြစ်နေသည်။

ပင်းတယသို့ပြန်ရန် ရက်နီးကပ်လာလေလေ ကျွန်တော့် အဖို့ အနေရခက်လေလေဖြစ်သည်။ မွေးရပ်ဇာတိမို့ ပင်းတယသို့ ပြန်ချင်သကဲ့သို့ မွေးရပ်မြေမဟုတ်သော်လည်း ခုနစ်နှစ်လုံးလုံးနေခဲ့ သော မိုင်းပျဉ်းမြို့ကို ကျွန်တော့်ရင်ထဲသို့ အနက်ရှိုင်းဆုံး စွဲမြဲစွာ အမြစ်တွယ်သလို သံယောဇဉ်တို့ ဖြစ်နေပြီမို့ ကျွန်တော် အတော်ကြီး တုန်လှုပ်နေမိသည်။

ကျွန်တော်က ချစ်ရသော ကျွန်တော့်ကို ပြန်မချစ်သော ကောင်မလေး။ ပြီး . . ကျွန်တော်၏ သူငယ်ချင်းများ၊ အိမ်နီးနားချင်း မိတ်ဆွေများ။ ကျွန်တော် (၆)တန်းနှစ်မှစ၍ (၁၀)တန်းတိုင်အောင် ပညာရည်နို့ သောက်စို့ခဲ့သော ကျောင်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စာရေးဆရာတစ်ယောက် ဖြစ်ရာ၌ များစွာ အထောက်အကူဖြစ်ခဲ့သော စာအုပ်များရှိရာ ဝမ်းစာအချို့ဖြည့်ဆည်းပေးခဲ့သော စာကြည့်တိုက်။ အားလုံးကို တုန်လှုပ်စွာ၊ ရင်နာစွာဖြင့် (၁၉၉၇)၏ ရက်စွဲတစ်ခု၌ ကျွန်တော် ထားရစ်ခဲ့ရသည်။

မိုင်းပျဉ်းမှတောင်ကြီးသို့သွားကာ တောင်ကြီးမှနေပင်းတယသို့ ခရီးဆက်ရမည်ဖြစ်သည်။ မိုင်းပျဉ်းတောင်ကြီးကားပေါ်၌ မျက်ရည်တွေသုတ်လိုက်၊ ရှိုက်လိုက်ဖြင့် ပြန်ခဲ့သောခရီးကို ပြန်တွေးကြည့်သောအခါ မနေ့တစ်နေ့ကလို ရင်၌နာကျင်နေဆဲဖြစ်သည်။

မိုင်းပျဉ်းကို တစ်ခေါက်တော့ အလည်သွားဦးမည်ဟူသော စိတ်ကူးတို့သည် (၁၉၉၇)ခုနှစ်မှစ၍ မက်ခဲ့သော အိပ်မက်တစ်ခုသာ ဖြစ်နေခဲ့သည်။ ယခုထိ အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်မဖော်နိုင်ခဲ့သေး။

www.burmeseclassic.com

www.burmeseclassic.com



ပင်းတယ ပြန်ရောက်သည်နှင့် ကျွန်တော်ရေးထားသမျှ ကဗျာ၊ ဝတ္ထုတိုတို့ကို မဂ္ဂဇင်းတိုက်များများသို့ ပို့ဖြစ်သည်။ ပို့သာပို့ခဲ့သော်လည်း အရွေးမခံဖူးခဲ့။ (၁၉၉၈) ခုနှစ်၊ ကျွန်တော် (၁၇)နှစ်သားအရွယ်၌ ကျွန်တော့်အိမ်ဘေးမှ ဟိုတယ်၌ စားပွဲထိုးယောင်ယောင်၊ ဧည့်ကြိုယောင်ယောင်၊ Guide ယောင်ယောင်ဖြင့် ပင်းတယ၌ပင် အချိန်ကုန်သည်။

(၁၉၉၈)နှစ်ကုန်ပိုင်း၌ ဈေးရောင်းမည်ဟု စိတ်ကူးကာ ဟိုတယ်မှကျွန်တော်ထွက်သည်။ သို့သော် ဈေးမရောင်းဖြစ်။ ဟိုတယ်မှထွက်ပြီး နှစ်ရက်ခန့်အကြာတွင် အိမ်နီးနားချင်းဖြစ်သူ ကိုဇော်တင်က GTI ညကျောင်းဝင်ခွင့်လျှောက်လွှာတွေ ကျောင်းမှဝယ်လာပြီး လိုက်ဝေပေးနေသည်မို့ လျှောက်လွှာတစ်စောင်တောင်းကာ ဖြည့်ပြီး အေးသာယာ GTI မှာ လျှောက်ကြည့်ဖြစ်သည်။

တစ်လအကြာ၌ ကျောင်းတက်ရန်အကြောင်းကြားစာ ရောက်လာသည်။ ကျွန်တော် တက်ရမည့် လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ ဒီပလိုမာအတွက် တစ်အိမ်လုံးအလုပ်ရှုပ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



၉. ၂. ၁၉၉၉၌ တောင်ကြီးရေအေးကွင်းရပ်ရှိ အစ်ကို အကြီးဆုံးဆီသို့ ကျွန်တော်ရောက်သည်။

ကျောင်းတက်ရာတွင် ကျွန်တော်က အဆောင်နေပြီး တက်လိုသည်။ အဆောင်များကိုလည်း စုံစမ်းထားပြီးဖြစ်သည်။

အစ်ကိုအကြီးဆုံးက အဆောင်မှနေ၍ ကျောင်းအတက်မခံ။ အသက်(၁၈)နှစ်မျှသာ ရှိသေးသော ကျွန်တော့်အား ကိုယ်မနိုင်ဘဲ ပျက်စီးမည်စိုး၍ ဟုဆိုကာ သူ့အိမ်မှနေ ကျောင်းတက်စေသည်။

ကျွန်တော် တက်ရသည်က ညနေပိုင်းသင်တန်းမို့ တနင်္လာမှ သောကြာသို့ ညနေပိုင်း လေးနာရီမှ ညရှစ်နာရီအထိ တက်ရပြီး စနေ၊ တနင်္ဂနွေနှစ်ရက်ကိုမူ တစ်နေကုန်ကျောင်းတက်ရသည်။

"ငါ မသိလို့မေးပါဦးမယ် . . မင်းတို့ ညနေပိုင်းနဲ့ နေ့နဲ့ ဘာကွာလဲကွ . . ."

အစ်ကိုဖြစ်သူက ကျောင်းဖွင့်စ၌ ကျွန်တော့်ကိုမေးသည်။ ကျွန်တော် တက်နေရသည်က Evening Couse ညနေပိုင်းဒီပလိုမာ (EGTI)၊ နေ့ (ဒေး) တက်ရသော သူများရရှိမည့် ဒီပလိုမာကား AGTI။ ရသောဒီပလိုမာချင်းတူသော်လည်း GTI ၏ရှေ့၌ E နှင့် A ကွဲသည်။ အစ်ကိုဖြစ်သူကိုရှင်းပြရသည်။

"စာသင်တာကျတော့ရောကွာ . . ."

"အင်း . . သင်ရိုးညွှန်းတမ်းတွေကတော့ အားလုံးအတူတူပဲ။ ဒီသင်ရိုးညွှန်းတမ်းကို ဒီ ဆရာ၊ ဆရာမကပဲ ဒီကျောင်းမှာသင်တယ်။ ဆိုလိုတာက ဥပမာ-သင်ရိုးညွှန်းတမ်းက A.B.C.D ဆိုပါစို့။ အဲဒီ သင်ရိုးကိုပဲ ဆရာ၊ ဆရာမတွေက ဒေးကျောင်းသားတွေကို နေ့မှာသင်တယ်။ အဲဒီဆရာမတွေကပဲ အဲဒီသင်ရိုးကို ညနေပိုင်းကျောင်းသားတွေကို ညမှာသင်ပေးတယ်။ အားလုံးအတူတူပါပဲ။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူတို့ ဒေးကျောင်းသားတွေရဲ့ ဝင်ခွင့်အမှတ်က ကျွန်တော်တို့ ညနေပိုင်း သင်တန်းသားတွေရဲ့ ဝင်ခွင့်အမှတ်ထက် မြင့်တယ်။ ဒါပေမယ့် ကျွန်တော်တို့ ညနေပိုင်းသင်တန်းသားတွေထဲမှာလည်း ဒေးအမှတ်ကို မီတဲ့လူ သုံးပုံတစ်ပုံလောက်ပါတယ်။

သူတို့က နေ့ခင်းပိုင်းမှာ မအားလို့ ညနေပိုင်းသင်တန်းကို တက်ကြတာ။ တချို့ကျတော့လည်း အစိုးရဝန်ထမ်းတွေပါတယ်။ ရာထူးတိုးဖြေဖို့ ဒီပလိုမာလက်မှတ်လိုတော့ ဒီသင်တန်းကိုတက်ကြတာ။ ရုံးချိန်ပြင်ပဆိုတော့ ဝန်ထမ်းတွေအတွက်လည်း အဆင်ပြေတာကိုး . ."

"သင်တန်းကြေးကျတော့ရော . . ."

"သင်တန်းကြေးကတော့ ခုနစ်ဆနီးပါးလောက်ကွာတယ်။ ဒေးကျောင်းလစာက သုံးရာပဲ။ ကျွန်တော်တို့ ညနေပိုင်းက နှစ်ထောင်။ ကျွန်တော်တို့ကိုကျတော့ ညပိုင်းသင်ရတာဆိုတော့ မီးတွေဘာတွေ ထွန်းပြီး သင်ရတာ။ စာသင်ဆောင်တွေရဲ့ မီးတွေအကုန်ဖွင့်သုံးရတာကို မနည်းဘူး။ ကျောင်းလခပိုဆို စွမ်းအင်သုံးတာလည်း ပိုတာကိုး . . ."

ကျွန်တော့်အစ်ကိုက ကျွန်တော့်အဖြေကို ခေါင်းညိတ်သည်။

"ဒီ ညနေပိုင်းသင်တန်းက (၁၉၉၈) ကတည်းက ခေါ်တာ။ အသက်နှစ်ဆယ့်နှစ် မပြည့်သေးတဲ့ သတ်မှတ်အရည်အချင်းမီတဲ့ လူတွေ အကုန်တက်လို့ရတယ်။ ကျွန်တော်က ရှေ့နှစ်တုန်းက ခေါ်တာမသိလိုက်လို့ တစ်နှစ်နာသွားတယ်။ မဟုတ်ရင် အခုဆို ဒုတိယနှစ်ရောက်နေပြီ . . ."

"ကျောင်းသားနဲ့ကျောင်းသူဆို ကျောင်းသားက ပိုများမှာပေါ့ . . ."

"မများပါဘူး . . အတူတူလောက်ပါပဲ။ ကျောင်းသူတွေကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ မြို့ပြအင်ဂျင်နီယာ ဒီပလိုမာကို တက်တာများတယ်။ သူတို့က လျှပ်စစ်ဘက်ကို စိတ်မဝင်စားကြဘူး။ ကျွန်တော်တို့ မေဂျာဆိုရင် Section A , B နှစ်ခန်းပဲရှိတယ်။ Civil (မြို့ပြအင်ဂျင်နီယာ)က သုံးခန်းအထိရှိတယ်။ ကျွန်တော်တို့ EP Section B အခန်းမှာဆိုရင် EP (လျှပ်စစ်စွမ်းအား) ကျောင်းသူဆယ့်တစ်ယောက်ပဲရှိတယ်။ တချို့ကျတော့လည်း EP ကို ဝါသနာသိပ်မပါပေမယ့် Civil အမှတ်မမီလို့ တက်ကျတာလည်း ရှိတယ်"

ကျွန်တော့်အဖြေကို အစ်ကိုဖြစ်သူက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။ ကျွန်တော်တို့ကို ဆယ်တန်းစာမေးပွဲရမှတ်အလိုက် ခုံနံပါတ်စီကာ Roll No 59 ဖြင့် တက်ရသည်။

ရေအေးကွင်းမှနေ တောင်ကြီး၊ မြို့မဈေးအနောက်ဘက်ရှိ အေးသာယာကားဂိတ်ကို လမ်းလျှောက်။ ထို့နောက် အေးသာယာလိုင်းကားကိုစီးကာ ကျောင်းကိုသွားရသည်။ ရှစ်မိုင်ခန့်သာဝေးသည်မို့ ကားစီးချိန်မှာ သိပ်တော့မကြာလှ။

ပထမဆုံးကျောင်းတက်ရသောနေ့ကား ကျွန်တော့်အတွက်တော့ ထူးဆန်းမှုတွေနှင့် ပြည့်နှက်ကာနေသည်။

ထိုစဉ်က ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ကျောင်းများ၌ ယူနီဖောင်းများ မဝတ်ကြရသေး။ သို့သော်လည်း ထိုစဉ်ကပင် ကျွန်တော်တို့ စက်မှုကျောင်းများတွင် ကျောင်းသူများ ထဘီမှအပ မည်သည့်စကဒ်၊ ဘောင်းဘီမျှ မဝတ်ရ။ နောက်ဆုံး ထဘီဖြစ်စေကာမူ ပတ်ထဘီကိုပင် မဝတ်ရ။ နှစ်သက်ရာ အဆင်၊ အရောင်ကို ဝတ်ဆင်ခွင့်ရှိသော်လည်း ထဘီကိုသာ ဝတ်ဆင်ကြရသည့် ကျောင်းသူများအား ခြွင်းချက်အနေဖြင့် ကျောင်းသားအားကစားပွဲများ၌မူ ဘောင်းဘီကို အားကစားပြုလုပ်နေသောအချိန်အတွင်း ယာယီဝတ်ဆင်ခွင့်ပေးသည်။ ကျောင်းသားများကမူ



www.burmeseclassic.com

www.burmeseclassic.com



ကော်လံမပါသော တီရှပ်များကို ဝတ်ဆင်ခွင့်မရှိသည်မှအပ အဝတ်အစားနှင့်ပတ်သက်၍ အခြားကန့်သတ်မှုမရှိ။

တချို့ကလည်း စစ်အင်ဂျင်နီယာတပ်ရင်းသို့ဝင်ရန်၊ အချို့ကလည်း သင်္ဘောလိုက်ရန်၊ နိုင်ငံခြားထွက်ရန် အချို့ အစိုးရဝန်ထမ်းများကလည်း ရာထူးတိုးဖြေရန် စသည်ဖြင့် ရည်ရွယ်ချက်၊ ရည်မှန်းချက်မျိုးစုံဖြင့် အရောင်စုံသော ကျောင်းသူ၊ ကျောင်းသားများအား ကျောင်းအတွင်း၌ တက်ကြွစွာကူးလူးပျော်မြူးနေကြသည်။ ထိုနေ့ကား ပထမဆုံး ကျွန်တော် ကျောင်းတက်သောနေ့၌ မြင်ရသော တက်ကြွဖွယ်၊ ကြည်နူးဆွတ်ပျံ့ဖွယ် မြင်ရသော ကျောင်းသူကျောင်းသားများနှင့် ဆရာ၊ ဆရာမများ၏ မြင်ကွင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးကျောင်းတက်သောနေ့၌ ကျွန်တော် အလုပ်အဖြစ်ဆုံးအလုပ်မှာ ပြုံးပြခြင်းဖြစ်သည်။ ကျောင်းသားများက တစ်ယောက် Roll No တစ်ယောက်မေးရင်း ဘော်ဒါဖွဲ့ကြသည်။ တချို့တလည်း ဆယ်တန်းအတူနေပြီး အောင်လာရာက GTI ကို အတူလာတက်ကြသည်မို့ ကိုယ့်ဘော်ဒါနှင့်ကိုယ် ဣန္ဒြေရရထိုင်ပြီး အာလူးတွေဖုတ်နေကြသည်။

ကျောင်းက လေးနာရီမှ တက်မည်ဆိုသော်လည်း ပထမဆုံးနေ့မို့ အထာကမကျကြသေး။ သုံးနာရီခွန်းခွန်းမှ ကြိုရောက်နေကြတာ စာသင်ရမည့် အခန်းကိုလိုက်ရှာထားကြသည်။

တစ်ယောက်တည်း ငေါင်တောင်တောင်ထိုင်နေသော ကျွန်တော့်ဘေးမှာကျောင်းသားတစ်ယောက် လာထိုင်သည်။ ပြုံးပြနေသည်မို့ ကျွန်တော် ပြန်ပြုံးပြဖြစ်သည်။

"မင်း Roll No ဘယ်လောက်လဲ . . ."

"59 မင်းရော . . ."

"ငါက 54 . . ငါ့နာမည်က စိုးမိုးအောင် . . ."

"ငါက မြင့်နိုင်ထွေး . . ."

ကျွန်တော်တို့၏ Introduce အပိုင်းက ဤမျှသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခတ်ရှင်တွေထဲမှာလို တွေ့ရတာဝမ်းသာပါတယ်တွေ ဘာတွေမပြော။ လိုရင်းတိုရှင်းသာ ပြောဖြစ်ကြခြင်းဖြစ်သည်။

"တောင်ကြီးကပဲလား . . ."

စိုးမိုးအောင်က ကျွန်တော့်ကိုမေးငေါ့ရင်း မေးသည်မို့ ကျွန်တော် ခေါင်းခါပြဖြစ်သည်။

"ပင်းတယကလာတက်တာ . ."

"ဒါဆို အဆောင်နေတာလား . . ."

တောင်ကြီး သို့မဟုတ် အေးသာယာမှ မြို့ခံမဟုတ်သူ အများစုက အဆောင်နေကာ တက်ကြသည်မို့ ၎င်းက အထက်ပါအတိုင်း မေးခြင်းဖြစ်သည်။

"တောင်ကြီးမှာ ငါ့အစ်ကိုရှိတယ် . . ရေအေးကွင်းရပ်ကွက်မှာ . . ငါသူ့အိမ်ကနေ တက်တာ . . ."

"ဒါဆို မင်းနဲ့ငါ အတူပြန်လို့ရတာပေါ့ . . ငါလည်း တောင်ပေါ်ပြန်ရမှာ . . ."

နောက်ပိုင်းမှ ကျွန်တော် သိရသည်က အေးသာယာ GTI (ယခု စက်မှုတက္ကသိုလ်) တက်သူ ကျောင်းသားကျောင်းသူအများစုက အေးသာယာနှင့်တောင်ကြီးကို တောင်အောက်နှင့်တောင်ပေါ် ဟုသာခေါ်ကြသည်။

ကျွန်တော်တို့တစ်ယောက်နှင့်တစ်ယောက် စကားစမြည်ပြောနေစဉ်မှာပင် ကျောင်းသားတစ်ယောက်က ဟိုကြည့် ဒီကြည့်ဖြင့် ကျွန်တော်တို့နှင့် မလှမ်းမကမ်းခုံ၌ ဝင်ထိုင်သည်။ ပြီး ကျွန်တော်တို့နှစ်ယောက်ကို လှမ်းကြည့်သည်။ စိုးမိုးအောင်က ၎င်းကျောင်းသားကို မေးဆတ်ရင်း 'တစ်ယောက်တည်းလား' ဟု လှမ်းမေးသည်။ တစ်ဖက်ကလည်း ယောင်နနဖြင့် ခေါင်းညိတ်ပြသည်။

"ဒီမှာ ထိုင်ပါလား . . ."



www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးအောင်က သူနှင့်ကျွန်တော် ထိုင်နေသော ခုံတန်းဘေး အစ်ဆက်တည်း၌ လွတ်နေသောနေရာကို မေးငေါ့ပြရင်း ဆိုသည်။

ငင်းကျောင်းသားကလည်း နှစ်ခါခေါ်စရာမလို။ ချက်ချင်း ရောက်ချလာသည်။ ရောက်ရောက်ချင်းပင် စိုးမိုးအောင်က . .

"မင်း Roll No ဘယ်လောက်လဲ . . ."

"87 . . ."

"ဩော် . . အေး . . ငါက စိုးမိုးအောင် . . ဒီကောင်က. . "

စိုးမိုးအောင်က ကျွန်တော့်ကို ဒီကောင်ကဟုဆိုရင်း စကား ရပ်သွားသည်။ ပြီး ခေါင်းကိုကုတ်ကာ ကျွန်တော့်ကိုမေးငေါ့ပြရင်း

"မင်းနာမည်ကို အခုပဲ ငါမေ့သွားပြီ . . ."

ဟု အားနာဟန်ဖြင့် ဆိုသည်။

"မြင့်နိုင်ထွေး . . ."

ကျွန်တော်က ဟက်ခနဲရယ်ရင်း ကိုယ့်နာမည်ကို ကိုယ် မိတ် ဆက်ဖြစ်သည်။

"ငါက စိုင်းသီဟထွန်း . . ."

"တောင်ကြီးကပဲလား . . ."

"အေး . . ."

"တောင်ကြီးကလား . . "

ဟူသော ကျွန်တော့်အမေးကို စိုင်းသီဟထွန်းက 'အေး' ဟု ဖြေသည်။ နောက်ပိုင်းမှာ သူတို့နှစ်ကောင်အပါအဝင် ဘော်ဒါများ က ကျွန်တော့်ကို 'မြင့်နိုင်' ဟုသာ အဖျားဆွတ်၍ခေါ်ကြတော့သည်။

ပထမဆုံးကျောင်းတက်သောနေ့က စာသင်ချိန်လေးချိန် ပြီး စာသင်ခန်းထဲမှ အပြင်ထွက်ချိန် ရုတ်တရက် ကျွန်တော် ကြောင်သွားသည်။ ကြောင်ဆို အခန်းထဲ၌ ဖန်ချောင်းများဖြင့် လင်း နေသလောက် စာသင်ခန်းအပြင်၌ ကော်ရစ်တာမီးနှင့်လမ်းမီး



www.burmeseclassic.com

www.burmeseclassic.com



များမှအပ အမှောင်ထုကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"ဟိုမှာ ဖယ်ရီတွေရှိတယ် . . ."

ကျောင်းကြိုကား သုံးစီးက ကျောင်းအဝင်ဝ၌ တန်းစီကာ ရပ်ထားသည်။ အဆောင်နေသူများက ကျောင်းအနီးအနားတစ်ဝိုက်မှ အဆောင်များဆီပြန်ကြပြီး ကျန်ကျောင်းသူကျောင်းသားများက ဆိုင်ရာဖယ်ရီများကို စီးကြရသည်။

အင်းလေး (ညောင်ရွှေ)၊ ရွှေညောင်၊ အောင်ပန်း၊ တောင်ကြီးစသော အေးသာယာအနီးတစ်ဝိုက်မှ စာသင်သားများအဖို့ ဖယ်ရီများဖြင့် အဆင်ပြေပြေကျောင်းတက်ကြရသည်။

တောင်ကြီးမှအပ ကျန်ဖယ်ရီများက ဟိုင်းလတ်ကားများ ဖြစ်ကြသည်။ တောင်ကြီးကြိုပို့ဖယ်ရီက မောချယ်ရီဟု အမည်ပေးထားသော BM ဌားများဖြစ်သည်။ တောင်ပေါ်တောင်အောက် ဆွဲသောကားများဖြစ်သည်နှင့်အညီ အင်ဂျင်နှင့်အခြား ကြံ့ခိုင်မှုများက ကောင်းကြသည်။

ကျွန်တော်တို့တောင်ကြီးကျောင်းသားများ၏ ကြိုပို့ဖယ်ရီက တောင်ကြီးမြို့မဈေးအနောက်ဘက်ရှိ တောင်ကြီး-အေးသာယာ မောချယ်ရီ BM ဂိတ်တွင် ဂိတ်ဆုံးသည်။ လမ်းဆင်းများမှအပ ကျန်ဂိတ်ဆုံးစီးသူများက ဈေးမှတ်တိုင်မှတစ်ဆင့် ကုန်းကြောင်းလျှောက်ကာ ပြန်ကြရသည်။ အေးမြသော ရာသီဥတု၌ လတ်ဆတ်သော လေနုအေးကို ရှူရှိုက်ရင်း ညဘက်လမ်းလျှောက်ရသော အရသာက တော်တော်မိုက်သည်။

ကျွန်တော်က ဈေးဂိတ်ဆုံးမှတ်တိုင်မှနေ တောင်ကုန်းပေါ်ရှိ ရေအေးကွင်းရပ်ကွက်မှ အစ်ကိုအိမ်သို့ပြန်သည်။ သီဟနှင့်စိုးမိုးအောင်တို့နှစ်ကောင်က မိန်းလမ်းအတိုင်း တောင်ပိုင်းရပ်ကွက်များသို့ ပြန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၆

နောက်ရက်များတွင် ကျောင်းတက်ရာ၌ အသားကျကာ လာသည်။ ဘော်ဒါများလည်း တိုးကာလာသည်။ မျိုးဝင်းစိုး၊ ညီညီဇေယျ၊ ထက်မောင်ဦး၊ ကျော်မိုးဦး၊ ဟန်ဝင်းအောင်၊ ဝင်းဦး၊ မျိုးဇော်ထွန်း စသည်ဖြင့် မရေမတွက်နိုင်သော များစွာသောဘော်ဒါတို့ ရလာသည်။

အစ်ကိုကြီးပီကြွယ်တို့လို ကျောင်းသားကြီးများသာမက ကျွန်တော်တို့အတန်းတွင်းရှိ ရှားရှားပါးပါးဖြစ်သော ကျောင်းသူဆယ့်တစ်ယောက်စလုံးနှင့်လည်း နောက်ပိုင်းမှာပြောမနာ ဆိုမနာ ရင်းနှီးလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၆၂

ကျောင်းတက်ရင်း ကျွန်တော်သွားဖြစ်သည်မှာ စာကြည့်တိုက်ဖြစ်သည်။ လူက နေသော်လည်း ပိုးကတော့မနေ။ စာဖတ်ချင်စိတ်၊ ရေးချင်စိတ်တို့က ထိန်းမနိုင်၊ သိမ်းမရဖြစ်မြဲ ဖြစ်ဆဲ ဖြစ်လို့နေသည်။

စာကြည့်တိုက်မှနေ အင်္ဂလိပ်ဝတ္ထုပါးပါးလေးများကို ကျွန်တော်ငှားငှားပြန်ဖြစ်သည်။ မနက်ခင်းအိပ်ရာမှထပြီး နံနက်စာစားပြီးချိန်မှစ၍ ကျောင်းစာများ လုပ်ပြီးသည်နှင့် ညနေပိုင်းကျောင်းမသွားခင်ကြား၌ ကျွန်တော်လုပ်သောအလုပ်မှာ စာကြည့်တိုက်မှငှားလာသော အင်္ဂလိပ်ဝတ္ထုများကိုဖတ်ကာ ဘာသာပြန်ပြီး ဝတ္ထုရေးဖြစ်ခြင်းပင်ဖြစ်သည်။

အင်္ဂလိပ်ဝတ္ထုစာအုပ်ကိုရှေ့ချကာ ဘာသာပြန်ဝတ္ထုရေးနေသော ကျွန်တော့်ကို ကျွန်တော့်အစ်ကိုက . . .

"မင်းကို ငါကြည့်ကြည့်နေတာ ကျောင်းစာလုပ်တာထက် အင်္ဂလိပ်စာအုပ်ကြီးရှေ့ချပြီး ဝတ္ထုရေးနေတာပဲ ငါတွေ့တယ် . . အဲဒါကျောင်းက လုပ်ခိုင်းတာလား . . ကိုထွေး . . ."



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်အစ်ကိုက အငယ်ဆုံးညီဖြစ်သော ကျွန်တော့်ကို ကိုထွေးဟုခေါ်သည်။ အသက်ဆယ့်သုံးနှစ်ခန့်ကွာသည်မို့ ကျွန်တော်က အကြီးဆုံးအစ်ကိုဖြစ်သော သူ့ကိုကြောက်ရသည်။

"ကျောင်းကခိုင်းတာတော့ မဟုတ်ဘူး . . ဝါသနာပါလို့"

"ရပြီ . . မင်းကို ဝါသနာပါလား ငါမမေးဘူး . . မင်း အခု ဘာသာပြန်ဝတ္ထုရေးနေတာက ကျောင်းကခိုင်းတဲ့ ကျောင်းစာ ဟုတ်လား . . မဟုတ်ဘူးလားမေးတာ . . မဟုတ်ဘူးလို့ မင်းပြော တယ်နော် . . ငါက ကျောင်းတက်တဲ့အချိန်မှာ ကျောင်းစာလုပ်တာ ပဲ မြင်ချင်တယ် . . စာမေးပွဲအောင်တာလည်း မြင်ချင်တယ်။ ရှင်း ရှင်းပြောရမယ်ကွာ . . စာမေးပွဲကျတယ်ဆိုပြီးတော့ မင်းကိုမဆုံးမ ဘူးလား . . ဆိုပြီးတော့ အဖေတို့၊ အမေတို့ ငါ့ကိုဆူတာမျိုး မလိုချင် ဘူး . . မင်းကို ဂုဏ်ထူးထွက်အောင်လုပ် . . Roll No 1 ရအောင် လုပ်လို့ ငါမပြောဘူး . . စာမေးပွဲမကျရင် ရပြီ . . သဘောပေါက် လား . ."

"ဟုတ်ကဲ့ . . ."

မြန်မြန်ပြီး အေးရောသဘောဖြင့် ကျွန်တော် ဟုတ်ကဲ့ဖြစ် သည်။ တကယ်တော့ အစ်ကိုပြောသည်ကလည်း ယထာဘူတကျ သည်။ အစ်ကိုတားမြစ်ထား၍ မလုပ်ဘူးလားမေး . . ကျွန်တော် လုပ်သည်။ လစ်သည့်အချိန်ကို ချောင်းကာလုပ်သည်။ ပေါ်တင်ကြီး တော့ ကျွန်တော် မလုပ်။

လူဆိုသည့်အမျိုးကလည်း ခက်သားလား။ မလုပ်နှင့်ဆို ပို လုပ်ချင်သော သဘောရှိသည်။ မစားနှင့်ဆို ပိုစားချင်သော သဘော ရှိသည်။ အခုလည်း အင်္ဂလိပ်ဝတ္ထုများ တစ်ပုဒ်ပြီးတစ်ပုဒ် ဘာသာ ပြန်ရခြင်းကို ကျွန်တော် အရင်ကထက် ပိုပြီး အရသာတွေ့လာသည်။

အဘိဓာန်ကိုင်စရာမလိုသော ဝတ္ထုများထက် အဘိဓာန်


www.burmeseclassic.com

www.burmeseclassic.com



လှန်ကာ ခက်ခက်ခဲခဲဖတ်ရသော ဝတ္ထုမျိုးက ပိုစိတ်ဝင်စားစရာဖြစ်ကာနေသည်။

ခိုးဖတ်၊ ခိုး၍ဘာသာပြန်နေသည့်ကြားက အစ်ကိုမိသွားပါက ကျွန်တော့်အဖို့ မျက်လုံးဖြင့်စိုက်ကြည့်ခြင်းကို ခံရသည်။ 'ပြာကျသွားစေနိုင်သောအကြည့်မျိုး' ဟု ကျွန်တော် ခေါင်းစဉ်တပ်သော အစ်ကိုကြီး၏ မျက်လုံးအကြည့်ကို ခံရလျှင် ကျွန်တော့်အဖို့ မနေတတ်၊ မထိုင်တတ်ဖြင့် နေစရာမရဖြစ်ရသည်က များသည်။ ဘာစကားမှ မဆိုဘဲ ဒေါသမျက်လုံးဖြင့် မျက်စိဒေါက်ထောက်ကာ အကြည့်ခံရခြင်းက ဘာရယ်မဟုတ် လူကိုထူပူစေသည်။

အစ်ကိုနှင့်ဤသို့သော အနေအထားများရှိသော်လည်း မရီးနှင့်တူမကတော့ ကျွန်တော်နှင့်အလျဉ်းသင့်သည်။

တစ်ဦးတည်းသော သမီးမို့ အဖော်မရှိသော ကျွန်တော့်တူမ၏ အသက်က ကျွန်တော်နှင့်သူမ၏အဖေ ကွာသောအသက်အတိုင်း ဆယ့်သုံးနှစ်ခန့်ကွာသည်။ ပုံပြင်ပြောပြခြင်း၊ စာရှင်းပြခြင်း စသည်ဖြင့် တည့်အောင်ပေါင်းထားသော တူမလေးကို ကျွန်တော်စာခိုးဖတ်၊ ခိုး၍ဘာသာပြန်ချိန်များ၌ ကင်းအဖြစ်စောင့်ခိုင်းရသောအခါများလည်း ရှိသည်။ နံနက်ပိုင်းကျောင်းကြိုကျောင်းပို့ ရံဖန်ရံခါလုပ်ပေးရသည်မှအပ အခြားအနှံ့အဟာခံရတာမျိုးမရှိ။

မရီးဖြစ်သူနှင့်လည်း တည့်အောင် ကျွန်တော် ကြိုးစားသည်။ ဟင်းချက်၊ ထမင်းချက်၊ ပန်းကန်ဆေး၊ ဆန်ရွေး စသည်ဖြင့် အိမ်မှာ လုံးလုံး မလုပ်ခဲ့ဖူးသည်တို့ကို ကျွန်တော် တတ်သယောင်ယောင်ဖြင့် ဖားဖြစ်သည်။ ဟင်းမချက်တတ်သော်လည်း ကြက်သွန်ဖြူခွာ၊ ဟင်းသီးဟင်းရွက်သင်လောက်တော့ ကျွန်တော် ရသည်။ ဆီဝယ်၊ ဆားဝယ်တို့၌ ကျွန်တော် သွက်လက်ပေးရသည်။

စိတ်မပါဆုံးအလုပ်ဖြစ်သော ပန်းကန်ဆေးနှင့် ဆန်ရွေးကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပင်တိုင်အဖြစ် လုပ်ပေးသည်။ ခိုက်ခိုက်တုန်အောင်ချမ်းသော တောင်ကြီးဆောင်း၌ ရေခဲရေလိုအေးသောရေဖြင့် အစ်ကိုမိသားစု စားပြီးပုံထားတတ်သော အိုးခွက်ပန်းကန်တို့ကို ကျောင်းပြန်ချိန်ညကိုးနာရီခန့်မှာ ညတိုင်းနီးပါးဆေးရင်း ကျွန်တော်တတ်နိုင်သရွေ့ အိမ်အလုပ်ကိုကူသည်။ မနက်မိုးလင်းစအချိန်၌ မရီးဖြစ်သူ တဂွမ်းဂွမ်းနှင့်ပန်းကန်ဆေးစရာမလိုအောင် ဖြစ်သည်။

"နင်ရေချိုးရင် နင့်တူမရဲ့ကျောင်းအကျီဖြူနှစ်ထည်နဲ့နင့်အစ်ကိုအဝတ်သုံးထည်လောက် တစ်လက်စတည်း အစ်မကို ထည့်လျှော်ပေးဦး . . ."

ဆိုသောအခါမျိုး၌ 'ဟုတ်ကဲ့' ဟု ပြုံးပြီးပြောတတ်လာသော ကျွန်တော့်အဖို့ ဟင်းမချက်တတ်သော်လည်း ထမင်းချက်လောက်တော့ရသည်မို့ ညနေခင်းကျောင်းမသွားခင်၌ ထမင်းအိုးတည်လောက်တော့ ဖြစ်အောင် ကျွန်တော် ကြိုးစားသည်။

အစ်ကိုနှင့်မရီး ချစ်အောင်နေတတ်သော ကျွန်တော့်အဖို့ တူမဖြစ်သူကိုတော့ ခဲတံချွန်တာလောက်ပဲ လုပ်ပေးရတတ်သည်။ ခဲဆံဘော်လ်ပင်နှင့်မရေးတတ်သောတူမလေးက ခဲချွန်စက်ဖြင့် ချွန်သော ခဲတံကိုမကြိုက်။ ထို့ကြောင့် ဓားပါးဖြင့် ကျောင်းမသွားခင် ချွန်ပေးရသည်။

"ဟ . . ဟ . . ခဲတံငါးချောင်းစလုံး သေသေချာချာချွန်ထားပေးတာ အကုန်ကျိုးကုန်ပါလား . . ."

"သမီးပြောသလိုမှ ချွန်မထားတာ။ အဲဒါနဲ့ ချိုးပစ်လိုက်တယ်။ ကိုယ့်ဘာသာကိုယ်ပဲ ချွန်တော့မယ် . . ."

"မချွန်နဲ့ . . လက် ဓားထိမယ် . . ပေး . . ငါချွန်ပေးမယ် . . လူက လက်သန်းလောက်နဲ့ ဂျိုဂျောင်တော်တော်များတာပဲ . . နင့်အဖေနဲ့နင့်အမေဆီက ခေါင်းမာတဲ့အကျင့်တွေ အကုန်အမွေရ



www.burmeseclassic.com

www.burmeseclassic.com



ထားတာလား . . .”

သူ့အဖေသူ့အမေလစ်တုန်း တူမဖြစ်သူကို ခဲတံချွန်ပေးရင်း ပေါင်းထားရသည်။

“သမီးရေ . . ဦး စာရေးလိုက်ဦးမယ် . . ကင်းစောင့်ထား . . ကြားလား . .”

စာခိုးရေးချိန်၌ ကင်းစောင့်ပေးတတ်သော တူမလေးကို သူမအရုပ်နှင့်ဆော့ချိန်များ၌ ကျွန်တော်က တစ်ဖန်ကင်းပြန်စောင့်ပေးရသည်။

“သမီးရေ . . ဟိုမှာ လာပြီဟ . . သမီးရဲ့စက္ကူဂါဝန်တွေ အမြန်သိမ်းတော့ . . နင့်အဖေ ဆူနိုင်ဆုံးနဲ့ နင့်အမေ ရိပစ်ရှာကျွမ်း လာနေပြီ . . .”

တကယ်တော့ ‘နင့်အဖေ ဆူနိုင်ဆုံးနဲ့နင့်အမေ’ ဆိုသော ဒုတိယနောက်ဆက်တွဲစကားက စိတ်ထဲမှကျိတ်၍ပြောဖြစ်ခြင်းသာ ဖြစ်သည်။ ကမ္ဘာပေါ်၌ ပြိုင်ဘက်မရှိသော မောင်နှံအဖြစ်သတ်မှတ် ကာ ကျွန်တော် လျှို့ဝှက်ပေးထားသော နာမည်များဖြစ်သည်။

အစ်ကိုနှင့်မရီးဖြစ်သူ အိမ်ပြန်ရောက်သည်နှင့် ကျောင်း စာအုပ်များရှေ့၌ ကြွနေရရဖြင့် စာလုပ်နေသော ကျွန်တော်တို့ တူ အရီးနှစ်ယောက်ကို သူတို့တွေ့ရမည်ဖြစ်သည်။ ကျွန်တော့်တူမနှင့် ကျွန်တော်က ထိုသို့ကျောချင်းကပ်ရဲဘော်ရဲဘက်များ ဖြစ်ကြသည်။

“နင့်အစ်ကိုကလည်း ကဗျာဘွဲ့မှူးခွေ ယူပါဆိုတဲ့ဥစ္စာကို လေးဖျူခွေ ဖွတ်ယူလာတယ် . . ကြည့်လို့ကို မရဘူး . . နေရာတကာ သူ့သဘောချည်းပဲ . . .”

“အေးလေဗျာ . . တကယ်လို့ဆိုရင်လည်း နှစ်ခွေစလုံးဝယ် လိုက်တော့ရော . . ဘာဖြစ်မှာမို့လို့လဲ . . သူ့အရက်တစ်လုံးဖိုးတောင် မရှိဘဲနဲ့များဗျာ . . .”



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံကျပြန်တော့လည်း မရီးလုပ်သူဒေါ်သပေါက်ကွဲရာ၌ ကျွန်တော်က ဖော်လိုလိုက်ပေးရသည်။ 'ရှိသည့်နေရာ၊ အပြစ်ရှာသည့်နေရာ၌ သူ မတူအောင်ကျွမ်းကျင်သူမို့ ရိုပစ်ရှာကျွမ်းဟု တရုတ်နာမည်ဆန်ဆန်ပေးထားသော မရီးဖြစ်သူ တိုမယ်ဆိုလည်း တိုလောက်သည်။

အစ်ကိုကြီးလုပ်သူကလည်း ကျွန်တော့်စကားနားထောင်ခဲ့သည်ကိုး။ လေးဖြူ၏ 'သားကောင်' ခွဲမည့်မျှကောင်းကြောင်း ကိုယ်ပိုင်သံစဉ်မို့ ဘယ်လိုထူးခြားကြောင်း စသည်ဖြင့် အချိန်ရတိုင်း နားပူတိုက်ထားသည်မို့ နားယောင်ကာ ဝယ်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်အစီအစဉ်ဖြစ်ကြောင်းကိုသာ သိသွားလို့ကတော့ 'ရိုပစ်ရှာကျွမ်း' နှင့် 'ဆူနိုင်ဆုံး' တို့ ထိပ်တိုက်တွေ့လိမ့်မည်။

"ဟဲ့ . . ဟဲ့ . . ဒီမှာတွေ့လား . . ဒီပါတိတ်ဆင်လေးက ပြာမှိုင်းမှိုင်းလေး . . ဒီဖိုင်းကလည်းဆန်း၊ အရောင်ကလည်းစိုတော့ . . ငါ စျေးဖိုးပိုလို့ ဘတ်ထားတဲ့ပိုက်ဆံနဲ့ ဝယ်ပစ်လိုက်တယ် . . လှတယ်မဟုတ်လား . . ."

"လှဒယ် . . လှဒယ် . . အဆင်ကော အရောင်ကော ဘိုဆန်တယ် . . အဲဒီ ဒီဖိုင်းရှိသေးရင် ရေညှိစိမ်းရောင်လေး ထပ်ယူထားပါဦးလား . . ငါ့အစ်မနဲ့ရေညှိစိမ်းနဲ့ဆို ဟပ်နေမှာပဲ . . ."

"ဟုတ်လား . . ."

"တကယ်ပြောတာ . . ငွေပိုသေးလို့ရှိရင် ငါးပိရောင်လေးပါ ထပ်ယူထားလိုက် . . အဖတ်တင်တာပေါ့ . . ."

"အေး . . ဟုတ်တယ် . . နေဦး . . အသားဟင်းလေးရက်လောက်နားပြီး အဖတ်တင်အောင် ယူထားလိုက်ဦးမယ် . ."

သူပြသော ပါတိတ်ကိုလှည့်ပင်မကြည့်ဘဲ ပါးစပ်ထဲတွေ့ရာလျှောက်ပြောပြီး ချွန်ပေးတတ်သော ကျွန်တော်နှင့်မရီးက တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တရံ စာရင်းထ,ထ စစ်တတ်သော အစ်ကို့ကိုလိမ်ရာ၌လည်း တက်ညီလက်ညီရှိကြသည်။

"နင့်အစ်ကိုကလေ ငါ့ဈေးသုံးစာရင်းတွေကိုများ ရှောင်တခွင်ဝင်စစ်နေသေးတယ် . . သိလား . . ဘယ်ရမလဲဟယ် . . ငါက ပွဲမရောက်ခင် အပြင်ကကျင်းပထားပြီးသား . . ဘယ်ဘက်က စစ်စစ် ကွက်တိပဲ . . ."

"အာ . . ကျွန်တော့်ကိုလည်း ဟိုတစ်ရက်က စစ်တာပဲ . . မင်း ကျောင်းသွားတော့ 'အေးမြို့တော်' လိုင်းကားခ နှစ်ဆယ်။ အပြန်က မောချယ်ရီကျောင်းကြို ကျောင်းကားခက ဆယ့်ငါးကျပ်။ အသွားအပြန်မှ သုံးဆယ့်ငါးကျပ်ပဲရှိတာ . . တစ်နေ့တစ်ရာထက် ပိုမသုံးနဲ့ . . တဲ့ . . ပြီးတော့ ဘာသုံးသုံး စာရင်းရေးတဲ့ . . ပင်းတယအိမ်ကို မင်းက ပိုက်ဆံတောက်လျှောက်မှာနေတော့ ငါက မပြောဘူးဖြစ်နေဦးမယ်တဲ့ . . ကျွန်တော်လည်း တွေ့ကရာစာရင်းကောက်ရေးပြီး ကွက်တိလုပ်ထားပေးလိုက်တယ်။ အေးရော . . လက်ဖက်ရည်ဖိုးဆိုတာကလည်း ရှိသေးတယ်လေ။ ဟုတ်တယ် မဟုတ်လား . . ဒါတောင် ကျွန်တော်က ကွမ်းမစား ဆေးလိပ်မသောက်လို့ မဟုတ်ရင် ဘယ်ဖြစ်မလဲ . . ."

"အေးလေ . . နင့်အစ်ကိုက သူ့ဖြစ်ချင်တာပဲ သိတာ . . အလကား ရှုးကြောင်မူးကြောင်နဲ့ ဘာမှလဲ မသိဘူး . . ."

"ထားလိုက်ပါဗျာ . . ဒါနဲ့ ကျွန်တော်ပြောတဲ့အရောင်ရှိရင် ထပ်ယူထားဦးနော် . . အဖတ်တင်အောင် . . ."

"အေး . . အေး . . ."

ဤသို့ စိတ်ကောင်းစေတနာကောင်းရှိသော ကျွန်တော်နှင့် အစ်ကိုတို့ ဒုတိယနှစ်၌ ပြဿနာတက်ကြသည်။

အကြောင်းက ကျွန်တော် ကဗျာစာအုပ်ထုတ်သောကြောင့်။

www.burmeseclassic.com



ထုံးစံအတိုင်း အစ်ကိုဖြစ်သူရော၊ မရီးလုပ်သူပါ အလုပ်သွား၊ ဘူမဖြစ်သူကလည်း ကျောင်းသွားမို့ ကျွန်တော်တစ်ယောက်တည်း အိမ်မှာရှိသည့်အချိန်၌ ကျွန်တော် အတွေးနယ်ချဲ့ဖြစ်သည်။ ပထမနှစ် စာမေးပွဲဖြေပြီးချိန် အောင်စာရင်းထွက်လာသောအခါ ကျွန်တော် Roll No 5 ရသည်။ ထို့ကြောင့် Section B မှ Section A သို့ ပြောင်းရသည်။ ဘာပြောပြော Roll No 1 to 10 ဝင်လျှင် GTI တို့၏ ထုံးစံအတိုင်း ကျောင်းသူကျောင်းသားအချင်းချင်း၏ လေးစားအားကျမှုကိုတော့ အနည်းနှင့်အများဆိုသလို ရကြသည်ချည်းဖြစ်သည်။

Roll 1, Roll 2 တို့ကဲ့သို့ မေဂျာတိုင်းက သတိထားမိလောက်အောင် ပေါ်ပြူလာမဖြစ်သော်လည်း လူသတိထားမခံရသော စာညံ့သည့် ကျောင်းသားစာရင်းတွင် ကျွန်တော်မပါခဲ့ခြင်းအတွက် အစ်ကိုဖြစ်သူ၏ အပြောအဆိုကို ပထမနှစ်တုန်းကလိုတော့ မခံရတော့။

ဒုတိယနှစ်ကျောင်းဖွင့်ပြီး သိပ်မကြာခင်မှာပင် ဘော်ဒါများဆုံကြရင်း Valentine Day အမှတ်တရ ကဗျာထုတ်ဖို့ပြောဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝါသနာတူသူများစုပြီး အပျော်ထုတ်ကြမည်ဟု ဆုံးဖြတ်ကြ ရင်း ကဗျာတွေစုကြသည်။ တစ်ယောက်ကို သုံးပုဒ်နှုန်း ထည့်မည်ဟု ဆိုသော်လည်း ရေးထားသမျှအကုန် ကဲန်တင်းမှာဆုံချိန်၌ ယူလာ ကာ ဝိုင်းဖတ်၊ ဝိုင်းရွေးလုပ်ကြသည်။

ဖေဖော်ဝါရီ လဆန်းပိုင်းအမီထုတ်ကြမည်ဟု ဆုံးဖြတ်ကြ ပြီး ကဗျာတွေကို အားချင်းရေးကြသည်။ ကလောင်နာမည်တွေ ရွေး ကြသည်။ ပြီး ကဗျာစာအုပ်၏ ခေါင်းစဉ်ကိုရွေးကြသည်။ မျိုးဝင်းစိုး ၏ ကဗျာဖြစ်သော 'အရှုးတို့၏ရာသီ' ကိုကဗျာစာအုပ်၏ အမည်အ ဖြစ် ကျွန်တော်တို့ရွေးလိုက်ကြသည်။

နာမည်အနုအလှများဖြင့်ထွက်သော ကဗျာစာအုပ်များတွင် ကျွန်တော်တို့အုပ်စု၏ ကဗျာစာအုပ်အမည်မှာ 'အရှုးတို့၏ရာသီ' ဟူ၍အမည်ပေးလိုက်သောကြောင့် အဟားခံကြရသေးသည်။ ကျွန် တော်တို့အုပ်စုကတော့ ခပ်တည်တည်နှင့် ရှုတ်နောက်နောက် လူတွေ ချည်းမို့ ဘယ်သူဘာပြောပြော ဂရုမစိုက်ခဲ့ကြ။

ကျောင်းဖွင့်စ စာကလည်းမများလှသေးသည်မို့ ကဗျာစာ အုပ်ကိစ္စပေါ်တွင် ကျွန်တော်တို့ အာရုံပိုစိုက်နိုင်ခဲ့သည်။ ထိုသို့ အာရုံ စိုက်လွန်းသဖြင့် လျှို့ထားသည့်ကြားက ကျွန်တော့်အစ်ကို ရိပ်မိသွား ခဲ့ခြင်းဖြစ်သည်။ ပထဆုံးအကြိမ်အဖြစ် ကဗျာတွေရေးနေတုန်း တစ်ခါမိသည်။

"ဟကောင် .. ကျောင်းစာမလုပ်ဘဲနဲ့ ဘာရေးနေပြန်တာ တုံး . . ."

လက်ဖြင့် ဖတ်ခနဲ မသိစိတ်ဖြင့်အုပ်မိသော ကျွန်တော့် ကဗျာစာရွက်ကို အစ်ကိုဖြစ်သူက ဆတ်ခနဲဆွဲယူရင်းကြည့်သည်။ ပြီး အသံထွက်က ဖတ်ရင်းက မျက်မှောင်ကုတ်သည်။

"ဘာတဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါ . . ကမ္ဘာထဲကို လမ်းလျှောက်အလာ
အလှနတ်သမီး ဗီးနပ်စ်ကိုတော့ မမြင်ခဲ့ဘူး
မင်းကိုတော့ အနီးကပ် . . ငါတွေ့ဖူးတယ်
ရှုမိခဲ့တယ် . . . အချစ်ဆိုတာကို
သာမန်ထက်ပိုတဲ့ ရင်ခုန်သံတွေနဲ့ပေါ့ . . ."

"ဟိုက်ရှားပါး . . ဒါ ကောင်မလေးကိုပေးဖို့ ရေးနေတာ သား . . ."

ပြုံးစိစိရယ်ရင်းမေးသော အစ်ကိုဖြစ်သူ၏အမေးကို ကျွန်တော် ပျာပျာသလဲခေါင်းခါပြဖြစ်သည်။

"အာ . . ဘယ်ကကောင်မလေးပေးရမှာတုံး . . ကဗျာ စာအုပ်ထုတ်မလို့ . . အဲလေ . . ."

"ဘာကွ . . ."

လွတ်ခနဲထွက်သွားသော စကားကြောင့် ဘရိတ်အုပ်ရန် ခမီတော့သော ကျွန်တော့်ကို အစ်ကိုဖြစ်သူက 'ဘာကွ' ဟု အလန့်တကြားရေရွတ်သည်။

"ပြန်ပြောစမ်း . . ဘာလုပ်မလို့ . . ."

"ဘာ . . ဘာမှမလုပ်ပါဘူး . . "

"အေး . . မင်းကိုငါ အပြတ်ပြောထားမယ် . . မင်း ဝတ္ထုတွေရေးလိုက်၊ ကဗျာတွေရေးလိုက်နဲ့ ထမင်းငတ်မယ့်အလုပ်တွေပဲ စဉ်းစားနေ . . မင်းကျောင်းပြီးအောင်တက်ပြီး လျှပ်စစ်အင်ဂျင်နီယာ ဖြစ်မှ တိုက်ဆောက်ကားစီးတဲ့အတိုင်းအတာကို မှန်းနိုင်မှာ။ ဝတ္ထုယောင်ယောင်၊ ကဗျာယောင်ယောင်လုပ်နေလို့ကတော့ မင်း ထမင်းငတ်ဦးမယ် . . . နောက်တစ်ခါ ကဗျာတွေ၊ ဝတ္ထုတွေရေးတာတွေ့ လို့ကတော့ . . ဒီမှာငါ့ညီ တာ့တာပဲ . . အိပ်ရာလိပ်ပြီး ပင်းတယ တစ်ခါတည်းပြန် . . ဒါပဲ . . "



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . ."

"မဗျာနဲ့ . . . ငါဆိုတဲ့ကောင်က ညီအငယ်ဆုံးဆိုပြီး အလို
လိုက်မယ့်အစ်ကိုထဲမှာ မပါဘူး . . မင်းတခြားအစ်ကိုတွေဆီမှာပဲ
လုပ်ချင်တာလုပ်လို့ရမယ် . . ငါ့ဆီမှာ မရဘူး . . မှတ်ထား . ."

ဝူးဝူးဝါးဝါးဖြင့် ငေါက်ကာထွက်သွားသော အစ်ကိုဖြစ်သူကို
ကြည့်ရင်း ကျွန်တော် စိတ်လေသွားရသည်။ ကလောင်နာမည်ရွေး
၍ ဦးနှောက်ပူနေရသည့်ကြားထဲ ဘရားသားကြီးက/တမျောင့်ဟု
ကျွန်တော် တွေးဖြစ်သည်။

"ဟား . . ဟုတ်ပြီ . . စောစောက ငါ့အစ်ကို . . ဆူတော့
ကြောက်ချင်ယောင်ဆောင်ပြီး ဗျာ! လို့ အာမေဍိတ်သံနဲ့ထူးလိုက်တဲ့
စကားလုံးကို ကလောင်နာမည်လုပ်ရမယ်။ တောက် . . Good လိုက်
တဲ့ Idea"

သို့နှင့် ကျွန်တော် ကျွန်တော့်ကဗျာအတွက် ကလောင်နာ
မည်ကို '. . . . ဗျာ!' ဟု ခပ်တည်တည်ဖြင့် ပေးပစ်လိုက်သည်။

ကျွန်တော်က တစ်ခါတစ်ရံ ထိုသို့ ဂေါက်ကြောင်ကြောင်နိုင်
သည့်ကောင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . ဘယ်လို . . မင်းကလောင်နာမည်က ဒါမျိုးကြီးလား . . ဘာတဲ့ . . . '. . . ဗျာ!' တဲ့ . . ဟကောင် . . မင်းစိတ်မှန့်သေးရဲ့လား မြင့်နိုင် . . ."

"အဲဒါပဲကွ . . အဲဒါပဲ . . ."

မျက်လုံးကြီးတွေပြူးကာ ဝိုင်းကြည့်နေကြသော သူငယ်ချင်းများကို 'ပိန်းလိုက်တာ' ဟူသောအကြည့်ဖြင့် ပြန်ကြည့်ရင်း 'အဲဒါပဲ' ဟု ဆရာကြီးအထာဖြင့် လက်ဖျစ်တီးရင်း ဆိုဖြစ်သည်။

"ဘာ . . အဲဒါပဲလဲ . . ငပေါ . . မင်းတော်တော်ပေါရဲ့တာပဲ . . ."

"ဒီလိုကွ . . ငါတို့ယောကျ်ားတွေဟာ ဝမ်းသာတဲ့အခါမှာပဲဖြစ်ဖြစ်၊ ဝမ်းနည်းတဲ့အခါပဲဖြစ်ဖြစ် အာမေဍိတ်သံတစ်ခုခုထွက်တတ်ကြတယ်။ ဥပမာ ငါဆိုလို့ရှိရင် ဝမ်းနည်းစရာကိစ္စကြုံတယ်ဆိုပါတော့ . . ဟကောင် မြင့်နိုင် . . မင်းနဲ့အတူတူ ကဗျာစာအုပ်ထုတ်တဲ့ကောင်တွေ ကားတိုက်ပြီးသေကုန်ပြီ . . ဆိုရင် ဗျာ . . အမလေး . . ဒုက္ခပါပဲ . . ဒီကောင်တွေသေတာက ကိစ္စမရှိဘူး . . ငါ့ကောက်



www.burmeseclassic.com

www.burmeseclassic.com



. . ကဗျာစာအုပ်ထုတ်ရင် ရှုံးဖော်ရှုံးဖက်မရှိတော့ဘူး . . ဆိုပြီးတော့ ဝမ်းနည်းရမှာလေကွာ . . .”

“ခွေးကောင် . . ဖွဟဲ့ . . လွဲပါစေ ပယ်ပါစေဗျာ. . ဘာတွေ ပြောမှန်းလဲ မသိဘူး . . ကဲ . . ကဲ . . ထားပါတော့ ဝမ်းနည်း စရာပြီးတော့ ဝမ်းသာစရာက ဘယ်လိုတုံး . . .”

“ဩော် . . ဟကောင် မြင့်နိုင် . . မင်း သိန်းဆုကြီးပေါက် တယ်ကွ . . ဆိုပြီး သတင်းရရင် . . . ဗျာ! ဝမ်းသာလိုက်တာဗျာ . . ဆိုပြီးတော့ . . .”

“ဝမ်းအသာလွန်ပြီးသေရောလား . . .”

“ဟင့်အင်း . . ထ,ကရော . . .”

“ခွေးကောင် . . .”

သူငယ်ချင်းများက စဉ်းစားပါဦး . . အချိန်တွေအများကြီး ရှိသေးတယ်ဆိုသောကြားမှ ကျွန်တော်က ကြောင်တောင်တောင် ပေါ တောတောဖြစ်သော ထိုအမည်ကိုပင်ဇွတ်အတည်ပြုပစ်လိုက်သည်။ ပြီး . . ခပ်တည်တည်နှင့်ကြွေးကြော်ပစ်လိုက်သည်။ ‘မြန်မာမှာရော ကမ္ဘာမှာပါ . . ငါ့ကလောင်နဲ့တူတာမရှိ’ ဟူ၍။

ထိုစဉ်က ကျွန်တော်ဆိုသောကောင်က ထိုကဲ့သို့ ပေါရဲခဲ့သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလောင်များ ရွေးကြပြီး ကဗျာများကိုရွေးဖြစ်ကြသည်။

ထို့နောက် ကဗျာစာမူများကို မြို့မရပ်ထဲရှိ ဘော်ဒါဖြစ်သူ ကုန်းစွန်းတို့၏ လင်း ကွန်ပျူတာနှင့်မိတ္တူမှာ စာစီကြသည်။ ကဗျာများမှာ Background ပုံများ ထည့်ကြသည်။

ကုန်းစွန်းတို့၏ဆိုင်မှာ စာစီပြီး Background ပုံများဖြည့်ပြီး ရေအေးကွင်းမှ အစ်ကိုအိမ်သို့ပြန်ရာလမ်းတစ်လျှောက်လုံး ကျွန်တော့်ရင်မှာ အပျော်များ ပြည့်နှက်ကာနေသည်။ လုပ်ချင်တာတွေ လုပ်နေရသည်ကိုး။

သို့သော် ထိုအပျော်တို့က အိမ်ရောက်ရောက်ခြင်း လွင့်ထွက်ကုန်သည်။

"ငါ့ညီ ဘယ်ကပြန်လာတာလဲကွ . . မျက်နှာကလည်း ပြုံးလို့ပါလား . ."

"မြို့ထဲက ပြန်လာတာ . . ."

အိမ်ထဲရှိ ပက်လက်ကုလားထိုင်မှာ ထိုင်နေသော အစ်ကိုဖြစ်သူ၏အမေးကို ကျွန်တော် အပျော်တစ်ဝက်ဖြင့်ဖြေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြောပြောနေတဲ့ ဆံပင်ရှည်ရှည်နဲ့ကောင်မလေးဆီ သွားတာလား . . ."

"အာ . . ဘယ်ကလာ . . ."

ရှက်ကိုးရှက်ကန်းဖြင့် ငြင်းရင်း ကျွန်တော်ခေါင်းကုတ်ဖြစ်သည်။

"ဟုတ်မှာပါ . . မင်းကို ကြည့်ရတာ ပြုံးဖြီးဖြီးနဲ့ . . ."

"ကျွန်တော် ပြုံးတာက ကျွန်တော်တို့ကဗျာစာအုပ် . . အဲ"

"ဘာ . . ဘာကွ . . ကဗျာစာအုပ် . . ဟုတ်လား . . . ကိုထွေး . . မင်းကိုငါ အဲဒီအလုပ်တွေမလုပ်ဖို့ပြောထားတယ်နော် အေး . . ငါ့စကားနားမထောင်ဘဲ မင်းလုပ်ချင်ရာလျှောက်လုပ်နေ မယ်ဆိုရင် မင်းနဲ့ငါတွေ့မယ် . ."

စောစောကလေးတင်မှ ပြုံးနေကြသေးသော ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သည် အခုတော့လည်း မပြုံးနိုင်ကြတော့။

"ကိုထွေး . . မင်းကိုလေ ငါဘယ်လိုမှနားမလည်နိုင်တော့ ဘူး . . မင်း အခုတက်နေတာ . . လျှပ်စစ်အင်ဂျင်နီယာ ဒီပလိုမာ နော် . . မင်းရမှာ ဘွဲ့မဟုတ်ဘူး . . GTI ကနေ GTC။ GTC က နေ BE ဆက်တက်နိုင်တဲ့အထိ မင်းကြိုးစားရမှာ . . အင်ဂျင်နီယာ ဘွဲ့ရမှ မင်းရာထူးလေး ရာခံလေးရမှာကွ။ GTI က ဒီပလိုမာနဲ့ မင်းမရောင့်ရဲချင်နဲ့ . . မင်းအခုလုပ်နေတဲ့ပုံစံနဲ့ဆိုရင် GTI က ဒီပလိုမာလေးတောင် ရနိုင်ပါ့မလား။ မင်းကျောင်းနေတုန်းမှာ ကျောင်းစာပဲလုပ်လို့မရဘူးလား . . ."

ကျွန်တော် ဘာစကားမှ ပြန်မဆိုဖြစ်။ ခေါင်းကိုသာ ငုံ့ထား ရင်း လွတ်ခနဲထွက်သွားမိသည်မို့ ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်နေ ဖြစ်သည်။

"ကိုထွေး . . မင်း ငါပြောနေတာ မကြားဘူးလား . . ."



www.burmeseclassic.com

www.burmeseclassic.com



"……….."

ကျွန်တော် ဘာမှမဆိုဖြစ်။ ခေါင်းကိုသာ ပို၍ငုံ့ထားဆဲ။

"ကျောင်းစာ မလစ်ဟင်းလို့လည်း Roll 5 ရထားပြီးပြီပဲ။ ကျွန်တော့်ရှေ့မှာ လူလေးယောက်ပဲရှိတယ်။ ကျွန်တော့်နောက်မှာ လူရာနဲ့ချီပြီးတော့ ရှိတယ်။ ကျွန်တော် ဝတ္ထုတွေ၊ ကဗျာတွေရေးတာ ကျောင်းစာထိခိုက်လောက်အောင် မဖြစ်ဘူး။ ကျွန်တော်ကိုယ်၌က လည်း ဘယ်တော့မှ ကျောင်းစာကို အထိခိုက်ခံမှာမဟုတ်ဘူး .. ကျွန်တော့်ဘဝမှာ စာတော်တဲ့ကျောင်းသားအဖြစ်နဲ့ပဲနေလာတာပါ။ ဘယ်တော့မှ စာမေးပွဲမကျစေရဘူး …"

ဒါ .. ကျွန်တော့်နှုတ်မှထွက်လာသော စကားတို့တော့ မဟုတ်။ ခေါင်းငုံ့ထားရင်းက ရင်ထဲမှပြန်၍ဖြေရှင်းနေသော စကား များသာဖြစ်သည်။ ကောင်းစေချင်၍ပြောနေမှန်းသိသော်လည်း တစ် ဖက်စောင်းနင်းဆန်နေသည်ဟု ကျွန်တော် ထင်သည်။

"ပြန်မပြော နားမထောင်တော့ မလုပ်နဲ့ .. ငါပြောထား မယ် .. အဲဒီ့ကဗျာစာအုပ်ကိစ္စ ရပ်တန်းကရပ် .. မရပ်လို့ကတော့ မင်း ငါနဲ့ကောင်းကောင်းကြီး တွေ့ပြီမှတ် .. ငါ သိပ်စကားမပြော ချင်ဘူး .. လုံးဝ ဆက်မလုပ်နဲ့ .. ငါ ပြောထားတယ်နော် .. အေး .. မင်းဆက်လုပ်ရဲလုပ်ကြည့် …"

ပြောပြီးသည်နှင့် ဒေါကန်ကန်ဖြင့် အိမ်ထဲဝင်သွားသော အစ်ကိုဖြစ်သူကိုကြည့်ရင်း ကျွန်တော် ဖျတ်ခနဲ အဖေနှင့်အမေကို သတိရသည်။ အဖေတို့၊ အမေတို့ဆိုလျှင်ကော ဤကိစ္စကို ဆူမည် လားမသိ။ ဆက်မလုပ်ရဟု အမိန့်ထုတ်သွားသော အစ်ကို့ကို စိတ်ထဲ မှနေ ပြောဖြစ်သည်။

"ရပ်လို့မရတော့ဘူး အစ်ကို .. ဆက်မလုပ်လို့လည်း မရ တော့ဘူး .. စာအုပ်ကဖြင့် ရတောင်ရတော့မယ် .. ကျွန်တော်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကဗျာစာအုပ်အမှတ်တရထုတ်မလို့ လုပ်တာပါ . . ရာဇဝတ်မှုကျူးလွန်နေတာ မဟုတ်ဘူး . . ."

အစ်ကိုဖြစ်သူကတော့ ကျွန်တော့်ကို အိပ်ခန်းထဲမှနေ ရေရွတ်နေဆဲဖြစ်သည်။

"ကျောင်းသားက ကျောင်းစာပဲလုပ်ပေါ့ . . ဘာ ကဗျာလဲ . . ဘာဝတ္ထုလဲ . . အလကား အရေမရ အဖတ်မရ ထမင်းငတ်မယ့် အလုပ်တွေ။ ပြောလိုက်တော့ မျက်နှာက မျက်နှာနဲ့မတူဘူး . . အပြောမခံချင်ရင် မလုပ်နဲ့ . . အပြောခံရတော့ မျက်နှာက ရှစ်ခေါက်ချိုးနဲ့ . . . xxxxxxxxx"

အစ်ကိုရေရွတ်နေသည်က တော်တော်နှင့်မပြီး။ ကျွန်တော့်ရင်ထဲမှာတော့ အဆုံးစွန်ကြေကွဲကာနေသည်။ ဝါသနာဆိုသည့်အမျိုးကို ဖောက်ထုတ်ပစ်၍ရလျှင်တော့လည်း ကောင်းသားဟု ကျွန်တော်တွေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



There is a pleasure in poetic pains

which only poets Known.

Couper

ကဗျာဆန်တဲ့ နာကျင်မှုတွေထဲမှာ ကြည်နူးစရာရှိနေတယ်

ဆိုတာကို ကဗျာဆရာတွေပဲ သိကြတယ် . . .။

ကော့ပါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အစ်ကို့ကို အလွန်အားနာသွားမိသည်။ ကဗျာစာအုပ်ထုတ်ရန်ကလည်း အားလုံးစီစဉ်ပြီးသွားပြီမို့ နောက်ဆုတ်၍ မရတော့။

ကျွန်တော်တို့၏ ကဗျာများကို စာစီပြီးပြီမို့ Print ထုတ်ကာ ထိုနေ့မှာပဲ ကော်ပီကူး၍ တစ်ခါတည်းစာအုပ်ချုပ်မည်ဖြစ်သည်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ပဋိပက္ခဖြစ်သောအချိန်မှာ ကဗျာစာအုပ်က အားလုံးအပြီးအစီးပင် ဖြစ်နေပြီဖြစ်သည်။ ကျွန်တော် သက်ပြင်းအကြိမ်ကြိမ်ချမိသည်မှအပ ဘာမှမတတ်နိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ ဘော်ဒါဖြစ်သော ကျော်မျိုးထွေးဆွဲထား ပေးသည့် ဘောင်ဒီဇိုင်းဖြင့် ကဗျာစာအုပ်၏မျက်နှာဖုံးက မိုက်နေသည်။ ဘောင်အတွင်း၌ သီဟ၏ Idea ဖြစ်သော နှလုံးသားကိုကိုင်ထားသည့် လူပုံရုပ်က ကဗျာစာအုပ်၏မျက်နှာဖုံးကို ကြွတက်နေစေသည်။ ပြီးနောက် ကျောဖုံးမှာ ဆွဲထားသော သီဟ၏လက်ရာ ကွန်ပျူတာပန်းချီကလည်း Style တစ်မျိုး ဖြစ်ကာနေသည်။

လက်ထဲသို့ ဝေစုအဖြစ်ရောက်လာသော ကဗျာစာအုပ်နှစ်ဆယ်ကိုကြည့်ရင်း ကြည်နူးမှုတစ်မျိုးကို ခံစားရသည်။ ဝါဆို (၂၈)၊ အညတရဌက်၊ လှိုင်းနီ၊ မြားနတ်မောင်၊ MMM၊ ကျီးကန်း၊ ခါးစသော ကလောင်လှတပတကြားမှာ . . . . ဗျာ! ဆိုသော ကျွန်တော့်နာမည်က ကြောင်တောင်တောင်။ ဤသည်ကိုပင် ကျွန်တော်က ကြံဖန်ပြီး ကြည်နူးလိုက်သေးသည်။

အစောကြီးကတည်းက ရှုံးမည်မှန်းအသိသိနှင့်ထုတ်သော စာအုပ်မို့ သူငယ်ချင်းများကြား ရောက်လျှင်ပြီးရောဟု ကျွန်တော်တို့အားလုံးက သဘောထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာစာအုပ် ဝယ်ပါဦး . ."

ဟု ပြောရမည်ကိုပင် အရှက်ကြီးရှက်နေသော ကျွန်တော့်အဖို့ ဘယ်သူ့ကို လက်ဆောင်ပေးရပါ့ဟုသာ တွေးဖြစ်သည်။

"ဟော့ . . နင်တို့တွေ ငါတို့ကဗျာစာအုပ်ကို အားမပေးချင်ဘူးလား . . ."

"ဘယ်လိုအားပေးရမှာလဲ . . ."

"ဝယ်ပြီးတော့ အားပေးပေါ့ဟ . ."

နောက်ဆုံးတော့ ကိုယ့်အခန်းထဲမှ ကောင်မလေးများဆီ မျက်နှာပူပူဖြင့် တို့ရောင်းဖြစ်သည်။

"ဟဲ့ . . နင်တို့စာအုပ်က သောက်မရစားမရနဲ့ . . ရှင်းအောင်ပြောရရင် အရေလည်းမရဘူး . . အဖတ်လည်းမရဘူး . . ဒီတော့ အဲဒီလို အရေမရ အဖတ်မရအလုပ်တွေကို ငါတို့မလုပ်ဘူး"

"နင်တို့သုံးယောက်ပေါင်း . . နှ . . နှစ်အုပ်လောက်တော့ အားပေး . . ."

မျက်နှာပူပူဖြင့်ပင် ရယ်ကျဲကျဲဖြင့် ကျွန်တော်ဆိုဖြစ်သည်။

"ဟောတော့ ဖွတ်ကြီးပါလား . . ကဲ . . ကဲ . . တစ်အုပ်ဘယ်လောက်လဲ . . ."

"ငါးဆယ် . ."

"ဈေးကြီးတယ် . . မဝယ်ဘူး . ."

"ဟုတ်တယ် . . ငါးဆယ်ဆိုရင် ကျောင်းအသွားအပြန်ကားခနှစ်ရက်စာကြီးများတောင်၊ မုန့်ဝယ်စားမယ်ဆိုရင် ဗိုက်ရိုက်စားလို့ရမယ့် Amount ပဲ . ."

"နင်တို့ ငါ့ကဗျာစာအုပ်မဝယ်ရင် အပျိုကြီးဖြစ်ပါစေလို့ ကျိန်လိုက်မှာနော် . . ဝယ်လို့ရှိရင် ငါ့လိုခပ်ဖြောင့်ဖြောင့်လူနဲ့ဆုံပါစေလို့ ဆုတောင်းပေးမယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ချော်ချော်ဖြင့်ဆိုသော ကျွန်တော့်စကားကြောင့် ကောင်မလေးတစ်သိုက်က လှောင်ရယ်ဝိုင်းရယ်ကြသည်။

"ဒီမှာ ငါတို့သုံးယောက်က အပျိုကြီးမလုပ်ဘူး ..ကိုယ့်ကိုယ်ကိုယ်လည်း အပျိုကြီးမဖြစ်ဘူးဆိုတာ ယုံပြီးသား ..ဒီတော့ နင့်ကဗျာစာအုပ် မ..ဝယ်ဘူး .."

"လုပ်ပါဟာ ..ဒါဆိုရင်လည်း တစ်အုပ်တော့ဝယ် .."

ကျောင်းမတက်သေးသည်မို့ အချိန်ရတုန်း ချော့ရောင်းဖြစ်သည်။

"သုံးအုပ်တစ်ရာရရင် ဝယ်မယ် ..."

"အာ ..."

ကောင်မလေးတစ်ယောက်၏အပြောကြောင့် ကျွန်တော် 'အာ' ခနဲ ဖြစ်သွားရသည်။

"သုံးအုပ်တစ်ရာ ဘယ်ရမလဲဟာ ..တစ်အုပ်ကို အရင်းလေးဆယ်ကျော်တောင် ကျတာ ..."

"မရရင် မဝယ်ဘူး .."

အခြေအနေက သိပ်မကောင်း။ သုံးအုပ်တစ်ရာဖြင့် ရောင်းပါက နေရင်းထိုင်ရင်းဖြင့် နှစ်ဆယ်ကျော်ရှုံးမည်ဖြစ်သည်။ မထူးတော့ပြီမို့ 'မဝယ်ဘူး' ဟုဆိုရင်း ထွက်ခွာစပြုနေသော ကောင်မလေးသုံးယောက်ကို 'နေဦး' ဟု လှမ်းခေါ်ဖြစ်သည်။

"ဘာလဲ .."

"ငါ နင်တို့ကို ဈေးဦးပေါက် သုံးအုပ်တစ်ရာနဲ့ ထားပေးလိုက်မယ် ..ဘယ်သူမှတော့ မသိစေနဲ့ပေါ့ဟာ ..အထူးသဖြင့် ဟိုကောင်တွေ မသိစေနဲ့ ..သိရင် ငါ့ကို ဝိုင်းကန်ကြမှာဟ ..."

"အေးပါ ..စိတ်ချ ..."

"အားနာလို့ဝယ်ပေးတာနော် ..သူက သုံးအုပ်တစ်ရာ ခုခ



www.burmeseclassic.com

www.burmeseclassic.com

လိုက်လို့ . . . ငါ့သဘောဆိုရင် ‘ရောင်းသူတစ်ဆယ် ဝယ်သူတစ်ကျပ်’ ဆိုတာလို ဆစ်မလို့ . . .”

“ဘာ . . နင်က တစ်အုပ်ငါးကျပ် ဆစ်ချင်သေးလို့လား”

“သဘောပြောတာပါ . . .”

သို့နှင့် ကျွန်တော် သုံးအုပ်ရောင်းလိုက်ရသည်။ တစ်အုပ်က ဆံပင်ရှည်ရှည်နှင့်ကောင်မလေးတစ်ယောက်ကို ရင်ခုန်ခြင်းများစွာနှင့်လက်ဆောင်ဦးဦးဖျားဖျားပေးထားနှင့်သည်မို့ ငွေလေးအုပ်တော့ လျော့သွားပြီဖြစ်သည်။ ထို့ကြောင့် ကဗျာစာအုပ်ပေါင်း ဆယ့်ခြောက်အုပ်ကြီးများတောင် ကျန်သေးသည်။

“ဟကောင်တွေ . . ငါကိုယ်တော်မြတ် သုံးအုပ်ကြီးများတောင် ရောင်းရပြီကွ . . ဝါးဟားဟား . . ငါကွ . . .”

ခပ်တည်တည်ဖြင့် ခေါင်းမော့ရင်ကော့ရင်း တွေ့တွေ့ချင်း ခပ်ကြွားကြွားဆိုသော ကျွန်တော့်ကို ကျန်ကဗျာဆရာအုပ်စုက အံ့သြဟန်ဖြင့် ကြည့်သည်။

“မင်းကိုယ်တိုင် လိုက်ရောင်းနေတာလား . . .”

“အေးပေါ့ကွ . . .”

“ငတုံး . . ငါတို့က တခြားမေဂျာက သူငယ်ချင်းကောင်မလေးတွေကို ပေးပြီးရောင်းခိုင်းလိုက်တာ . . တစ်ဝက်တောင် ကျိုးနေပြီ . .”

“အင် . . .”

“ငကြောင် . . ကြောင်တောင်တောင်နဲ့ သုံးအုပ်ရောင်းရတာကို လာကြွားနေသေးတယ် . . ငပေါ . .”

တစ်ယောက်တစ်ပေါက်ဆိုကြသည်မို့ ကျွန်တော် နင်တင်တင်ကြီးဖြစ်သွားရသည်။ သို့သော် ဟန်မပျက်ပင် ပြန်ပက်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ . . ငါဆိုတဲ့ကောင်က ကိုယ့်အားကိုယ်ကိုးတဲ့ကောင်ကွ . . ."

"အေး . . ပြီးရော . . ငါတို့က မင်းစာအုပ်ကို ကူရောင်းပေးမလို့ . . မင်းမှာ အဲဒီလိုစိတ်ဓာတ်ရှိတော့လည်း ငါတို့သက်သာတာပေါ့ . . ."

"ဘာ . . ဟို . . အဲဒီလိုတော့လည်း မဟုတ်ဘူးလေ . . ငါပြောချင်တာက . . ."

"ဘာမှလာမပြောနဲ့ . . မရတော့ဘူး . ."

"ဟကောင်တွေ . . စောင့်ကြဦးလေ . . ဟကောင်တွေ"

ကဲန်တင်းဆီ ဦးတည်နေသောသကောင့်သားများနောက်ကို အမှီလိုက်ရင်း ကျွန်တော်ရယ်ဖြစ်သည်။

ကိုယ့်စကားနှင့်ကိုယ်ကိုး . . .။



www.burmeseclassic.com

www.burmeseclassic.com

# ၈၆

သို့နှင့် ဘော်ဒါများဝိုင်းရောင်းကူကြသည်မို့ စာအုပ်ရှစ်အုပ်ခန့် ပြောင်သွားသည်။ ကျန်စာအုပ်ရှစ်အုပ်ကို အိမ်ပြန်သယ်ဖို့ ကျွန်တော်တွန့်နေဖြစ်သည်။

ကဗျာစာအုပ်ကိစ္စ ရပ်တန်းကရပ်ပါဟု အကြိမ်ကြိမ်တားသည့်ကြားက မဖြစ်ဖြစ်အောင် လုပ်ထားမှန်းသာသိလျှင် ဘရားသားကြီး ကျွန်တော့်ကို အမှုန့်ကြိတ်လိမ့်မည်။ သို့သော်လည်း 'သူခိုးရွှေရတပြုံပြုံ' ဆိုသလို ကဗျာစာအုပ်ကိုပင် ချစ်သူ့မျက်နှာလိုမျိုး မကြာခဏ ကြည့်ချင်မြင်ချင်နေသည်။ ရှုလို့မဝနိုင်ဖြစ်ကာနေသည်။

ထို့ကြောင့် ကျောင်းစာအုပ်များကြား ကဗျာစာအုပ်တို့ကို ညှပ်ကာထည့်ရင်းအိမ်ကို ယူပြန်ဖြစ်သည်။ အဲ . . ဒီမှာ စတွေ့တော့တာပဲ ဖြစ်သည်။

အိမ်ပြန်ရောက်တော့ အိမ်မှာ ပင်းတယမှလာသော အစ်ကိုအကြီးဆုံး၏အောက်မှ နံပါတ်နှစ် အစ်ကိုရောက်နေသည်။ ဘရားသားအကြီးဆုံးက အိမ်မှာမရှိ။ သို့နှင့်ပင်းတယမှဘော်ဒါအချို့ကို နံပါတ်နှစ်အစ်ကိုဖြင့် ကဗျာစာအုပ်လက်ဆောင် လှူကြဲထည့်အုံးလိုက်ဦးမှဟု ကျွန်တော် တွေးဖြစ်သည်။ ဘရားသားကြီးပြန်မရောက်


www.burmeseclassic.com

www.burmeseclassic.com


ခင် ဤကိစ္စအမြန်ဖြတ်မှတော်မည်ဟု တွေးရင်း နံပါတ်နှစ်အစ်ကို ကို ကျွန်တော် ကဗျာစာအုပ်ထုတ်ထားကြောင်း လိုရင်းနှင့်တိုရှင်း ရှင်းပြပြီး ကဗျာစာအုပ်တို့ကို ပြရန်လွယ်အိတ်ထဲမှ ကျောင်းစာအုပ် ကို ခပ်သုတ်သုတ်ဆွဲထုတ်ဖြစ်သည်။ ကဗျာစာအုပ်များက ၎င်းစာ အုပ်တွင် ညှပ်ထားသည်ကိုး။

ဖြစ်ချင်တော့ ကဗျာစာအုပ်ညှပ်ထားသောစာအုပ်ကိုကိုင် ရာ၌ ချော်ပြီး ကဗျာစာအုပ်များက သွန်ချလိုက်သလို ဝေါခနဲ အောက် ပြုတ်ကျကုန်သည်။ ညှော်ခန်းထဲ၌ ဖွေးခနဲ ကျကုန်သောကဗျာစာအုပ် ကို ကမန်းကတမ်းကုန်းကောက်ရန် ပြင်ချိန်မှာပင် ဘွားခနဲဝင်လာ သော ဘရားသားကြီးကြောင့် ကျွန်တော် ထိတ်ခနဲဖြစ်သွားမိသည်။

အလန့်တကြားဖြင့် ကဗျာစာအုပ်များကို ကပျာကယာသိမ်း နေသောကြားမှ လျှင်မြန်စွာရောက်လာရင်း ဖျတ်ခနဲလှမ်းကောက် သော ဘရားသားကြီး၏လက်ထဲသို့ ကဗျာစာအုပ်က ပါသွားသည်။ ကျွန်တော့်အတွေးထဲမှာတော့ ကဗျာစာအုပ်ဘရားသားကြီးလက်ထဲ ပါသွားသည်ကို မမြင်။ ကျွန်တော့်နှလုံးသားက ယက်ကန်ယက်ကန် ဖြင့် ဘရားသားကြီးလက်ထဲပါသွားသလိုကြီး ခံစားလိုက်ရသည်။ အသက်ရှူတို့ မဝတစ်ချက်၊ ဝတစ်ချက်ဖြစ်ကာလာသည်။ ပြဿနာ တော့တက်ပြီဟု စိတ်မှာအလိုလို ခံစားသိရှိကာနေသည်။

ကဗျာစာအုပ်ကို တောင်လှန်မြောက်လှန် လှန်ကြည့်ပြီး သည်နှင့် စူးခနဲကြည့်လာသော ဘရားသားနှင့်ကျွန်တော် အကြည့် ချင်းမဆုံရဲသည်မို့ တစ်ဖက်သို့မျက်နှာလွှဲထားဖြစ်သည်။

"ငါ မလုပ်နဲ့လို့ တားတဲ့ကြားက မင်းက ကဗျာစာအုပ်ထုတ် တယ်ပေါ့ . . မင်း ပိုက်ဆံတွေ သိပ်ပေါနေတယ်ပေါ့ ဟုတ်လား"

"ဒါ . . ဒါ . . လက်ဆောင်ရထားတာ . . . "

"မညာနဲ့ ငါ့ညီ . . မင်းလက်ထဲမှာရှိနေတဲ့ ကဗျာစာအုပ်


www.burmeseclassic.com

www.burmeseclassic.com



တစ်ထပ်ကြီးက လက်ဆောင်ရထားတာလား . . ဟကောင် မင်းဝန်ခံစမ်း . . မင်း ယောကျ်ားမဟုတ်ဘူးလား . . ပြော . . မင်း ဒီစာအုပ်ထုတ်ထားတာ မဟုတ်လား . . ."

ဒေါသတကြီးဖြင့် အော်နေသောဘရားသားကြီးကို ဆက်လိမ့်၍ရတော့မည်မဟုတ်။ ထို့ကြောင့် ကျွန်တော် 'ဟုတ်တယ်' ဟု ကျွန်တော် ဖြေဖြစ်သည်။

"မင်းက ငွေဘယ်နှပြားရှာနိုင်ပြီလဲ . . မင်းလုပ်ချင်ရာတွေ လျှောက်လုပ်ဖို့ မိဘပိုက်ဆံကို ဖြုန်းနေပါလား . . ပြစမ်း . . မင်းကို ငါရေးခိုင်းထားတဲ့ အသုံးစာရင်း အခုပြ . . ဟိုတစ်နေ့ကလည်း မင်း ပင်းတယအိမ်ကို ငွေမှာတယ်မဟုတ်လား . . ပြ . . မင်းသုံးထားတဲ့ အသုံးစာရင်း . . အခုချက်ချင်းပြ . . ."

"ရေးမထားဘူး . . ."

ပခုံးကို ဆောင့်တွန်းရင်း အမေးခံလိုက်ရသည်မို့ ကျွန်တော် ဘုတောဖြစ်သည်။ တကယ်တော့ ကျွန်တော် သုံးသမျှသောစာရင်းတို့ကို စာအုပ်ဖြင့်ရေးထားပြီးသားရှိသည်။ တမင်ပင် မပြချင်တော့၍ ဘုတောလိုက်ခြင်းဖြစ်သည်။

"ဘာကွ . . ရေးမထားဘူး . . ဟုတ်လား . . မင်း . . ကိုယ့်မိဘပေးတဲ့ပိုက်ဆံကို ဒီလိုပဲ စည်းမရှိကမ်းမရှိ သုံးနေတယ်ပေါ့"

". . . . . . . . . . . ."

ကျွန်တော် ဘာမှပြန်မပြောဖြစ်။ တကယ်တမ်းကျတော့လည်း ဘရားသားက အမှန်။ ကျွန်တော်က အမှားဖြစ်နေသည်ကိုး။ သို့သော်လည်း ကျွန်တော်က ဂျစ်ကန်ကန်ချာတိတ်ဖြစ်သည်။ ကိုယ့်အမှားကို ကိုယ်ဝန်ခံတတ်သောသူ မဖြစ်ခဲ့။

ပြန်မပြော နားမထောင် လုပ်နေသောအခါ ဘရားသားကြီး၏ ဒေါသတို့က ပို၍ပေါက်ကွဲကာလာသည်။ ကျွန်တော့်၏ရိုး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏တူမ၊ ပြီး . . ဒီနေ့မှ ပင်းတယကတက်လာသော နံပါတ်နှစ်အစ်ကိုတို့က ကျွန်တော်တို့နှစ်ယောက်၏ ပြဿနာကို မျက်နှာယယ်တွေနှင့် ကြည့်နေကြသည်။

"ပြီးတော့ ကျောင်းသားက ကျောင်းစာပဲလုပ်ပါ . . လို့ ငါအတန်တန်ပြောတာကိုလည်း နားမထောင်ဘူး . . ဒီ ထမင်းငတ်မယ့် လမ်းတွေမလုပ်ပါနဲ့လို့ ဆိုတာကိုလည်း မင်းလုပ်ဖြစ်အောင်ကိုလုပ်တယ် . . ဘာလဲ မင်းက ငါ့ကိုဂရုမစိုက်ဘူးဆိုတဲ့ သဘောလား . . ငါ့ကို စိန်ခေါ်တယ်ပေါ့ . . ဟုတ်လား . . ."

". . . . . . . . . . ."

ဘရားသားကြီးက အစွမ်းကုန်ပို၍ပို၍ပေါက်ကွဲလာသည်။ ကျွန်တော် ထိုအချိန်မှာ တွေးမိနေသည်က အလုပ်ကိစ္စနှင့်တစ်ယောက်ယောက်များ အရေးတကြီးလာခေါ်လျှင် ကောင်းမည်ဟူသောအတွေး . . သို့မဟုတ် ဆုတောင်း . .။

သို့သော် ဖြစ်မလာခဲ့ပါ။ ဘရားသား၏ဒေါသတို့က အထွတ်အထိပ်သို့ရောက်ရှိသွားခဲ့ပြီဖြစ်သည်။

"အေး . . ငါ့အိမ်မှာနေပြီး ငါ့စကားနားမထောင်ဘူးဆိုမှတော့ ငါကလည်း ရွေးစရာလမ်း မရှိတော့ဘူး . . မင်းကို ငါ့အိမ်မှာမထားနိုင်တော့ဘူး . . ဒီတော့ မနက်ဖြန် . . ပင်းတယကားထွက်ချိန် မင်းမျက်နှာကို ငါမမြင်ချင်ဘူး . . မင်း ပင်းတယပြန် . . ဟိုရောက်ရင် မင်းလုပ်ချင်တာလုပ် . . မင်း ကျောင်းဆက်မတက်တော့နဲ့ . . မိဘပိုက်ဆံကို မဖြုန်းတော့နဲ့ . . မင်း ဒီပုံစံအတိုင်းသွားရင်စာမေးပွဲအောင်မှာလည်း မဟုတ်ဘူး . . ပြန် . . ပင်းတယကိုနောက်ပြီးမင်းကို တစ်ခါတည်းမှာလိုက်မယ် . . မင်းနဲ့ငါနဲ့ အခုအချိန်ကစပြီး ဘာပတ်သက်မှုမှမရှိတော့ဘူး . . မင်းသေရင်လည်း ငါမလာဘူး . . ငါသေရင်လည်း မလာခဲ့နဲ့ . . လုံးဝသေခန်းပြတ်ပဲ . . မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



ပြောမြီး အခန်းထဲဝင်သွားသော အစ်ကိုဖြစ်သူကို လိုက်ကြည့်ရင်း ကျွန်တော် ထိုနေရာမှာပင် ရပ်နေဖြစ်သည်။

"မင်းကဲ ငယ်ငယ်လေးကတည်းက စာတော်တယ်။ အိမ်မှာအငယ်လည်း အငယ်ဆုံး အသက်ကလည်းကွာတော့ . . မင်းကို ငါကို့ညီအစ်ကိုတွေက ဝိုင်းချစ်ကြတာ . . "

ဟု ပြောလေ့ပြောထရှိသော အစ်ကိုကြီး၏စကားများမှ ဟုတ်ပါလေစဟု ကျွန်တော် ကြေကွဲစွာ တွေးဖြစ်သည်။ ကောင်းစေချင်သောစိတ်ဖြင့်ဆိုသော ကရုဏာဒေါသစကားလုံးများဟုဆိုသော်လည်း ကျွန်တော့်အတွက်တော့ အတော်ကြီးတုန်လှုပ်သွားစေသည်။ အို့နင့်သွားစေသည်။

"ငါ့ညီ မနက်ဖြန် ပင်းတယကားထွက်ချိန်အထိ စောင့်နေဦးမလို့လား . . အခုကတည်းက ဆင်းကြရအောင် . . ပစ္စည်းတွေသိမ်း . . မင်းက ငတ်လို့သူ့အိမ်လာနေတာမှမဟုတ်တာ . . သူခေါ်လို့ လာနေတာ . . ဘာမှစိတ်မကောင်းဖြစ်မနေနဲ့ . . မနက်ဖြန်အဆောင်မှာပြောင်းနေပေါ့ . . ကဲ . . ကဲ . . သိမ်းစရာရှိတာ သိမ်း"

ငူငူကြီးဖြင့်နေရာမှာရပ်နေဆဲဖြစ်သော ကျွန်တော့်ပခုံးကို ပုတ်ရင်းဆိုသော အစ်ကိုနံပါတ်နှစ်က ပြောပြောဆိုဆိုဖြင့် ကျွန်တော်ပစ္စည်းတချို့ကို တဝုန်းဝုန်းဖြင့်သိမ်းသည်။

ဟုတ်တော့လည်းဟုတ်သည်။ ဆင်းရမယ့်အတူတူတော့ မနက်ဖြန် စောင့်နေလျှင် စိတ်ပိုပင်ပန်းလိမ့်မည်။ နာရီကို ဖျပ်ခနဲလှမ်းကြည့်တော့ ညဆယ်နာရီထိုးတော့မည်ဖြစ်သည်။

သိမ်းစရာရှိသည်တို့ကိုသိမ်းရင်း ဘယ်ကရောက်လာသည်မသိသော မျက်ရည်တို့ကို မကျအောင် ကျွန်တော် ထိန်းထားဖြစ်သည်။

ထိုစဉ်မှာပင် လက်နောက်ပစ်ကာရောက်လာသော မရီးဖြစ်သူက ဘေးမှာလာရပ်သည်မို့ ကျွန်တော် မော့ကြည့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အစ်ကို စိတ်ဆိုးတုန်းမို့လို့ ပြောတာပါ . . ပစ္စည်းတွေသိမ်းမနေနဲ့ . . ."

ဟု ပြောမည်လား . . သို့တည်းမဟုတ် . .

"ဆက်မသိမ်းတော့နဲ့ လောလောဆယ် . . နင့်အစ်ကိုဒေါသထွက်နေတုန်းမို့လို့ ငါမနက်ကျဖျောင်းဖျပေးမယ် . ."

ဟုများ ပြောမည်လား . . လားပေါင်းများစွာဖြင့် တွေးနေတုန်း လက်နောက်ပစ်ထားသော မရီး၏လက်တစ်ဖက်က ဆတ်ခနဲရှေ့သို့ထွက်လာသည်။ ကြည့်လိုက်တော့ မရီး၏လက်ထဲတွင် ပီနံအိတ် (ခေါ်) မွေ့ရာခွံအိတ် (ခေါ်) ဆာလာအိတ် (ခေါ်) ဆန်အိတ်ခွံတစ်လုံး။

"ရော . . . နင့်စာအုပ်တွေထည့်ဖို့ . . ."

"ဩော် . . ကျ . . ကျေးဇူး . ."

လိုက်တက်လာသော ဆို့နင့်မှုတို့နှင့်အတူ ကျွန်တော်ဆိုဖြစ်သည်။ ကျွန်တော် ထင်သည်က ကျွန်တော့်အားထွက်မသွားရန် တားဖို့လာသည်ဟု။ အခုတော့ တားဖို့မဟုတ်ဘဲ သွားဖို့တွန်းအားပေးနေခြင်းပါလား . . ဟု ကျွန်တော် လက်ခနဲ တွေးဖြစ်သည်။ စာအုပ်များကို လက်မှပွေ့ချီနေရမည်စိုး၍ သက်သောင့်သက်သာထမ်းဆင်းရန်အလို့ငှာ စေတနာထားသော မရီး၏ကူညီမှုကို ကျွန်တော် ကျေးဇူးစကားဆိုဖြစ်သည်။

ပြန်တွေးမိတော့လည်း ထိုစဉ်က အတော်ကြေကွဲခဲ့သောကိစ္စသည် အခုတော့လည်း ပြက်လုံးတစ်ခုလို ရယ်စရာကောင်းနေသည်။ လက်ကြီးနောက်ပစ်ထားသဖြင့် တစ်ခုခုများကျန်နေ၍လာပေးသည်လားဟု ထင်မိခဲ့သည်။ သို့မဟုတ် ဆင်းမသွားဖို့တားမည်လားဟု ထင်ခဲ့သည်။ တကယ်ဖြစ်နေသည်က ခပ်သွက်သွက်သိမ်းဆည်းပြီး ခပ်သုတ်သုတ်သယ်နိုင်ဖို့ အိတ်ခွံတစ်ခုဖြစ်လို့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ ကျွန်တော့်ဘရားသား၏ တောင်ကြီးရေအေး ကွင်းရှိ အိမ်ကိုရောက်သောနေ့မှာ ၉. ၂. ၁၉၉၉ဖြစ်ပြီး ၎င်းအိမ်မှ ဆင်းရသောနေ့မှာလည်း ၉. ၂. ၂၀၀၀ ခုနစ်ဖြစ်သည်။

ည (၁၀)နာရီကျော်မို့ ကားလမ်းပေါ်၌ ကားများမရှိတော့။ GTI ကျောင်းသုံးဖြစ်သော T ပေတံရှည်များ၊ စာအုပ်များကို တစ်ဖက်ကထမ်းရင်း ကျန်ကျွန်တော့်လက်တစ်ဖက်က သံသေတ္တာကို ဆွဲထားရသည်။ ကျွန်တော်၏ နံပါတ်နှစ်အစ်ကိုသည်လည်း လက်တစ်ဖက်က သံသေတ္တာကိုဆွဲကာ ကျန်လက်တစ်ဖက်က ကျွန်တော်၏ စောင်၊ ခြင်ထောင်နှင့်အခြား တိုလီမိုလီများ ထည့်ထားသော အိပ်ရာလိပ်ကိုထမ်းကာထားသည်။ ပြီး . . တက်ကိုတစ်လမ်းလုံးခေါက်ကာ လာသည်။

ရေအေးကွင်းရပ်ကွက်၊ ကန်ရှေ့ရပ်ကွက်နှင့်သစ်တောရပ်ကွက် သုံးခုဆုံရာ လမ်းဆုံဖြစ်သော တောင်ကြီးမြို့၏ နာမည်ကျော်ကျောင်းတစ်ခုဖြစ်သည့် တောင်ကြီး အ. ထ. က(၄)၏ဘေးရှိ နတ်စင်၏ရှေ့ ပေတစ်ရာလမ်းမပေါ်၌ သံသေတ္တာနှင့်အထုပ်များကိုချကာ နားနေတုန်း ပြည့်ပိုင်မှုအိမ်လောင်းလျာဖြစ်သော ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျွန်တော့်အစ်ကိုဆီသို့ အပြေးအလွှားအလုအယက်ပြေးလာနေကြသော ခွေးများက သူဦးငါခင် ကိုက်မည်ပြုသည်။ တဝုတ်ဝုတ်ဖြင့် ထိုးဟောင်ကာ သူ့ထက်ငါ အလုအယက်ဝိုင်းကိုက်ကြမည့် ဒီဇိုင်းဖြင့် ဝိုင်းဝိုင်း၍ဆွဲကြသည်။ T ပေတံရှည်ကြီးဖြင့် ပြန်ခြောက်ရင်း အစ်ကို အိမ်မှဆင်းရ၍ ကြေကွဲနေရသော Feel တို့က ကြက်ပျောက်ငှက်ပျောက်ပျောက်ကုန်သည်။

ခါတ်ရှင်ထဲမှာသာဆို ဤအခန်းမျိုးက နောက်ခံတယောတီးလုံးဖြင့် ခေါင်းကြီးငိုက်စိုက်ချကာ ပေတစ်ရာလမ်းပေါ်မှာ ငိုက်စိုက်ငိုက်စိုက်ဖြင့် သွားနေရမှာဖြစ်သည်။ အခုတော့ သံသေတ္တာကြီးလမ်းလယ်မှာချကာ ပတ်ပတ်လည်ဝိုင်းကာ စားမည်ဝါးမည် တကဲကဲလုပ်နေသော ခွေးအုပ်ကြီးကို တရှူးရှူးဖြင့် ခြောက်လှန့်နေရသည်။ ကြေကွဲချိန်ပင် မရသည့်အဖြစ်။ နည်းနည်းလေးမှ ကဗျာမဆန်ခဲ့သော ထိုအဖြစ်တို့က ယခုတော့လည်း ဟာသဖြစ်မှန်းမသိ ဖြစ်ကာနေသည်။

ခွေးတွေ ခပ်လှမ်းလှမ်းသွားကာ ဟောင်နေချိန်မှာ ညီအစ်ကိုနှစ်ယောက်သား သံသေတ္တာကြီးဆွဲကာ ခရီးဆက်ရသည်။ ဖေဖော်ဝါရီလထဲမှာမို့ မိုးတွေ ရွာမနေခဲ့သည်ကိုပဲ ကျေးဇူးတင်ရမည်။

ညီအစ်ကိုနှစ်ယောက်သား တောင်ကြီးမြို့မဈေးဘက် ဆင်းလာရင်း 'လင်း' တည်းခိုခန်းရှေ့သို့ရောက်လာသည်။

"အေးသာယာလိုင်းကားတွေက ညရှစ်နာရီဆိုရင် ကုန်ပြီ။ အခုက ညဆယ်နာရီကျော်နေပြီဆိုတော့ တည်းခိုခန်းမှာ တစ်ညအိပ်ပြီးတော့ မနက်မှပဲဆင်းရမယ် . . ."

"အေး . . ."

သို့နှင့် တည်းခိုခန်းမှာဝင်၍ အခန်းမေးသည်။ ဖြစ်ချင်တော့



www.burmeseclassic.com

www.burmeseclassic.com



အခန်းက လူပြည့်နေပြီဟုဆိုသည်။ တော်သေးသည်က ရင်းတည်းခိုခန်းနှင့်မျက်နှာချင်းဆိုင်၌ တည်းခိုခန်းတစ်ခုရှိနေသေးသည်။

ရင်းတည်းခိုခန်း၏အမည်က မိုးဆမ်းပန်းတည်းခိုးခန်း။ ကံကောင်းချင်တော့ ရင်းတည်းခိုခန်း၌ အခန်းတစ်ခန်းရှိနေသေးသည်။ ကံဆိုးချင်တော့ ကျွန်တော့်မှတ်ပုံတင်က ရှာ၍မတွေ့။ အိတ်ကပ်ထဲမှာက ကျောင်းသားကတ်ပဲရှိသည်။ မန်နေဂျာကလည်း မှတ်ပုံတင်မရှိက လက်ခံ၍မရကြောင်းဆိုသည်။ ပစ္စည်းများကို ဖွစ်သလိုသိမ်းကာယူလာသည်မို့ မှတ်ပုံတင် ပါမပါပင် မသေချာ။

"သေသေချာချာရှာဦး . . . အိမ်မှာကျန်ခဲ့လို့ကတော့ ပြဿနာပဲ . ."

အစ်ကိုဖြစ်သူ၏စကားကြောင့် ကျွန်တော် စိတ်ညစ်သွားရသည်။ သံသေတ္တာထဲရော၊ ကျန်အထုပ်များထဲမှာပါ လှန်လှောရှာရင်း အေးစိမ့်သော တောင်ကြီးဆောင်း၏ခိုက်ခိုက်တုန်နေသောရာသီဥတု၌ ကျွန်တော် ဇောချွေးများပျံကာနေသည်။

နောက်ဆုံးတော့ စာအုပ်တစ်အုပ်ကြားမှ ကိုရွှေမှတ်ပုံတင်က မထွက်ချင် ထွက်ချင်ဖြင့် ထွက်ပေါ်ကာလာသည်။

သို့နှင့် ရင်းတည်းခိုခန်း၌ တစ်ညအိပ်ပြီး နောက်တစ်နေ့နံနက်၌ တောင်ကြီးမှနေအေးသာယာသို့ အေးမြို့တော်လိုင်းကားဖြင့် ရောက်ချသွားသည်။ ငြိမ်းချမ်းအမျိုးသားနေဆောင်သို့ 10.2.2000 ၌ ရောက်ကာသွားသည်။

ထိုနေ့ကား ကျွန်တော်၏ ပထမဆုံးသော အဆောင်စနေရသည့် နေ့ဖြစ်သည်။ စိတ်ကြာကြာမညစ်တတ်သော ကျွန်တော်က ထိုနေ့မှာပင် အဆောင်ရောက်ရောက်ချင်း တဟီးဟီးတဟားဟားဖြင့် အထာကျကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၈

"ငါကလည်း . . ငါ့မရီးတော့ အိမ်ကမဆင်းဖို့ တားမှာပဲလို့ ထင်နေတာကိုး . . အထင်နဲ့အမြင်ကတော့ ကွက်တိပဲကွာ . . ရော့တဲ့ . . အိတ်ခွံကြီးလှမ်းပေးပြီးတော့ နင့်စာအုပ်တွေ ထည့်ဖို့တဲ့ . . ငါကွာ . . ငိုချင်နေတဲ့ကြားထဲမှာ ထရယ်ချင်စိတ်ပေါက်သွားတယ် . . ငိုချင်ရယ်ချင်ဆိုတာ . . အဲဒါပြောတာနဲ့တူတယ် . . ."

"မင်းမရီးက မင်းအတွက် အဲဒီ့အိတ်ကို ဘယ်ကတည်းက ပြင်ဆင်ပေးထားလဲမှ မသိတာ . . အဆင်ပြေပြေ ဖြစ်ပါစေတော့ ဆိုတဲ့ စေတနာနဲ့ပေါ့ကွာ . . ."

"ဟား ဟား ဟား . . ."

"ဟား ဟား ဟား . . ."

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး . ."

ဟုဆိုရင်း ကျွန်တော်ပါ ဘော်ဒါများနှင့်အတူရယ်ဖြစ်သည်။

"အဲဒီ့အချိန်မှာ ငိုတော့ငိုချင်နေတာပေါ့ကွာ . . ဒါပေမယ့် ငါ မငိုပါဘူး . . မရရအောင် ထိန်းထားလိုက်တယ် . . အိမ်အပြင် လမ်းပေါ်ရောက်မှငိုပစ်မယ်ပေါ့ . . လမ်းပေါ်မှာ ခုတ်ရှင်မင်းသားတွေလို ကောင်းကောင်းကြီး ကြေကွဲပစ်လိုက်မယ်ပေါ့ကွာ . . လမ်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လည်းရောက်ရော ငါစောစောကပြောသလိုပဲ ခွေးတွေလိုက်ဆွဲလို့ ဘယ်လိုကြေကွဲရမှန်းကို မသိပါဘူးကွာ . . ခွေးမောင်းနေရတာ . . တရှူးရှူးနဲ့ . . ."

"ဟား ဟား ဟား . ."

"ဟား . . . . . ဟား . . . . . ဟား . . . . "

ဘော်ဒါများက မျက်ရည်စို့သည်အထိ ဝိုင်းရယ်ကြသည်။ အဆောင်မှာက နေ့ (Day) ကျောင်းသားနည်းပြီး ညကျောင်းသားက များသည်။ ကျွန်တော်နှင့်မေဂျာတူသူဟူ၍ မင်းမင်းခေါ် သော်ဝန်းပြည့် တစ်ယောက်သာရှိသည်။ ကျွန်တော်တို့ ပင်းတယမှ ညကျောင်းတက်နေသူက အဆောင်မှာ သုံးယောက်ရှိသည်။ သူတို့ကတော့ မြို့ပြလိုင်းဖြစ်သည်။ အဆောင်မှာ ပင်းတယမှလာတက်သော နေ့ (Day) ကျောင်းသားလည်း တစ်ယောက်ရှိသည်။ သူလည်း မြို့ပြလိုင်းပင်ဖြစ်သည်။

"အဲဒါနဲ့ အဆောင်ရောက်လာရော . . ငါ့အစ်ကို လည်း ငါ့ကိုအခန်းထဲ ပစ္စည်းတွေ ပို့ပေးပြီးတော့ ငါ့ကို ခဏလာဦးတဲ့ . . လှမ်းခေါ်တယ် . . အဲဒါနဲ့ ငါလည်း . . ဒီအစ်ကိုတော့ ငါ့အိမ်က ဆင်းရလို့ မုန့်ဖိုးပေးတော့မယ်ထင်တယ်ဆိုပြီးတော့ သူ့နားရောက်သွားတာပေါ့ . . ."

"မုန့်ဖိုးပေးရောလား . . ."

ဘော်ဒါတစ်ယောက်က စကားထောက်ပေးသည်။

"ဘယ်ကလာ . . ပင်းတယပြန်ဖို့ ကားခမရှိလို့ လက်ဖြန့်တာ . . ငါကွာ . . ဘယ်လိုစိတ်ပိန်သွားမှန်းကို မသိဘူး . ."

"မင်းမှန်းလိုက်ရင် မှန်တာများတယ်ကွ . . နော် . . ."

ဘော်ဒါတစ်ကောင်က ခပ်ရွဲ့ရွဲ့ဆိုသည်မို့ 'အေးကွာ' ဟု အရယ်တစ်ဝက်ဖြင့် ကျွန်တော်ဆိုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကလည်း ဖြစ်ချင်တော့ အစ်ကိုကြီးဆီမှာ ပိုက်ဆံလာချေးတာတဲ့ကွ . . အဲဒီမှာ ဒီလိုကိစ္စက ကောက်ဖြစ်လိုက်တော့ နေရင်းထိုင်ရင်းနဲ့ ငါက ကားခပေးလိုက်ရရော . . ."

"ဖြစ်ရမယ် . . မင်းကတော့ . . ."

"အဲဒါနဲ့ မနေ့ကပဲ အဲဒီအစ်ကိုနဲ့ အိမ်ကို အကျိုးအကြောင်းစာရေးထည့်ပေးလိုက်တယ် . . အဓိက,ကတော့ ငွေလိုတယ်ဆိုတဲ့အကြောင်းပေါ့ကွာ . . အဲဒါ ဒီနေ့ ကားနဲ့ငွေထည့်ပေးလိမ့်မယ် . . အဲဒါ ကိုးနာရီလောက်ဆို တောင်ပေါ်တက်ရလိမ့်ဦးမယ် . . ကြည့်ရတာ . . ငါ့အငယ်ဆုံးအစ်ကို တက်လာလိမ့်မယ်ကွ . . သူက အိမ်မှာ ဆရာကြီး . . ပြောရမယ်ဆိုရင်တော့ ငွေကိုင်ပေါ့ကွာ . . ငါ့အမေဆီက ဈေးဆိုင်ငွေတွေ သူကိုင်တာများတယ် ဆိုတော့ . ."

"အေး . . ပိုက်ဆံတော့ ပိုထည့်သွားပေါ့ကွာ . . အပြန်ကားခပေးနေရရင် ပေးနေရမှာ . . ."

ပြောရင်း ဘော်ဒါများက ရယ်ကြသည်မို့ ကျွန်တော်ပါ ရောယောင်ပြီး ရယ်ဖြစ်သည်။ ဖျတ်ဆို အဖေနှင့်အမေကို သတိရသည်။ အမေတို့တော့ စိတ်မကောင်းဖြစ်နေမှာ သေချာသည်။

အဆောင်မှာက အဆင်မပြေစရာအကြောင်းတော့မရှိ။ တစ်မြို့တည်းနေ . . သိန်းအောင်၊ နန္ဒကျော်၊ ဇာနည်မောင်၊ ဘိုဘိုဆောင်တို့အပြင် ကျောင်း၌ မေဂျာတူအခန်းတူ မင်းမင်း (ခေါ်) ဖိုးသော် (ခေါ်) သော်ဝန်းပြည့်တို့လည်း ရှိနေသည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com

၉၈

ပင်းတယ်ကားများရပ်နားရာ မောချယ်ရီဂိတ်သို့ ကျွန်တော် ရောက်တော့ ပင်းတယမှ ကားများပင်ရောက်နေပြီဖြစ်သည်။

ကျွန်တော့်ကိုမြင်တော့ ကျွန်တော့်အစ်ကိုက ကားပေါ်မှ ဆင်းချလာသည်။ ထင်သည့်အတိုင်း ကျွန်တော်၏အစ်ကိုတွေထဲက အငယ်ဆုံးအစ်ကိုဖြစ်နေသည်။

"အဖေက ပိုက်ဆံသိပ်မသုံးနဲ့တဲ့ . . မှာလိုက်တယ် . ."

ပိုက်ဆံအချို့ကိုလှမ်းပေးရင်း ဘရားသားက ဆိုသည်။

"အမေရော . . ဘာပြောနေသေးတုံး . . အိမ်ပေါ်က နှင်ချ တဲ့လူကို . . ."

"ဘာမှမပြောပါဘူး . . အဲ . . နင့်ဆီကတော့ ဆွဲကြိုးဖြုတ် ယူခဲ့ဖို့ မှာလိုက်တယ် . . ."

". . . . . ဗျာ . . ."

"ဆွဲကြိုးဖြုတ်ယူခဲ့တဲ့ . . ငါ့ကို မှာလိုက်တယ် . . ."

မကြားလိုက်ဘူး အထင်နှင့် ဆရာသမားက နောက်တစ် ခေါက် ထပ်ပြောသည်။ တကယ်တော့ အမေက ထိုမျှရင်စက်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်မဟုတ်။ ဒီ Idea တွေကအကုန်လုံးကို လမ်းကြောင်းပေးသူမှာ ကျွန်တော့်ရှေ့မှ အခါတော်ပေးဆရာကြီးမှန်း ကျွန်တော် အလိုလို တွက်ဆမိသည်။

"အမေ့သား ငွေတွေသိပ်သုံးနေတယ် . . တော်ကြာ ဆွဲကြိုးတွေပါ ရောင်းချပေါင်နှံပြီး သုံးကုန်မှ . . ဒုက္ခ . . ကျွန်တော် ဖြုတ်ခဲ့မယ်နော် . . ."

ဒီလို စကားမျိုးတွေနှင့် အမေ့ကိုနားယောင်အောင်ပြောခဲ့လိမ့်မည်။ ကျွန်တော် သူ့အကြောင်း ကောင်းကောင်းသိသည်။ တကယ်ခံတော့ ဒီဆွဲကြိုးက ဆယ်တန်းအောင်သော ကျွန်တော့်ကို အမေက ဆုချထားတာဖြစ်သည်။ ကိုယ်ပိုင်မှမဟုတ်တာပဲလေ . . လွမ်းစရာတော့ မရှိပါဘူးဟု ကျွန်တော် နင်တင်တင်ဖြင့် တွေးဖြစ်သည်။

"လက်စွပ်ရော . . ချွတ်ယူခိုင်းလိုက်သေးလား . . "

ဘယ်ဘက်လက်ခလယ်မှ လက်စွပ်ကို ထောင်ပြရင်း ခပ်ရွှတ်ရွှတ်ဖြင့် ကျွန်တော်ဆိုဖြစ်သည်။

"လက်စွပ်ကတော့ ထားလိုက်ပါ . . အရေးပေါ်လိုရင် သုံးလို့ရတာပေါ့ကွာ . . ဆွဲကြိုးက ဒို့ထက်အကြီးနဲ့အလဲ အထပ်လုပ်ပေးမလို့နဲ့တူတယ် . . ."

'တော်စမ်းပါ' ဟု ကျွန်တော် စိတ်ထဲမှ ဆိုဖြစ်သည်။ ယုံတမ်းစကားများကို ယုံတတ်သော သူငယ်နှပ်စားမှ မဟုတ်တာပဲဟု ကျွန်တော် တွေးဖြစ်သည်။

အစ်ကိုဖြစ်သူက သွေးထိုးတော့ရော အမေက . . နေပါစေဟု မဆိုခဲ့ဘူးတဲ့လား . . စာရိတ္တပိုင်းဆိုင်ရာ ချို့ယွင်းချက်တစ်စုံတစ်ရာမှ မရှိခဲ့သော ကျွန်တော့်ကိုယ်ကျင့်တရားတို့ကို အမေကိုယ်၌ကရော အယုံအကြည်မရှိတော့ဘူးတဲ့လား . . အတွေးပေါင်းစုံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်နှာပူနေမိသည်။

"ရော့ . . ဖြုတ်သွားလိုက်လေ . . ."

အင်္ကျီကြယ်သီးကိုဖြုတ်ရင်း ချွတ်ရဖြုတ်ရလွယ်အောင် ကျွန်တော်ရှေ့တိုးပေးလိုက်သည်။ ဘရားသားက ခပ်သွက်သွက်ဖြုတ်ပြီး သူ့လည်ပင်းမှာ ဂုင်းဆွဲကြိုးကို ဆွဲလိုက်သည်။ ထိုအချိန်မှာ ကျွန်တော်ခံစားနေရသည်က ရှက်ရွံ့မှု၊ သိမ်ငယ်မှုတို့ဖြစ်သည်။ ပင်းတယကားပေါ်မှ လူအချို့ ရပ်စောက်-တောင်ကြီး၊ ကလော-တောင်ကြီး၊ အောင်ပန်း-တောင်ကြီး စသောကားပေါ်က လူများ၊ ကားကွင်းမှ လူများအားလုံးက ကျွန်တော်တို့ကို ဝိုင်းများကြည့်နေကြသလားဟု ကျွန်တော်တွေးသည်။

"ကဲ . . အိမ်ကို ဘာမှာဦးမလဲ . . ."

အဖေတို့ အမေတို့ဆီ ဘာမှာဦးမလဲဟု ဘရားသားကမေးသည်။

"ဒီကျေးဇူးတွေကို တစ်သက်လုံး ဘယ်တော့မှ မမေ့ပါဘူးလို့ ပြောပေး . . ကျောင်းမထားပေးနိုင်တော့ဘူးဆိုရင်လည်း အချိန်မရွေး ပြန်လာဖို့ Ready ရှိနေတယ်လို့ . . ဆွဲကြိုးကိုလည်း ပြုံးပြုံးကြီး ခပ်မြန်မြန်ဖြုတ်ပေးလိုက်တဲ့အကြောင်း ပြောလိုက်ပါ . . ကဲ . . သွားတော့မယ် . . ."

"အေးသာယာကို . . အေးသာယာကို . . ."

ဟု အော်နေသော ကားပေါ်ပြေးအတက်မှာ ကျွန်တော်၏ လက်ခုံပေါ်သို့ မျက်ရည်ပူတစ်စက်ကျသည်။

ထိုနေ့က ကျွန်တော့်ဘဝမှာ ကိုယ်ပိုင်ငွေမရှာနိုင်ခြင်း၊ မရှိခြင်းအတွက် ပထမဆုံး ကိုယ့်ကိုယ်ကိုယ် စိတ်နာခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား . . ."

"ဟား ဟား ဟား . . ."

ကျွန်တော့်စကားအဆုံးမှာ ဘော်ဒါများက တဝါးဝါးဖြင့် ရယ်ကြသည်။ ကိုဒွေးဟု ကျွန်တော်တို့ခေါ်သော သန်းနိုင်စိုးက . .

"မင်းကတော့ မင်းအစ်ကိုကိုမြင်တော့ အားတက်သွားတာ ပေါ့ . . ဟုတ်လား . ."

"ဟုတ်တယ် . . ငွေကို ကားသမားနဲ့ပဲဖြစ်ဖြစ်၊ လူကြုံထည့်ပေးလိုက်ရင် ရရဲ့သားနဲ့ . . ငါ့အစ်ကိုကိုယ်တိုင် မိုင်ခြောက်ဆယ်ခရီးကို အပင်ပန်းခံပြီးတော့ လာအားပေးတယ်ပေါ့ . . ငါထင်ထားတာက ဘာမှအားမငယ်နဲ့ . . ဘာညာများ အားပေးစကားပြောမှာလား ပေါ့ . . လက်စသတ်တော့ အဆောင်ကိုပြောင်းပြီဆိုတော့ ထုလိုက်မှာစိုးလို့ ဆွဲကြိုးလာဖြုတ်တာကိုး . . ငါကွာ . . ဘယ်ကနေ မျက်ရည်စကျလိုက်မှန်းကို မသိလိုက်ဘူး . . ."

"အဆောင်ရောက်ပြီး နောက်ရက်မှာ ချက်ချင်းကြီးဆွဲကြိုးလာဖြုတ်သွားတာကြည့်ရရင် မင်းရဲ့သမာဓိကို မင်းအိမ်ကလူတွေက တော်တော်ယုံကြည်ထားလို့ပဲ ဖြစ်ရမယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းက ပြောရင်းခွီးခနဲ ရယ်သည်။

"ဇာတ်တော့ တကယ်နာတယ်ကွာ . . ညီလုပ်တဲ့ကောင် အထင်က ငါ့အစ်ကို လာအားပေးတယ်ပေါ့ . . တကယ်တော့ ဟိုက ဆွဲကြိုးလာယူတာ . . ဟား ဟား . . ."

သိန်းအောင်က အရယ်သန်သူပီပီ ပြောပြီး သူ့ပေါင်ကို ရိုက်ကာ ရိုက်ကာဖြင့် ရယ်သည်။

"ဒါနဲ့ စကားမစပ် . . မင်းကိုလာပို့တဲ့ငွေထဲက အပြန်လမ်း စရိတ်တောင်းမသွားဘူးလား . . ."

"ဟင့်အင်း . . ကြည့်ရတာ မေ့သွားတယ်နဲ့ တူတယ် . . ."

ကျွန်တော့်စကားအဆုံးမှာ သကောင့်သားများက တဟား ဟားဖြင့် ရယ်ကြပြန်သည်။

"ငါ ထင်တာကတော့ တောင်းချိန်မရလိုက်တာပဲဖြစ်မယ် . . ဘာဖြစ်လို့လဲဆိုတော့ မင်းက ဆွဲကြိုးချွတ်ပေးပြီးတာနဲ့ ထွက်ခါ နီး လိုင်းကားပေါ်ကို တက်လိုက်လာတယ်လို့ ပြောခဲ့တဒကိုးကွ . . မင်းကွာ . . ကိုယ့်အစ်ကိုပဲ ဥစ္စာ . . လိုလို မလိုလို အပြန်ကားခလေး တော့ ပေးလိုက်တာ မဟုတ်ဘူး . . ဟား ဟား ဟား . . ."

ကိုသန်းနိုင်စိုးက ပြောပြီးရယ်ပြန်သည်။ စကားနည်းသော ကျွန်တော်တို့၏ ပင်းတယသားများ ဖြစ်ကြသည့် နန္ဒကျော်၊ ဘိုဘို ဆောင်နှင့် ဇာနည်မောင်တို့ကတော့ တဟားဟားသာ လိုက်လိုက်ရယ် လို့နေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၀၃

ဘာပြောပြော အဆောင်မှာ နေရသည်က ပိုလွတ်လပ်မှု ရှိသည်ကတော့ အမှန်ဖြစ်သည်။ GTI ကျောင်းစာသည် အပျက်ခံ၍ ရသော ကျောင်းစာမျိုးမဟုတ်။ ကျောင်းတစ်ရက် နှစ်ရက်ပျက်သည်နှင့် အမီလိုက်ရန်မှာ အတော်ကို ကသီလင်တနိုင်သော စာမျိုးဖြစ်သည်။ ထို့ကြောင့် တော်တန်ရုံကိစ္စနှင့် ဘယ်ကျောင်းသူကျောင်းသားကမှ ကျောင်းအပျက်မခံကြ။ ကျွန်တော်တို့ ညကျောင်းကပိုဆိုးသည်။

GTI မှ GTC ပေါင်းကူးပါရန်မှာ ကျောင်းသူကျောင်းသားတိုင်း၏ အိပ်မက်ဖြစ်သည်။ ထို့ကြောင့် ကျောင်းစာကို ပိုလုပ်နိုင်ရန်အတွက် အစားအသောက်ကို လပေးဖြင့်ဖြစ်သလို စားကြသည်က များသည်။ ရံဖန်ရံခါမှသာ ဘော်ဒါများပေါင်းပြီး ဟင်းထမင်းချက်စားကြသည်။

တစ်လလေးထောင်ဖြင့် အဆောင်ဘေးပတ်ပတ်လည်ရှိ ထမင်းဆိုင်များမှာ လပေးစားနိုင်သည်။ အဲ . . အကြွေးစားလည်း (ကျွန်တော်တို့တုန်းကတော့) ရသည်။ ပြီး . . အဝတ်အစားများကို ဒိုဘီအဆောင်ထိလာယူ . . လာပို့ပေးသည်။ လက်ကျန်ငွေနည်းပါက ဒိုဘီခကိုလည်း နောက်မှပေါင်းပေး၍လည်း ရသည်။ ငွေပြတ်ခပ်



www.burmeseclassic.com

www.burmeseclassic.com



သွားလည်း ငတ်စရာအကြောင်းမရှိ။ တော်တန်ရုံအသေးသုံးလောက်ကတော့ ဘော်ဒါများဆီမှာ ချေးငှားသုံး၍ရသည်။ ပြီး စာမရလျှင် ဆရာမများဆီ စာသွားမေးရန် အဆောင်နှင့်ကျောင်းနှင့်လည်း နီးသည်။

ညဘက် ကောင်မလေးများ၏အဆောင်များမှာ ရုံဖန်ရံခါ ဆိုသလို ဂီတာပတ်တီးရသည်ကလည်း အရသာတစ်မျိုးဖြစ်သည်။ ကျောင်းသားဘဝ၏အရသာက ပိုမိုပြည့်စုံလာသလို ခံစားမိသည်။

တစ်ခါတလေကျတော့လည်း မျက်လုံးကြီးပြူးပြီး ဆူတတ်သော ဘရားသားကိုလွမ်းသလိုလိုတော့ ရှိသား . . ချွန်ပေးသမျှ ခဲတံတွေ ချိုးချိုးပစ်ပြီး နှဲ့ဆိုးဆိုးကာ ခဲတံတွေ ချွန်ခိုင်းတတ်သော တူမလုပ်သူကိုလည်း သတိရသည်။ အိမ်မှဆင်းရန် ပြင်နေသော ကျွန်တော့်ကို စာအုပ်များသယ်ရခက်နေမည်စိုး၍ မြန်မြန်ဆန်ဆန်ဆင်းသွားလို့ရအောင် ကူညီတတ်သော မရှိုးဖြစ်သူကိုလည်း သတိရသည်။

မည်သို့ပင် ဖြစ်စေကာမူ အဆောင်၏အရသာကတော့ ကျွန်တော့်အတွက် ပိုမိုချိုမြိန်သည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၈၅

"မင်းဟာကြီး လောဘကြီးလွန်းတာပေါ့ . . စာရေးဆရာ၊ ကဗျာဆရာကလည်း ဖြစ်ချင်သေးတယ် . . နောက်ပြီးတော့ အဆိုတော်ကလည်း ဖြစ်ချင်သေးတာဆိုတော့ . . ."

"အေးကွာ . . ငါ အခုဂီတာတီးသင်ချင်တယ် . . Notes နဲ့ သေသေချာချာကို သင်ချင်တာ . . အဆောင်မှာ ဘယ်သူ့ဆီ သင်ရင်ကောင်းမလဲ . . ဒါမှမဟုတ် အနီးအနားတစ်ဝိုက်ပေါ့ . . ."

ကျွန်တော့်စကားအဆုံးမှာ နန္ဒကျော်က ခေါင်းရမ်းသည်။

"ငါတို့လည်း အဲဒီလောက်ထိတော့ မရဘူး . . မင်းပြောတဲ့ အဆင့်က ဆရာကြီးတွေ Pro ဆီမှာ သင်မှပဲရမယ် . . တောင်ကြီးမှာတော့ သင်တန်းတွေ ပေါသားပဲ . . ."

"ဒါပေမယ့် တောင်ကြီးတက်လိုက်၊ အေးသာယာပြန်ဆင်းလိုက်၊ တီးလိုက် ကျင့်လိုက် လုပ်နေရင် ကျောင်းစာကိုထိခိုက်လာနိုင်တယ် . . စာမေးပွဲမှာ ဂုဏ်ထူးဘာသာစုံမပါရင်တောင် ဘာသာစုံ အမှတ် ခုနစ်ဆယ်ကျော်မှ GTC ဝင်ခွင့်ဖြေရမှာ . . ."

သိန်းအောင်၏ စကားအဆုံးမှာ ကျွန်တော် ခေါင်းညိတ်ဖြစ်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ ကျွန်တော်တို့ညကျေး



www.burmeseclassic.com

www.burmeseclassic.com



က Day ကျောင်းသားများကဲ့သို့ GTC ကို ဘာသာစုံအမှတ် (၇၀) ရရုံနှင့် တိုက်ရိုက်တက်ခွင့်မရ။ ဘာသာစုံ (၇၀) မကပဲ ဂုဏ်ထူး ဘာသာစုံထွက်နေပါစေ ဝင်ခွင့်တစ်ဆင့်ပြန်ဖြေရသေးသည်။ ထို ဝင်ခွင့်အောင်မှ GTC ကို ဆက်တက်ခွင့်ရသည်။

ထိုသို့ ဝင်ခွင့်ဖြေရန်ကိုလည်း ရိုးရိုးအမှတ်ဖြင့် အောင်သူ များ ဖြေခွင့်မရှိ။ နောက်ဆုံးနှစ်စာမေးပွဲများ၏ ရလဒ်ပေါင်း ဘာသာ စုံအမှတ် (၇၀) ရသူများသာ ဖြေခွင့်ရှိသည်။ ထို့ကြောင့် Day ကျောင်းသားများထက် တစ်ဆင့်ပိုဖြတ်ကျော်ရသေးသည်မို့ ကျောင်း စာမှာ သွားပေါ့၍မရ။

"မထူးပါဘူးကွာ . . ကျောင်းပြီးမှပဲ လုပ်ချင်တာလုပ်တော့ . . ကျောင်းမပြီးခင်ကတော့ ကျောင်းစာကို နပန်းလုံးရမှာပဲ . . "

မင်းမင်းက ကျွန်တော့်ပခုံးကို ပုတ်ရင်းဆိုသည်။ မှန်သည်။ ကျွန်တော်ကျောင်းစာမှာ ပေါ့၍မဖြစ်။ အစ်ကိုအိမ်မှာမနေဘဲ အ ဆောင်မှာနေသည်မို့ GTC တက်ဖို့နေနေသာသာ ဝင်ခွင့်လေးတောင် မဖြေလိုက်ရ။ GTI ဒီပလိုမာဖြင့် ဂိတ်ဆုံးသွားသည်ဟူ၍ အဖြစ်မခံ နိုင်။ လက်ညှိုးထိုးစရာတွေ ဖြစ်လာမည်။

နောက်ဆုံး ကျွန်တော် ဂစ်တာသင်မည့်ကိစ္စကို လက်လျှော့ လိုက်သည်။ နောင်များမှပေါ့ဟု ကျွန်တော် တေးထားဖြစ်သည်။

"မင်းက အဆိုတော်ဖြစ်ချင်တာ မဟုတ်လား . . အဆိုတော် က ဂစ်တာမတီးတတ်လည်း ပြဿနာမရှိပါဘူး . . အဝင်အထွက် သဘောလောက် နားလည်ရင် သီချင်းကဆိုလို့ရပါတယ်ကွ . . "

ဘော်ဒါတစ်ယောက်က ဝင်၍ဆိုသည်။ ပင်လောင်းမှ စိုင်း နော်မိုင်းကတော့ ခွီးခနဲ ကျွန်တော့်ကိုကြည့်ပြီး ရယ်သည်။ ပြီး . .

"မင်းရဲ့အသံနဲ့သာ ဆီးသီးထုတ်လို့ကတော့ မင်းဆုတံဆိပ် တွေ တသီကြီးရမှာကွ . . . "



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ . . ."

တခွီးခွီးရယ်ရင်းဆိုသော စိုင်းနော်မိုင်းကို ကျွန်တော်မေးဖြစ်သည်။

"ဒီလိုလေကွာ . . မင်းလည်း မင်းရဲ့ဆီးသီးကို ဖြန့်လည်းဖြန့်လိုက်ရော . . မင်းရဲ့အခွေက မြန်မာမှာသာ မကဘူး . . ကမ္ဘာအထိပါ ပြန့်သွားနိုင်တယ် . . ."

"ဟင်း . . အထက်ကိုတော့ ပင့်တင်နေပြီ . . ဘယ်တော့ရိုက်ချမလဲ မသိဘူး . . ."

ဇာနည်မောင်က စိုင်းနော်မိုင်း၏အထာကို သိနေသည်မို့စပ်ဖြီးဖြီးဖြင့် ကျွန်တော့်ကို သတိပေးစကားဆိုသည်။

"လုပ်စမ်းပါဦး . . ဘာကိစ္စ ငါ့ရဲ့ခွေက မြန်မာမှာတောင်မကဘူး . . ကမ္ဘာထိအောင် ပျံ့နှံ့သွားမှာတုံး . . ."

"ဒီလိုလေကွာ . . မင်းရဲ့သီချင်းဆိုပုံ ဆိုပေါက်ကို ငါတို့တစ်ဆောင်လုံးကလည်း ကြားဖူးနေတာပဲ . . မင်းရဲ့အသံက ငှက်ဆိုးကို လည်ပင်းလိမ်ပြီး ဖင်ကိုတုတ်နဲ့ထိုးလိုက်လို့ ထွက်လာတဲ့အသံမျိုး။ တော်တန်ရုံ လူဆိုရင် မင်းရဲ့အသံကြားလိုက်တာနဲ့ တစ်ပတ်လောက် အစားအသောက်ပျက်သွားမှာ သေချာတယ် . ."

"သိပ်လည်း မချီးကျူးပါနဲ့ကွာ . . တော်ကြာ . . ဒီကောင်ဘဝင်တွေမြင့်နေပါဦးမယ် . . ."

စိုင်းနော်မိုင်း၏ နှိပ်ကွပ်မှုမဆုံးခင်မှာ မင်းမင်းက ခပ်ရွှတ်ရွှတ်ဆိုသည်။

"ဒီတော့ကွာ . . မင်းလို လူတစ်ဖက်သား အစားအသောက်ပျက်တဲ့အထိ စွမ်းဆောင်နိုင်တဲ့လူက ဆီးသီးခွေသာ ထုတ်လိုက်လို့ကတော့ ဈေးကွက်မှာရှိတဲ့ ဆန်အပါအဝင် စားသောက်ကုန်တွေရဲ့ဈေးနှုန်းက သေချာပေါက် ကျဆင်းသွားမှာပဲ . . အဲဒီ့သတင်းလည်း



www.burmeseclassic.com

www.burmeseclassic.com


ကြားရော . . ကမ္ဘာ့နိုင်ငံအသီးသီးက မင်းရဲ့သီချင်းခွေကို အလုအယက်လှမ်းမှာကြလိမ့်မယ် . . ဘာဖြစ်လို့လဲဆိုတော့ သူတို့နိုင်ငံမှာရှိတဲ့ . . စားသောက်ကုန်ဈေးနှုန်းကို ချချင်တာကိုး . . အဲဒီမှာ မင်းရဲ့အသံကို ကြားရတဲ့ ကမ္ဘာအရပ်ရပ်က ကမ္ဘာသူ ကမ္ဘာသား ခုနစ်ရက်သားသမီးတွေခမျာ အစားအသောက်တွေ ပျက်ကြ ပြုကြနဲ့ ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းကြီးက မင်းရဲ့အသံပါရမီကြောင့် အံ့ဖွယ်လိလိ ကျဆင်းသွားတယ် . . ."

စိုင်းနော်မိုင်း၏စကားအဆုံးမှာ ဘော်ဒါများအားလုံးက တဝါးဝါး တဟားဟားဖြင့် သဘောတကျဖြင့် ရယ်ကြသည်။

"ငါ့အသံပါရမီ ဒီလောက်ကောင်းမှန်း ငါကိုယ်ငါတောင် မသိလိုက်ဘူး . . ."

ကျွန်တော့်စကားအဆုံးမှာ သကောင့်သားများက ရယ်ကြပြန်သည်။

"အဲဒီလို ကမ္ဘာ့နိုင်ငံအသီးသီး ကုန်ဈေးနှုန်းကိုကျအောင် ချနိုင်ခဲ့တဲ့ မင်းကို နိုင်ငံအသီးသီးကနေ ဂုဏ်ထူးဆောင်ဘွဲ့တွေ ဝိုင်းပေးကြ . . ပြုကြနဲ့ မင်းလည်းပဲ တစ်ခါတည်း ကမ္ဘာကိုကျော်ရောပဲ . . ."

သန်းနိုင်စိုး၏ နောက်ဆက်တွဲစကားကြောင့် ကျွန်တော်တို့ ရယ်ဖြစ်ကြပြန်သည်။

"ဟကောင် . . သိပ်လည်း ရယ်မနေနဲ့ဦး . . မပြီးသေးဘူး . . ဒီလိုနဲ့ ခြောက်လလောက်လည်း ကြာရော . . မင်းရဲ့အောင်မြင်မှုက ကျဆုံးခန်းကို ရောက်လာတယ် . . ."

"ဘယ်လိုဖြစ်ပြီးတော့ ကျဆုံးပြန်ရတာတုံး . ."

မင်းမင်း၏စကားကို သိန်းအောင်က မေးခွန်းထုတ်သည်။

"ဒီလိုကွ . . စောစောက နော်မိုင်းပြောသလို ဒီကောင့်အာစ်


www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလုံးအတိုင်းအတာနဲ့ လျှမ်းလျှမ်းတောက် အောင်မြင်နေတဲ့အချိန်မှာ ပြဿနာက နိုင်ငံအသီးသီးမှာ စတက်လာတယ် ...”

“ဟေ ..ငါ့ခမျာ ငါ့ရဲ့အသုံးပါရမီလေးနဲ့ နှစ်ပတ်လည်လောက်တောင် အောင်မြင်ခွင့်မရှိတော့ဘူးလား ...”

ကျွန်တော်က မင်းမင်းကို ခပ်ရွှတ်ရွှတ်ပင် ရယ်ကြဲကြဲဖြင့် ဆိုဖြစ်သည်။

“လူ့ဘဝဆိုတာ မြင့်လိုက်နိမ့်လိုက်ပဲလေကွာ .. နိမ့်ပြီးရင်လည်း ပြန်မြင့်ဦးမှာပါ .. ငါပြောပြမယ် .. နားထောင်မှာသာ နားထောင်စမ်းပါ ...”

“အေးပါကွာ ..ဖွဲ့မှာသာဖွဲ့ .. အဲလေ ..ပြောမှာသာပြော ...”

“ဒီလိုကွ .. ဒီကောင့်ရဲ့အခွေကြောက်ခမန်းလိလိ အောင်မြင်နေတဲ့အချိန်မှာ ဒီကောင့်ရဲ့ခွေက တချို့လူတွေအတွက် အသက်အန္တရာယ်ထိခိုက်လောက်အောင် ကြိတ်မှိတ်ပြီး နားထောင်ကြတာမို့ အန္တရာယ်ခွေအဖြစ် သတ်မှတ်ခံရပြန်တယ် ...”

“ဟေ ...”

“မဟေနဲ့ .. ကမ္ဘာ့နိုင်ငံအသီးသီးမှာ အဝလွန်ရောဂါဖြစ်ပြီး ဝနေတဲ့ လူဦးရေက အတော်များတယ်မဟုတ်လား .. အဲဒါနဲ့ပဲ ပိန်ဆေး အဆီချဆေးတွေ စားနေတဲ့ လူတွေက ကင်ဆာဖြစ်ဖို့ ရာခိုင်နှုန်းများတဲ့စားဆေးတွေကိုရပ်ပြီး မင်းရဲ့ခွေကို တမိုက်မတ်မတ် ကြိတ်မှိတ်ပြီး နားထောင်ကြတယ် ...”

“တောက် .. ငါ့ခွေရဲ့အောင်မြင်မှုကို ငါကိုယ်တိုင်တောင် တော်တော်အသည်းနာလာပြီ .. အဟုတ် ...”

မျက်နှာကြီးရှုံ့မဲ့ကာဆိုသော ကျွန်တော့်ခပ်ရိရိအဆိုကြောင့် သကောင့်သားများက ခွက်ထိုးခွက်လန် ရယ်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ စတွေ့တာပဲ . . ."

"ဘာတွေ့တာလဲ . . ."

"တန်ဆေးလွန်သေးလေကွာ . . ပိန်ချင်တဲ့လူတွေက အစားအသောက်လျှော့ချင်တာနဲ့ ဒီကောင့်သီချင်းတွေကို အလွန်အမင်းနားထောင်ရာကနေ အစားအသောက် ပျက်ရုံတင်မကဘူး . . ဒီကောင့်ရဲ့အသံပါရမီထူးကြောင့် အစာလုံးလုံးမဝင်တော့ဘဲ အနေအထားကိုရောက်ကုန်တယ် . . ."

"တောက် . . ငါ့ အသံပါရမီက ဒီလောက်တောင် ဇာတ်နာစေတာကိုး . . ."

ခပ်ရွှတ်ရွှတ်အဆိုကြောင့် သကောင့်သားများက ရယ်ကြပြန်သည်။

"အဲဒီမှာ ဆေးရုံတက်ပြီး အရေးပေါ်ကုသခံရတဲ့လူကလည်း အထူးကြပ်မတ် ကုသခံရရော . . ဒီလိုနဲ့ ဇာတ်လမ်းတွေရှုပ်လာတော့ ဒီကောင့်ခွေကို ဆရာဝန်ညွှန်ကြားချက်နဲ့မဟုတ်ရင် နားမထောင်ကြဖို့ အရေးပေါ်ကြေညာလိုက်ကြတယ် . . ."

"သူငယ်ချင်း ဘယ်နိုင်ငံက စကြေညာတာလဲဟင် . ."

မျက်လုံးပေကလပ် ပေကလပ်လုပ်ကာ ပြောင်ချော်ချော်ဖြင့်မေးသော ကျွန်တော့်ကို မင်းမင်းက . . .

"လျှာမရှည်နဲ့ လာမယ် . . တစ်ကမ္ဘာလုံးကနေပြီးတော့ ဒီကောင့်ခွေကို သုတေသနတွေ အကြိမ်ကြိမ်လုပ်ပြီးတော့ အချိန်အကန့်အသတ်နဲ့ပဲ နားထောင်ရမယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။ သုတေသနတွေ့ရှိချက်အရ ဒီကောင့်ရဲ့သီချင်းသံကို သတ်မှတ်ချိန်ထက် စက္ကန့်ပိုင်းလေးပိုနားထောင်မိလိုက်တာနဲ့ စားပြီးသမျှတွေ ပြန်အန်ထွက်တဲ့အထိ ဒီကောင့်အသံက ဆိုးတယ် . . အဲလေ . . စွမ်းတယ်"

"တောက် . . ပြောထားကြဦးပေါ့ကွာ . . ငါ နိုင်ငံကျော်



www.burmeseclassic.com

www.burmeseclassic.com



အဆိုတော်ဖြစ်တော့မှ . . ငါ့ Show လာကြည့်ချင်လွန်းလို့ မှောင်ခို လက်မှတ်တောင် ဘယ်လောက်ပေးရပေးရ ပေးကြည့်မလို့ဟာကို မရတော့လို့ မေတ္တာလက်ဆောင် အထူးတန်းလက်မှတ်လေးများ သနားပါဆိုပြီး လာတောင်းရဲတောင်းကြည့် . . . ဆောင့်ကိုကန်ဦး မှာ . . ."

ရယ်ကြဲကြဲဖြင့်ဆိုသော ကျွန်တော့်စကားအဆုံးမှာ နန္ဒက. .

"ဟ . . မင်းပြောတာများနေပြီ . . ဘာနိုင်ငံကျော် အဆို တော်လဲ . . မင်းက နိုင်ငံကျော်အဆင့်တင် မဟုတ်ဘူး . . ကမ္ဘာ ကျော်အဆင့်ထိ တက်လှမ်းသွားမယ့်ကောင်လေ . . ."

ပြောပြီး သကောင့်သားများက ရယ်ပြန်သည်။

"ဒါနဲ့ စကားမစပ် ဒီကောင်က စောစောကပြောခဲ့သလိုပင် အောင်မြင်ကျော်ကြားသွားမှာဆိုတော့ကာ ကမ္ဘာ့နိုင်ငံအသီးသီးက လည်း အလည်အပတ်အဖြစ် ဖိတ်ကြားကြမှာပေါ့ . . ဒီလိုဆို ဂီတ ဝါသနာရှင်တွေ ဒီကောင့်ကို လာကြိုကြရင် ဒီကောင့်အသံမကြားရ အောင် နားကိုဂွမ်းတွေ ဘာတွေဆို့နေရမှာပေါ့ . . ."

"အာ . . ဒီကောင့်အသံက အဲဒီလိုဆင့်အထိတော့လည်း မရောက်ဘူးကွ . ."

သိန်းအောင်၏စကားကို နော်မိုင်းက ဖြတ်၍ဆိုသည်။

"အင်း . . ဖွဲ့စမ်းပါဦး . . ."

ကျွန်တော် ခပ်ရွှတ်ရွှတ်ပင် စကားထောက်ပေးဖြစ်သည်။

"ဒီလိုကွ . . ဒီကောင့်အသံက သီချင်းဆိုတော့မှ အစားအ သောက်ပျက်စေတဲ့ အစွမ်းသတ္တိတွေဖြစ်တာ . . ဒီကောင့်စကားပြော သံ နားထောင်ရရုံဆိုရင်တော့ အလွန်ဆုံးဖြစ်ရင် မူးဝေအော့အန်ပြီး သရိုးသရီဖြစ်ရုံလောက်ပါပဲ . . ဒီကောင့်စကားကို နားထောင်ရတာ ကြာလို့ အဲဒီ့လို လက္ခဏာပြလာပြီဆိုရင် ဒီကောင့်ပါးစပ်ကို ပအော



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ပိတ်ပြီးတော့ . . ဒီကောင် ပြောချင်သမျှကို ကိုယ်အမူအရာနဲ့ ဆက်ပြောနိုင်းရမယ် . . . "

"တောက် . . ! ငါ့အသံပါရမီက အတော့်ကိုထူးတာပဲကွ . . နော် . . . "

မျက်နှာကြီး ရှုံ့မဲ့ရင်းဆိုသော ကျွန်တော့်ကိုကြည့်ကာ ဘော်ဒါများက တဟားဟားရယ်မောကြပြန်သည်။

ဘာပြောပြော အဆောင်နေရက်များမှ အဆောင်နေကျောင်းသားဘဝသည် မမေ့နိုင်စရာရက်များဖြစ်ခဲ့သည်ကတော့ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ GTI ကျောင်းသားသက်တမ်းတစ်လျှောက်၌ ကဗျာစာအုပ်သုံးအုပ်ထုတ်ခဲ့သည်။ ပထမဆုံးသောစာအုပ်က 'အရှုံးတို့ရာသီ'၊ ဒုတိယစာအုပ်က 'သစ်ရွက်ငိုသံ'၊ တတိယစာအုပ်က 'တတိယအကြိမ်မြောက် ရှုံးသွပ်ခြင်း' 'ဟူ၍။

စာအုပ်သုံးအုပ်လုံး၌ ဘော်ဒါများက ကလောင်နာမည်မပြောင်းကြ။ ကျွန်တော်ကတော့ တစ်အုပ်ကို တစ်မျိုးပြောင်းသည်။

ကျွန်တော့်စိတ်က မျောက်စိတ်လို အပြောင်းအလဲမြန်သည်။ ဒုတိယမြောက်ကဗျာစာအုပ်ထုတ်တော့ အဆောင်မှာ မိုင်းပျဉ်းမြို့မှ လက်ဆောင်အဖြစ်ပါရှိလာသော ငှက်ဖျားဖျားသည်။ အိပ်ရာထဲမှာ လှိမ့်နေသော ကျွန်တော့်ကို အဆောင်မှဘော်ဒါများတစ်လှည့်၊ ကျောင်းမှဘော်ဒါများတစ်လှည့် ပြုစုနေကြချိန်ဖြစ်သည်။ အဲဒီအချိန်မှာ သီဟတို့ရောက်ချလာသည်။

"မြင့်နိုင် မင်းရဲ့ကလောင်နာမည်ကို အရင်အတိုင်းပဲထားမှာလား . . ပြောင်းဦးမလား . . ငါတို့စာစီတာ ပြီးသွားပြီ . . Print ထုတ်တော့မှာမို့လို့ . . အဲဒါ လာမေးတာ . ."



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်းမယ်ကွာ . . အရင်နာမည်ကို ငါမကြိုက်တော့ဘူး"

"ဒါဖြင့် ဘယ်လိုပြောင်းမှာလဲ . . ."

"အေး . . ဟုတ်သားပဲ . . စဉ်းတောင်မစဉ်းစားရသေးဘူး"

အိပ်ရာထဲမှာပင် ကျွန်တော် တောင်ကြည့်မြောက်ကြည့်ဖြင့် ၁ဉ်းစားဖြစ်သည်။ ကြည့်ရင်း ကြည့်ရင်းဖြင့် အိပ်ရာဘေးမှ ဖယောင်းတိုင်တစ်တိုင်ကို သွားတွေ့သည်။

"သီဟ . . ."

"အေး . . ."

"ဖယောင်းတိုင် လို့ပေးလိုက်ကွာ . . ."

"အာ . . မင်းဟာကလည်း . . ."

"ဟကောင် . . ငါက ဘူးဆိုရင် ဖရုံမသီးဘူးနော် . . မင်းသိပါတယ် . ."

"အာ . . အေးကွာ . . အေးကွာ . . ."

နောက်ဆုံးတော့ ကျွန်တော့်အကြောင်းကို သိပြီးသားမို့ သီဟက 'အေးကွာ' လိုက်ရသည်။ ကျွန်တော်ကလည်း ကျွန်တော်။ အုပ်စုထဲမှာ အသက်အငယ်ဆုံး၊ ဂျီအကျဆုံး၊ လျှာအရှည်ဆုံးမို့ ဘော်ဒါများက ကျွန်တော့်ကို အလိုလိုက်ကြသည်က များသည်။ ကျွန်တော်ဆိုးသမျှကို စိတ်ရှည်လက်ရှည်ရှိသူများထဲတွင် သီဟတစ်ကောင်လည်း ထိပ်ဆုံးမှပါသည်။ ကျွန်တော် တစ်ယောက်သောကောင်မလေးဆီ သွားတိုင်းလည်း ဒီကောင့်ခမျာ ခြေတိုအောင်လိုက်ရသည်။

အထူးသဖြင့် တောင်ကြီးတန်ဆောင်တိုင်လည်သောအခါများတွင် ဖြစ်သည်။ ကျွန်တော်က မီးပုံးပျံများကို ပြိုင်ပွဲကွင်းထဲအထိ အနီးကပ်ကြည့်ချင်သည်။ သူကခပ်လှမ်းလှမ်းမှ ကြည့်ချင်သည်။ မတော်နှင့်တဆ မီးရှူးမီးပန်းတွေ ထိုးမှာစိုး၍ဖြစ်သည်။

ကျွန်တော်က လူတစ်မျိုး။ မီးရှူးမီးပန်းတွေ လူအုပ်ထဲကျ



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ အလန့်တကြားထ,ထပြေးရတာကို ကြိုက်သည်။ သူက မကြိုက်။ ကျွန်တော်က မျောက်လိုကောင်ဖြစ်သည်။ ငြိမ်ငြိမ်မနေတတ်။

ပြီး ကျွန်တော်က ပွဲတော်ရက်များ၌ ချားရဟတ်တက်စီးရတာကို ကြိုက်သည်။ မိုးပေါ်အမြင့်ကြီး တက်သွားပြီးကာမှ ပြုတ်ပြုတ်ကျသော အရသာကိုကြိုက်သည်။ ဆရာသမားက မကြိုက်။

သို့သော် ကျွန်တော့်အလိုကိုလိုက်ပြီး စိတ်မပါလက်မပါဖြင့် သူ့ခမျာ ကျွန်တော့်အလိုလိုက်ရသည်။ ပြန်စဉ်းစားကြည့်တော့လည်း ကျွန်တော်က ဘော်ဒါများအပေါ် အတော်စိတ်မကောင်းခဲ့သူဖြစ်သည်။

တတိယကဗျာစာအုပ်ထွက်တော့လည်း သီဟကအဆောင်ကို ရောက်ချလာပြန်သည်။

"မြင့်နိုင် . . မင်းရဲ့ကလောင်ကို ပြောင်းဦးမလား . . . ဖယောင်းတိုင်ပဲလား . ."

ရယ်ကြဲကြဲဖြင့်မေးသော သီဟ၏အမေးကြောင့် ကျွန်တော် လိုက်ရယ်ဖြစ်သည်။

"မင်းကလည်း ငါ့အကြောင်းကို သိရဲ့သားနဲ့ . . ပြောင်းဦးမှာ . . ဒီမှာ တွေ့လား . . ငါ ကချင်စကားပြောစာအုပ် ဖတ်နေတာ . . ဒီကောင့်ကို လျှောက်ဖတ်ကြည့်ရင်းနဲ့ တစ်ခုငါသွားတွေ့တယ် . . မိတ်ဆွေကို ကချင်လို 'ဂျိန်ခုဝါ' တဲ့ကွ . . အဲဒါကို သဘောကျတယ် . . အဲဒီ့အတိုင်းပဲ ထားလိုက်မယ်ကွာ . . ."

"မင်းကလည်း လုပ်ပြန်ပြီ . . တခြား . . ."

"ဟကောင် . . သီဟ . . ငါက ဘူးဆိုရင် . . ."

"အေးပါကွာ . . အေးပါ . . ."

နောက်ဆုံးတော့ သီဟက . . 'အေးပါ' ရတော့သည်။ သို့နှင့် ကျွန်တော်တို့ ကဗျာစာအုပ်ထွက်ရှိမည့်ရက်ကို ကြော်ငြာလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကပ်သည်။ ကဲန်တင်းများနှင့်ကျောင်းတွင်းရှိ GEC မုန့်ဆိုင်မှာ ကပ်ကြသည်။ ထိုကြေငြာစာရွက်မှာ ကဗျာစာအုပ်ထဲမှ စာပုဒ်တို့ကို အမြည်းသဘောမျိုး ထည့်ကြသည်။

ဖြစ်ချင်တော့ နောက်ရက်မှာ GEC မုန့်ဆိုင်၌ စာအုပ်ဝယ်ရင်း ကျွန်တော်တို့ရောက်သွားချိန်မှာ Day မှ ကျောင်းသူလေးများက ကြော်ငြာစာရွက်ကို ဝိုင်းကြည့်နေကြသည်။

"ဟောတော့ . . ကဗျာအမြည်းလေးတွေက ကော်င်းလိုက်တာ . ."

"အေးနော် . . မိုက်တယ် . . ."

မိုက်တယ်ဆိုသော စကားကြောင့် ကျွန်တော်တို့တွေ ပီတိတွေဖြာသွားကြသည်။ သို့သော် ထိုပီတိက ကြာကြာမခံလိုက်။

"ဟင်း . . ဒီနာမည်က ဘာလဲကွ . . ဘာတဲ့ . . ဂျိန်ဥဝါ ဆိုပဲ . . ."

"အေးလေ . . အတန်းချိန်နီးနေပြီ . . သွားမယ် . . လာ"

ကျောင်းသူအသစ်လေးတွေ ထင်သည်။ ပွစိ ပွစိတွေရွတ်ပြီး ထွက်သွားကြသည်။ ကျွန်တော့်ကောင်များကတော့ အီးမှန်ထားသလိုဖြစ်နေသော ကျွန်တော့်ကိုကြည့်ပြီး တခွီးခွီးဖြင့် ရယ်ကြသည်။

"တောက်! စာဖတ်တာကို သေသေချာချာ မဖတ်ဘူး . . 'ခ' ခွေးတစ်ချောင်းငင် 'ခု' မှန်းမသိ အစွန့်ရာ 'ဥ' မှန်းမသိနဲ့။ ဘယ့်နှယ်ကွာ . . 'ဂျိန်ခုဝါ' ကို 'ဂျိန်ဥဝါ' ဖြစ်အောင်ပဲ လျှမ်းရသလား . . ဒီပုံစံအတိုင်း မစေ့စပ်လို့ကတော့ စာမေးပွဲအောင်ပါလိမ့်မယ် . . မေးခွန်းအဖတ်မှားပြီး ကျအောင်ဖြေမယ့်ကလေးမတွေ"

ပွစိ ပွစိရွတ်သော ကျွန်တော့်ကို ကျွန်တော့်ကောင်များက ရယ်ကြသည်။

"မင်းက စောစောကတည်းက လှမ်းပြောလိုက်ပါလား . .



www.burmeseclassic.com

www.burmeseclassic.com



'ဂျိန်ဥဝါ' မဟုတ်ဘူး . . ဟေ့ . . 'ဂျိန်ဥနီ' လို့ . . မထူးပါဘူး . . .
မှန်လာဥနီဟေ့လို့ပဲ ပြောလိုက်ပါတော့ . . ."

"အေးကွာ . . ."

ရှက်ရှက်ဖြင့် ကျွန်တော်ရယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနှစ်မှာ Roll-5 ရသော ကျွန်တော်က တတိယနှစ်မှာလည်း Roll-5 ပင်ဆက်ရသည်။ ကျွန်တော် ရှေ့နှင့်နောက်မှ Roll No များ အပြောင်းအလဲရှိသော်လည်း ကျွန်တော်ကတော့ ထိုနေရာမှာပင် ရှေ့မတိုးနောက်မဆုတ်ဖြစ်ကာနေသည်။

နောက်ဆုံးနှစ်စာမေးပွဲဖြေပြီးချိန်မှာလည်း ကျွန်တော်က Roll No 5 ပင်ထပ်ရသည်။ ခုနစ်ဘာသာရှိရာတွင် ခုနစ်ဘာသာလုံး ဘာသာစုံဂုဏ်ထူးထွက်သူ ခြောက်ယောက်ရှိရာ ကျွန်တော်က Roll No 5 ဖြင့် ဘာသာစုံဂုဏ်ထူးထွက်သည်။

မှတ်မှတ်ရရ GTI စာများ Couse အသစ်စပြောင်းသောနှစ်မှာ ကျွန်တော်တို့က စနစ်ဟောင်း Couse နောက်ဆုံးအသုတ်ဖြစ်သည်။ စနစ်သစ်က ကျွန်တော်တို့လို ရှစ်လစီသုံးနှစ်မဟုတ်တော့ . . ဆယ်လစီနှစ်နှစ်ဖြစ်ကာသွားသည်။

GTI ပြီးသွားသောအခါ ကျွန်တော်တို့ကို ဝင်ခွင့်ဖြေရန် မခေါ်သေးသဖြင့် ကျွန်တော် တောင်ကြီးတက္ကသိုလ်မှာ Zoo မေဂျာဖြင့် Day ဆက်တက်သည်။

ဝင်ခွင့်များဖြေရန်ခေါ်သောအခါ ကျွန်တော်တို့ EP တစ်



www.burmeseclassic.com

www.burmeseclassic.com



မေဂျာလုံးမှာမှ ဆယ့်လေးယောက်ဝင်ခွင့်ဖြေရသည်။ ဘာသာစုံ ဂုဏ်ထူးထွက်သော ကျွန်တော်တို့ Roll-1 to 6 နှင့် အခြားသတ်မှတ်အရည်အချင်းပြည့်မီသူများ ဖြစ်သည်။

ဝင်ခွင့်စာမေးပွဲဖြေဆိုသူများမှာမှ ကျွန်တော်တို့ EP မှ လေးယောက်အောင်သည်။ အေးသာယာကျောင်းကို ကျိုင်းတုံမှကျောင်းလာတက်သော ဟန်ဝင်းအောင်၊ တောင်ငူမှလာတက်သော မောင်မောင်သန့်၊ တောင်ကြီးမှ ပွင့်သင်းမြတ်နှင့် ကျွန်တော် စုစုပေါင်းလေးယောက်အောင်သည်။

ကျန်ဖြေဆိုသူများက တက်ခွင့်မရလိုက်ကြ။ တက်ခွင့်ရသူကျွန်တော်တို့လေးဦးတွင် ကျွန်တော်မှအပ ကျန်ဘော်ဒါသုံးယောက်က GTC ကို ဆက်တက်ကြသည်။ ကျွန်တော်တစ်ယောက်တည်းဆက်မတက်ဖြစ်။

2002 မှာ အဖေဆုံးသွားပြီး ပင်းတယအိမ်၌ အမေတစ်ယောက်တည်းဖြစ်နေသည်ကတစ်ကြောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့် ဆက်မတက်ဖြစ်လိုက်။ ဝင်ခွင့်စာမေးပွဲဝင်ဖြေကတည်းက ဘော်ဒါများနှင့်ပြန်ဆုံလိုသည်မို့ ဝင်ဖြေလိုက်ခြင်းသာဖြစ်သည်။ သုံးနှစ်နီးပါး ခွဲသွားရသော သူငယ်ချင်းအနည်းငယ်နှင့် ပြန်ဆုံရမည်မို့ ကျွန်တော် ဝင်ဖြေဖြစ်ခြင်းဖြစ်သည်။ အစောကြီးကတည်းက ကျောင်းဆက်တက်ဖြစ်မည် မဟုတ်မှန်း ကျွန်တော်သိသည်။

ဤအကြောင်းကို နောင်ဘော်ဒါများနှင့်ဆုံ၍ပြောပြသောအခါ ဘော်ဒါမလေးများက ကျွန်တော့်ကိုဝိုင်း၍ ကောကြသည်။

"သေနာ . . ကျောင်းဆက်တက်ဖို့ စိတ်ကူးမရှိရင် အစောကြီးကတည်းက ဝင်ခွင့်မဖြေနဲ့ပါလား . . နင်က အပျော်သဘောမျိုးဝင်ဖြေလိုက်တော့ . . ငါတို့တွေ နာသွားတာပေါ့ . . ဘာပြောပြောနင်မဖြေရင် ကျန်တဲ့ငါတို့ထဲက တစ်ယောက်ယောက်တော့ အောင်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ . . အဲဒီလိုသာဆိုရင် ငါတို့ထဲက တစ်ယောက်ယောက်။ ဥပမာ ငါပေါ့ဟာ . . BE ပြီးလို့ ME (မဟာအင်ဂျင်နီယာဘွဲ့) တောင်ဆက်တက်နေလောက်ပြီ . . အဲဒါ နင့်ကြောင့် . . နင့်ကြောင့် . . . ”

“ဘာဆိုင်လဲဟ . . ဝင်ခွင့်ဖြေတာက . . ကံစမ်းမဲနှိုက်တာမှ မဟုတ်တာ . . အဲဒီ့ကတည်းက နင်တို့အရည်အချင်းမရှိလို့ မအောင်တာ . . ဘာမှ ငါ့ကို လာရွတ်မနေနဲ့ . . အစောကြီးကတည်းက ကိုယ့်ဘာသာကိုယ် ကြိုးစားပါလား . . ငါ လာမဖြေလည်း နင်တို့အရည်အချင်းမရှိရင် ကျမှာပဲ . . . ”

“ဘာမှလာမပြောနဲ့ သေနာကောင် . . နင့်ကိုမြင်ရင်လေ တကယ်ဒေါသထွက်တယ် . . . ”

မဆီမဆိုင် ကျွန်တော့်မှာ ထိုသို့သောအပြောအဆိုက ခံရသေးသည်။ တကယ်တော့ ကျွန်တော့်ကို နောက်ကြ၊ စကြတာပဲဖြစ်သည်။

အခုတော့လည်း အစိုးရဝန်ထမ်းဖြစ်သူဖြစ်၊ အပြင်အလုပ်လုပ်သူက လုပ်နှင့် ဘော်ဒါများဖြင့် ပြန်မဆုံဖြစ်တော့။ ကျွန်တော် စာရေးဆရာလုပ်နေမှန်း သိတော့ ဘော်ဒါအချို့က အားပေးသည်။

“မြင့်နိုင် . . နင်က ပြည့်ပိုင်မှူးအိမ်ဆိုပြီးတော့ စာရေးဆရာလုပ်နေတယ်ဆို . . အဆိုတော်လုပ်ပြီး အသံနဲ့မနှိပ်စက်ရလို့ ရတဲ့နည်းနဲ့နှိပ်စက်တာပေါ့ ဟုတ်လား . . ”

ဟူ၍။ အချို့ကျတော့လည်း ကျွန်တော့်ကို ကြိမ်းသည်။

“မင်းရေးလိုက်ရင် တောင်ကြီးတက္ကသိုလ်အကြောင်းချည်းပဲ . . ငါတို့ အေးသာယာ GTI . . အဲ . . . အခုတော့ အေးသာယာ စက်မှုတက္ကသိုလ်ပေါ့ကွာ . . ငါတို့ကျောင်းအကြောင်းလည်း ရေးဦးမှပေါ့ . . ဘာလဲ မင်းက မင်းရဲ့မတော်လိုက်ရတဲ့ ချစ်သူအကြောင်း ရေးမိမှာစိုးလို့လား . . ဟုတ်လား . . ငါ သဘောတော့ပေါက်သလိုလို



www.burmeseclassic.com

www.burmeseclassic.com



ရှိသား . . အံ့မယ် . . ရှက်ကိုးရှက်ကန်းလုပ်နေသေးတယ် . . မင်းရေးတော့ရေးဦးမှာ မဟုတ်လား . . .”

“အေးပေါ့ကွ . . ရေးတော့လည်းရေးရမှာပေါ့ကွာ . . . အဟီး . . .”

“သွားပြောမနေနဲ့ . . ငါတို့ကသာ ကလေးတစ်ယောက်နှစ်ယောက် ဖြစ်နေပြီ . . ဒီကောင် အခုထိ ဂေါ်မစွံ လူပျိုကြီးဖြစ်တုန်း . . ဖြစ်မှာပေါ့ . . ကိုယ်နဲ့တန်ရာတန်ရာမှ မမှန်းတာ . . ငါးကျပ်တန်လောက်ကိုင်ပြီး ငါးသန်းတန်လောက် လိုချင်လို့ ဘယ်ရမလဲ . . သူကြိုက်လိုက်ရင် အလှဆုံးဆိုတဲ့ ကောင်မလေးတွေကိုပဲ ရွေးကြိုက်တာ . . ဒီတော့လည်း ကွဲပြီပေါ့ . . အသည်းက . . အနူလက်နဲ့ ရွှေခွက်နှိုက်ချင်မှတော့ ရွှေခွက်တွေ ထွက်ပြေးတာလည်း အပြစ်သွားပြောလို့မရဘူး . . .”

“သွားမပြောပါနဲ့ကွာ . . သူ့ခမျာ အနာပေါ် တုတ်ကျဖြစ်နေပါဦးမယ် . . ဟကောင် . . ဒီကြားထဲ မင်းသေရင် ဘာမှမပူနဲ့ . . ငါ ဝှက်ပျောတုံး ခုတ်ထည့်ပေးလိုက်မယ် . . .”

ဟုတ်ကဲ့ . . ကျွန်တော့် သူငယ်ချင်းများက ထိုသို့ ကျွန်တော့်ကိုချစ်ကြ . . ဂရုစိုက်ကြသည်။

“အံ့မယ် . . ဒီကောင်က . . သူ့ပါးချိုင့်ပါတာကိုလည်း ကြွားချင်သေးတာ . . သူ့ဝတ္ထုတွေထဲမှာ မင်းသားက ပါးချိုင့်ပါတယ်ဆိုတာ ထည့်ထည့်ရေးသေးတာ . . ပြီးတော့ ရေးလိုက်ရင် မင်းသားနဲ့ မင်းသမီးကအကြောင်းအမျိုးမျိုးနဲ့ကို ညားနေတော့တာပဲ . . အပြင်မှာ သူ လူပျိုကြီးဖြစ်နေတာကို ငါတို့က မသိတာလိုက်လို့ . . . ရယ်ချင်လို့ ဖတ်ဖတ်မော ရင်ဘတ်နောက်က ကျော . . .”

သူငယ်ချင်းတစ်ယောက်ကတော့ ထိုသို့ လူရွှင်တော်စတိုင်ဖြင့် နောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟကောင်တွေ . . ငါက မိန်းမကို မလိုချင်လို့ မယူသေးတာကွ . ."

"တော်စမ်းပါကွာ . . မင်း တခြားမှာသွားပြောရင်ပြော . . ငါတို့အတွင်းသိ အဆင်းသိတွေနားမှာ လာမပြောနဲ့ . . မိန်းမလိုချင်လို့ တစ်ပိုင်းသေနေတာများ . . ငါပြောလိုက်ရ မကောင်းရှိတော့မယ် . ."

"အေးပါ . . ပြောလည်း ပြီးနေပါပြီ . . ဒီလိုကွ . . ငါက အသက်သုံးဆယ်လောက်မှ ယူမလို့ . . အေးဆေးပေါ့ကွာ . . ငါ ဆီးသီးထုတ်ပြီး အဆိုတော်လုပ်ချင်သေးတယ်ကွ . ."

"တော်ပါကွာ . . ခုနစ်ရက်သားသမီးတွေကို နားဒုက္ခမပေးချင်စမ်းပါနဲ့ . . ရာသီဥတုကမကောင်းလို့ ပါးစပ်ပျက်ရတဲ့အထဲ မင်းအသံနားထောင်ပြီး လူတွေ အစားအသောက်ပျက်ကုန်ပါ့မယ်ကွ . . မင်း လူတွေကို မေတ္တာမပို့ချင်နေ . . မင်းခွေမထုတ်ရင်ကိုပဲ လူတွေ အတော်ကျန်းမာကြမှာ . . ဟိုစကားပုံလိုပေါ့ကွာ . . မကူညီချင်နေ . . မနှောင့်ယှက်ပါနဲ့ဆိုတာလေကွာ . ."

သူငယ်ချင်းများက ကျွန်တော့်ကို ထိုသို့ အားပေးကြလေသည်။

"အေး . . အဲဒါပြောတာပေါ့ . . ငါ့ခယ်မလေးက သူ့ပရိသတ်ကွ . . အသက်ကလည်း ငယ်၊ ရုပ်ကလည်း လှတယ်။ ဒီကောင့်ကိုလည်း မဂ္ဂဇင်းထဲမှာ မြင်ဖူးတယ် . . ရှင်းရှင်းပြောရရင် ငါတို့လင်မယားနည်းနည်းလေးတွန်းလိုက်တာနဲ့ ဒီကောင်နဲ့ OK သွားနိုင်တယ် . . ဒါပေမယ့်ကွာ . . ဒီကောင်က ဆီးသီးထုတ်မယ် . . ဆီးသီးထုတ်မယ်နဲ့ချည်း လုပ်နေတော့ . . ငါ့ခယ်မရဲ့လက်ဝတ်လက်စားတွေတာ မျှက်ခုံးလှုပ်တယ်ကွ . . အဲဒါနဲ့ ငါလည်း မလုပ်ပေးရဲတော့တာ"

"ဒီမှာ အဆိုတော်ကြီးတွေတောင် မလှုပ်ရဲဘူး . . လှုပ်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မြုပ်မှာစိုးလို့ . . ."

ကျွန်တော့်သူငယ်ချင်းများက ကျွန်တော့်ကို ထိုသို့ အားပေးသမှုပြုသည်။

"ဒါပေမယ့်လည်းကွာ . . ငါ့ကိုယ်ထဲက ဂီတဝါသနာပိုးတွေက . . ."

"ဘာမှလာရှင်းပြမနေနဲ့ . . သိပ်ကမြင်းချင်နေရင်လည်း ခွေကြမ်းလေး အယားပြေလုပ် . . ပြီးရင် ကိုယ့်ဘာသာကိုယ်ပဲ နားထောင် . . ခွေထုတ်တာနဲ့ ကျိန်းသေ 'ပလုံ' မှာ . . ပေါက်ဖို့ဆိုတာ သိပ်ခက်ခဲတဲ့အလုပ် . . ."

"ဒါပေမယ့် စမ်းကြည့်ချင် . . ချင် . . ."

"ဘာမှ စမ်းကြည့်မနေနဲ့ . . ဗေဒင်သွားမေးရင် ငွေကုန်တယ် . . မလုပ်နဲ့ . . ရှုံးလိမ့်မယ် . . ကိုယ့်ဘာသာကိုယ် စာရေးဆရာ လုပ်နေတာကမှ ပြွတ်တစ်လှည့်၊ ငတ်တစ်လှည့် စားနေရဦးမယ် . . အဆိုတော်ဖြစ်ချင်လို့ . . ဆီးသီးထုတ်လိုက်မှ ရှိတာအကုန်ရောင်းရတဲ့ဘဝ ရောက်သွားမယ် . . ."

"အင့် . . ."

ဟုတ်ကဲ့ . . ကျွန်တော်က ထိုသို့သော အားပေးမှုများကို ရရှိထားသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၂

GTI ပြီး၍ တောင်ကြီးတက္ကသိုလ်၌ Day တက်ရသောအခါ စိစဉ်သည့်ကြားက အကြောင်းအမျိုးမျိုးကြောင့် ကဗျာစာအုပ်မထုတ်ဖြစ်ခဲ့ . . မျိုးဝင်းစိုး၊ သီဟ၊ မြင့်လွင်၊ ထွန်းထွန်းဦးခေါ် ဂိုဏ်းချုပ်တို့နှင့်လည်း မေဂျာမတူတော့သည်မို့ ဆုံဖြစ်ချိန်က နည်းနည်း၍သွားသည်။

ထိုစဉ်က စာရေးဆရာဖြစ်ရန် အဆိုတော်ဖြစ်ရန်ဆိုသော ဆန္ဒတို့ တဖြည်းဖြည်းလျော့လျော့လာ၍ အတော်ကြီးမှုဒ်ပြန်သွင်းနေရချိန်လည်း ဖြစ်သည်။

ကဗျာစာအုပ်မထုတ်ဖြစ်သော်လည်း အဆိုပိုးက ကြွကြွနေသည်မို့ Welcome တွေနှင့်ကြုံလို့ကတော့လားကွာ . . ဟု ကျွန်တော် အမြဲတေးမှတ်ကာထားသည်။ သို့သော် First Year Welcome ကျင်းပစဉ်အခါက အဖေ အတော်ကြီးကို နေမကောင်းသည်မို့ Welcome မတက်လိုက်ရ။ Second Year နှစ်စမှာ အဖေဆုံးသည်။ ဖြစ်ချင်တော့ ယင်းနှစ်မှာပင် အမေခြေထောက်ကျိုးပြန်သည်။ ထို့ကြောင့် Second Year ကို တက်သာတက်လိုက်ရသော်လည်း သီချင်းဆိုဖို့



www.burmeseclassic.com

www.burmeseclassic.com



နေနေသာသာ အသံပင် မစစ်လိုက်ရ။ အသံစစ်အောင်မှ သီချင်းဆို ရသည်ကတော့ ထုံးစံအတိုင်းပဲ ဖြစ်သည်။

သို့သော် ကံကောင်းချင်တော့ သီချင်းဆိုဖို့အကြောင်းက ဖန်၍လာသည်။ Second Year မှာ 'မနု' တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ တောင်ကြီးတက္ကသိုလ်က ကြီးမှူးပြီး 'မနု' မောင် မယ်သစ်လွင်ကြိုဆိုပွဲလုပ်သည်။ 'မနု' တိုင်းရင်းသား အများဆုံးရှိရာ မြို့များမှာ ပင်းတယနှင့်ရွာငံဖြစ်သည်။ ကလော၊ အောင်ပန်း၊ ရပ် စောက်၊ ဟဲဟိုး၊ တောင်ကြီးနှင့် အခြားမြို့များ၌လည်း မနုလူမျိုးများ ရှိတော့ရှိသည်။ သို့သော် ပင်းတယမြို့နှင့် ရွာငံကဲ့သို့ မြို့လုံးကျွတ် နီးပါးမဟုတ်။

သို့နှင့် 'မနု' လူမျိုးမဟုတ်သော်လည်း ပင်းတယမှာမွေးသော ပင်းတယသားဖြစ်သည်မို့ မနု Welcome မှာ ကျွန်တော် တစ်ထောင့် တစ်နေရာက ပါရတော့သည်။ (သိပ်မကြာသေးသောရက်များက ၎င်း မနု Welcome အစီရင်ခံစာတစ်စောင်ကို ကျွန်တော် စာအုပ် တစ်အုပ်ကြားမှ ပြန်ရှာတွေ့သည်။ ထိုစဉ်က တာဝန်ခွဲဝေမှုတို့၌ ဖျော်ဖြေရေးတာဝန်ခံ၊ ညှိခံရေး စသည်ဖြင့် သတ်မှတ်ကြရာ ဖျော် ဖြေရေးမှာလည်းပါသော လူမိုက်ရပ်ထွက်သည့် ကျွန်တော်က လုံခြုံ ရေး တာဝန်ကျခဲ့သည်။)

တကယ်တော့ ကျွန်တော်ကပါလေရာ ငါးပိဖြစ်သည်။ ဟို စပ်စပ်၊ သည်စပ်စပ်ဖြင့် နေရာတကာ၌ ပါ၏။ သို့နှင့် မနု Wel-come အတွက် သီချင်းဆိုရန် အသံစစ်သောအခါ ကျွန်တော်က 'ကာရံလေး' သီချင်းဖြင့် အသံဝင်စစ်သည်။

ဂစ်တာမတီးတတ်သော ကျွန်တော့်အဖို့ အဝင်အထွက်လွယ် သော သီချင်းဖြင့် အသံစစ်သည်က အဆင်ပြေမည်ဖြစ်သောကြောင့် ဖြစ်သည်။ အသံစစ်အောင်တော့မှ Welcome မှာဆိုမည့်သီချင်းကို

www.burmeseclassic.com

www.burmeseclassic.com



ထပ်ရွေးချယ်ပြောင်းလဲ၍ရသည်။ ရင်ခုန်ခုန်၊ ဒူးတုန်တုန်ဖြင့် အသံဝင်စစ်ပြီးသည်နှင့် အကတိုက်မည့်ဘက်မှာသွားပြီး ယောင်ပေပေ လုပ်နေတုန်း ဖြုန်းဆို ကိုကျော်စိုးလွင်က ကျွန်တော့်ကုပ်ကို လာဆွဲသည်။

"ဟကောင် မြင့်နိုင်ထွေး . . လာဦး . . ."

"ကိုဖိုးဝတုတ် . . ဘာတုံးဗျ . . ."

ကျွန်တော် ကားယားကားယားဖြင့် ကိုကျော်စိုးလွင် (ခေါ်) ကိုဖိုးဝတုတ်ခေါ်ရာသို့ ပါသွားသည်။

"နေ့အကတိုက်ဖို့ လူကစုံသွားပြီ . . တောင်ရိုးအကအဖွဲ့အတွက် ယောကျ်ားတစ်ယောက်လိုနေလို့ အဲဒါ မင်းကရမယ် . ."

"ဗျာ . . ."

"မဗျာနဲ့ . . လွယ်အိတ်ချွတ်ပြီး အကတိုက်တော့ . ."

"မ . . မဖြစ်ဘူးနော် . . ပွဲပျက်သွားလိမ့်မယ် . . ကျွန်တော်က အကနဲ့ပတ်သက်လာရင် ချိုမိုင်မိုင်တောင် ကတတ်တာမဟုတ်ဘူး . . ."

"ရတယ် . . ပြဿနာမရှိဘူး . . ရအောင် သင်ပေးမယ် . . လုပ်လုပ် . . လွယ်အိတ်ချွတ် . . ဟိုမှာတွေ့လား . . အဲဒီကောင်မလေးတောင်မှ ခုနအသင်းက မဟုတ်ဘူး . . အကအဖွဲ့မှာ လူလိုလို့ သက်သက်ကူညီတာ . . ."

ကိုဖိုးဝတုတ်က ကျွန်တော်တို့ ပင်းတယမှကောင်မလေးများကြားမှာရပ်နေသော ကျွန်တော့်ထက် အသက်အနည်းငယ်ကြီးပုံရသော ခပ်ချောချောကောင်မလေးတစ်ယောက်ကို လက်ညှိုးထိုးပြရင်းဆိုသည်။

"တောက်! သီချင်းဆိုချင်လိုက်တဲ့လူကျတော့ များလိုက်တာ။ အသံ[illegible] မနိုင်ဘူး . . အက,ကရမှာကျတော့ ကြောင်ကြသ



www.burmeseclassic.com

www.burmeseclassic.com



လား မမေးနဲ့ . . အကတိုက်ဖို့ လူခေါ်မယ်လည်းလုပ်ရော တစ်ကောင်မှကို မမြင်တော့ဘူး . . တိုင်းရင်းသား Welcome တွေက မေကျာ Welcome တွေလို မရဘူးလေ . . အကပါရတယ် . . ပအိုဝ် Welcome ဖြစ်ဖြစ်၊ ရှမ်း Welcome ပဲကြည့်ကြည့် . . အင်းသား Welcome ပဲကြည့်ကြည့် အကအဖွဲ့ဆိုရင် လူစိတ်ကြိုက်သုံးလို့ရတယ် . . တောင်ရိုးအကက အနည်းဆုံး အတွဲခြောက်တွဲ (လူဆယ့်နှစ်ယောက်) ရှိမှ ကကွက်လှတာ။ ပါမောက္ခတွေ၊ ကထိကတွေကို ဖျော်ဖြေတဲ့အချိန်ကျရင် ခနေ၊ တောင်ရိုး Welcome က ညံ့လှချည်လားလို့ အထင်မခံနိုင်ဘူး . . ငါ ဒီလောက် အရှည်ကြီးရှင်းပြနေရင် သဘောပေါက်တော့ . . ."

ပြောရင်းဆိုရင်း ဒေါကန်လာသော ကိုဖိုးဝတုတ်ကို ကျွန်တော် အားနာသွားသည်။ ပွဲတစ်ခုကို ဦးစီးဦးဆောင်လုပ်နေရသော ကျောင်းသားကြီးများ၏ ဒုက္ခကို ကျွန်တော် ကိုယ်ချင်းစာသွားမိသည်။

"ကမယ်ဗျာ . . ."

"အေး . . ဒီလိုမှပေါ့ကွ . ."

"ဒါပေမယ့် တစ်ခုတော့ရှိတယ် . . ကိုဖိုးဝတုတ် . ."

"ဘာလဲကွာ . ."

"ကိုယ့်ရွာနားက မြက်ကို ကိုယ့်ရွာနွား မစားဘူးဆိုတာ ကြားဖူးတယ် မဟုတ်လား . . အဲဒီ့ တောင်ရိုးအကကမယ့်အဖွဲ့ထဲက ပင်းတယသူတွေနဲ့ ကျွန်တော် မတွဲကချင်ဘူး . . ဟိုက ပင်းတယသူ မဟုတ်တဲ့ အချောဆုံးလေးနဲ့ဆိုရင်တော့ . . ."

"ပေါက်ပြီ . . ဆက်မပြောတော့နဲ့ . . . ငါ စီစဉ်ပေးမယ် . . တောက်! အရေးထဲ ဘူးကျတဲ့ကောင်နဲ့ လာတိုးနေတယ် . . . ငါ စီစဉ်ပေးမယ် . . ဟုတ်ပြီလား . . ."



www.burmeseclassic.com

www.burmeseclassic.com



"အဟီးဟီး . . ဟုတ် . . ."

ကိုဖိုးဝတုတ်က အောင့်သက်သက်ဖြင့် တဟီးဟီးရယ်နေသော ကျွန်တော့်နားရင်းအား အုန်းခနဲရိုက်သည်။ ပြီး . . .

"ကဲ ကဲ . . တောင်ရိုးအကအဖွဲ့ . . ဒီကိုလာ . . ."

တောင်ရိုးအကအဖွဲ့တွင် ကမည့်ကျောင်းသူကျောင်းသားများ ရောက်ချလာသည်။

"ကိုယ့်အတွဲကို ကိုယ်မှတ်ထား . . အရပ်ညီတဲ့ လူအချင်းချင်း တွဲပေးမယ် . ."

ကိုဖိုးဝတုတ်က အထက်ပါအတိုင်းဆိုရင်း ကျွန်တော့်ကို ဖျပ်ခနဲလှမ်းကြည့်သည်။ မျက်နှာပိုး မသေသေးသော ကျွန်တော်ကလည်း စပ်ဖြီးဖြီးဖြင့် 'ကတိအတိုင်းပဲနော် ဟဲဟဲ' ဟူသော သဘောဖြင့် ပြုံးပြလိုက်သည်။ ကိုဖိုးဝတုတ်ကတော့ ကျွန်တော့်ကို အော်ဂလီဆန်သော အကြည့်ဖြင့်ကြည့်ရင်း ကျွန်တော့်ရရနေစမ်း . . ဟူသောသဘောဖြင့် မျက်လုံးပြူးပြသည်။

"ဟိုကျောင်းသူနဲ့ မြင့်နိုင်တွေးနဲ့က အရပ်ညီတယ် . . နင်တို့ကတစ်တွဲတွဲ . ."

ကိုဖိုးဝတုတ်က ခပ်တည်တည်ဖြင့် ပြောထားသည့်အတိုင်း စီစဉ်ပေးသည်။ ကျွန်တော်က မိန်းကလေးများနှင့်အရောတဝင် မရှိချင်သော စတိုင်လ်ဖြင့် ရုပ်ကို သူတစ်ပါးကြည်ညိုချင်စရာဖြစ်အောင် ခပ်တည်တည်လုပ်ပြီး ထိုကျောင်းသူ၏ဘေးမှာ ရုပ်တည်ကြီးနှင့် ခန့်ခန့်ကြီး သွားရပ်သည်။

သို့နှင့် ကလောမှမနုဆရာမ ဒေါ်ခင်လေးမြင့်က အကသင်ပေးသည်။ အကတိုက်ရာတွင် မောင်းတစ်ခုတည်းနှင့်သာ ကကွက်ကို တိုက်သည်။ မနုအိုးစည်၊ ပလွေ၊ လင်းကွင်း စသည်တို့နှင့်ကတော့ Welcome မတိုင်ခင် တစ်ရက်မှတိုက်ကြမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကတိုက်၍ ခဏနားသောအခါ ကျွန်တော် ကိုဖိုးဝတုတ်ဆီ ကပ်သွားဖြစ်သည်။ ပြီး . . .

"ကိုဖိုးဝတုတ် . ."

"ပြော -. . ."

"ကောင်မလေးတွေနဲ့ လက်တွဲပြီးတော့ ကရတဲ့ ကကွက်ကနည်းနေသလားလို့ဗျ . . ."

"ဘာ . . အဲဒီတော့ ဘာဖြစ်လဲ . . ."

"နည်းနည်းထွင်ပြီးတော့ လက်တွဲကရတဲ့အကွက်တွေ ထပ်တိုးလိုက်ပါလား . . ပိုပြီးတော့ မြိုင်မြိုင်ဆိုင်ဆိုင်လေးဖြစ်သွားအောင် . . အဟဲ . . ."

"အာ . . အရေးထဲ သူကတစ်မျိုး။ ဒါတောင် ရိုးရိုးအကတွေ . . ဒစ်စကိုအကမဟုတ်ဘူး . . ငါ အမြင်ကတ်ကတ်နဲ့ ရှိပြီးသားလက်ကိုင်ရတဲ့ကကွက်တွေ လျှော့ပစ်လိုက်မှာနော် . . ."

"မဟုတ်သေးဘူးလေ . . ကကွက်ပိုပြီးတော့ မြိုင်ဆိုင်သွားအောင် . . ."

"သွားတော့ . . ဟိုမှာ အကပြန်တိုက်မလို့ လုပ်နေကြပြီ . . သွား . . ."

"ကျွန်တော့် Idea ကို မမေ့နဲ့နော် . . ."

"သွားတော့ . . ."

"အကောင်အထည် အမြန်ဆုံးဖော် . . ဖော် . ."

"မင်း မသွားရင် ငါသွားမယ်ကွာ . . ."

"နောက်ဆုံးတော့ ကိုဖိုးဝတုတ်က ထရုပ်သည်။

"ကဲပါဗျာ . . သွားပြီဗျာ . . သွားပြီ . ."

ဒေါ်နဲ့မောနှင့်အကတိုက်ရာဆီသွားသော ကျွန်တော့်ကို 'ကိုဖိုးဝတုတ်' ကတော့ ရယ်ရင်းကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(နောက်နှစ်များမှာတော့ ကိုဖိုးဝတုတ်၏ဝင်ရှုံ ကျွန်တော်ပြန်ခံရသည်။ နောက်နှစ်၌ ဓနုတောင်ရိုး Welcome လုပ်တော့ ကျောင်းသားကြီးများက ဘွဲ့ရသွားကြပြီမို့ ကျွန်တော်တို့သာ ကျန်ရစ်သည်၊ ကျောင်းသားကြီးများနေရာကို ကျွန်တော်တို့ ဆက်ယူရသောအခါမှ ကိုယ့်တုန်းကထက် ဆယ်ဆသာသော ကျောင်းသားကျောင်းသူငယ်များကို ကျွန်တော်တို့ ကိုင်တွယ်ကြရတော့သည်။ 'ဟိုကကွက်ဖြုတ်ပေး' ဟု ဂျစ်တိုက်လိုတိုက်။ 'ဒီကကွက် ဖြည့်ပေး' ဟု ဆိုသူကဆို၊ ဝင်ရှုံကောင်းကောင်းလည်ခဲ့သည်။ ပြီး . . ရှိသမျှတာဝန်တွေနှင့် ချာလပတ်လည်နေခဲ့သဖြင့် အသံစစ်စရာမလိုတော့သော်လည်း သီချင်းပင် မဆိုလိုက်ရ။)

www.burmeseclassic.com

www.burmeseclassic.com



အကတိုက်သောအဖွဲ့၌ မကတတ်ဆုံးနှင့် အမှားအများဆုံး ဆုပေးပါက ကျွန်တော် ရမည်ထင်သည်။ သူများက ဘယ်ချိုးလျှင် ကျွန်တော်က ညာချိုးသည်။ သူများက ညာဆို၊ ကျွန်တော်က ဘယ်။ ပြီး သူများတွေကထိုင်လျှင် ကျွန်တော်က ထသည်။ သူများတွေထ တော့ ကျွန်တော်က ထိုင်သည်။ မညီမညာယိမ်းပဒေသာကြီး ဖြစ်ကာ နေသည်။

နောက် တခြားကျောင်းသားများ လက်ဆစ်ချိုးတာလို ကျွန် တော်ချိုးတာက မပျော့ပြောင်း။ မန္တလေးနွှောင်း . . မာခေါက်ခေါက်ကြီး နှင့် လူမည်းများ ဒန့်စ်ကသလို ဖြစ်နေသည်။ ဖိုးချစ်ပင် ထိုင်ငိုသွား နိုင်သည်။ နောက်တော့ အကတိုက်ရင်းနှင့် ကကွက်ကမမှားတော့။ အဲ . . လက်ဆစ်ချိုးတာတော့ သိပ်မပျော့ပြောင်း။ ဘာပြောပြော . . ရုပ်ပျက်ဆင်းပျက်တော့ မဖြစ်တော့။

အသံစစ်ပြီးနောက်ရက်မှာ အသံစစ်အောင်စာရင်းထွက် သည်။ ကျောင်းသားရေးရာ ကြော်ငြာဘုတ်မှာ ကပ်ကာထားတော့ သွားကြည့်ကြသည်။ ကံကောင်းထောက်မစွာပင် ကျွန်တော် အောင် သည်။ သို့နှင့် တီးဝိုင်းနှင့် မဆိုခင် အဆောင်မှာ ဂစ်တာဖြင့် တိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သီချင်းတိုက်ပေးသော ငြိမ်းချမ်းမြင့်မောင် (ခေါ်) ဂွတိုနှင့် ကျွန်တော် ရွေးဖြစ်သောသီချင်းက အငဲ၏ ထပ်မဝေးဘူး . .။

'ထပ်မဝေးဘူး' သီချင်းက ကျွန်တော့်လို ဂစ်တာမီးကြိုးမောင်းဖျက်လေးပင် မတီးတတ်သူအဖို့ အဝင်အထွက် Timing အလွန်ခက်သော သီချင်းပင်ဖြစ်သည်။ အခန့်ကသင့်ချင်တော့ ဂစ်တာနှင့် သီချင်းတိုက်ပေးမည့် ဂွတိုကရှိနေသည်။ ပို၍အဆင်သင့်ချင်တော့ ဘကြီးဦးရဲမြင့်၏ VCD, Sound Box နှင့် ဆိုက်များကလည်း အရံသင့်။ အငဲ၏ တစ်ကိုယ်တော် Unplugged VCD ခွေကလည်း လုံးဝ Ready။

သို့နှင့် ကျွန်တော် ကာရာအိုကေဖြင့် ထိုသီချင်းကို အဖန်တလဲလဲကျင့်သည်။ ပြီး ဂစ်တာဖြင့်လည်း ဂွတို၏အကူအညီဖြင့် ခဏခဏကျင့်သည်။ နောက်တော့ ဂွတိုလည်း စိတ်ညစ်လာသည်။ ဂီတပါရမီ၌ သူ မတူအောင်ထူးချွန်သော ကျွန်တော်က ကျွဲပါးစောင်းတီးဖြစ်ကာနေသည်။ ကာရာအိုကေဖြင့် ဆိုတော့လည်း ကပေါက်တိကပေါက်ချာ ဘယ်လောက်တိုက်တိုက် ဂစ်တာဖြင့်ကျတော့လည်း အဆင်မပြေ။

'ကျွဲပါးစောင်းတီးဆိုတာ လက်စသတ်တော့ ငါ့ကိုရည်ရွယ်ပြီး ထွက်ခဲ့တဲ့စကားပုံဖြစ်လိမ့်မယ် . . ငါကလည်း ဂစ်တာမတီးတတ်ရုံတင်မကဘူး . . သီချင်းရဲ့အဝင်အထွက်လေးတောင် မရဘူး . . "

"မင်းက သီချင်းအခက်ကြီးကိုမှ သွားရွေးထားတာကိုးကွ . . ကိုယ်က ဂစ်တာမတီးတတ်ရင်လည်း အဝင်အထွက် Timing လွယ်တဲ့သီချင်းကို ရွေးပါလား . . အခုတော့ မင်းရွေးထားတဲ့သီချင်းကလည်း တော်တော်ခက်တာကိုး . . . "

ကိုဖိုးဝတုတ်က ထိုသို့ဆိုပြီး သီချင်းပြောင်းရန် အကြံပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



"သီချင်းပြောင်းလိုက်လေ . . အဝင်အထွက်လွယ်မယ့် သီချင်းမျိုး . ."

"ကျွန်တော်က ဒီသီချင်းမှ ဒီသီချင်းဖြစ်နေတယ်ဗျာ . . ဒုက္ခပါပဲ . . ."

ကျွန်တော်ကလည်း ကျွန်တော် . . ဘူးဆိုရင် ဖရုံကာ မသိ။

"အေးလေ . . ကြည့်ပြီးစိစဉ်ပေးရမှာပေါ့ကွာ . . မင်းကလည်း သီချင်းဆိုတဲ့ဥစ္စာကို စိတ်ပေါ့ပေါ့ပါးပါးထား . . အရမ်းကြီး အဲဒီ့အပေါ်မှာ သောကထားရင် ပိုပြီးတော့ မှားမှာပဲ . . စိတ်ကို လျှော့နိုင်သလောက် လျှော့ထား . . ."

ချွေးများပျံနေသည့်ကြားက ကျွန်တော်ခေါင်းညိတ်မိသည်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးသီချင်းတိုက်ရသည်က ကျောင်းရှေ့မှ ကဲန်တင်းတွေကြားက 'ထိုက်' ခါတ်ပုံဆိုင်မှာဖြစ်သည်။ ကိုမျိုးမင်းသန့်ဆိုသော အစ်ကိုတစ်ယောက်က ဂစ်တာဖြင့် ထို 'ထိုက်' ခါတ်ပုံဆိုင်မှာ တိုက်ပေးခြင်းဖြစ်သည်။

သီချင်းသွားတိုက်တော့ အဝင်အထွက်ကို ရမ်းသမ်းပြီး ဆိုထည့်ပစ်လိုက်ရာ သွားပြီးအံကျနေသည်။ ကိုမျိုးမင်းသန့်က 'OK ပါတယ်' ဟု ဆိုကာမှ သက်ပြင်းကိုယ်စီချကြသည်။

ပြဿနာစတွေ့တာက Drum များ၊ Keyboard များဖြင့် တီးဝိုင်းတစ်ဝိုင်းအစုံဖြင့် ရီဟာဇယ်တိုက်သောညမှာဖြစ်သည်။ 'မနက်' မောင်မယ်သစ်လွင် ကြိုဆိုပွဲမတိုင်ခင်ညမှာ အစီအစဉ်တစ်ခုလုံးကို အစအဆုံးတိုက်ကြသည်။ အကများရော၊ အဆိုများပါ တိုက်ကြခြင်းဖြစ်သည်။

သို့နှင့် ကျွန်တော်တို့ အကအရင်တိုက်ကြသည်။ စောစောပိုင်း အကတိုက်စဉ်အခါကလို မောင်းတစ်ခုတည်းနှင့်မဟုတ်ဘဲ အိုးစည်၊ ပလွေ၊ လင်းကွင်း စသည်ဖြင့် တူရိယာအစုံအလင်ဖြင့် ကရခြင်းဖြစ်သည်။ အားလုံးအဆင်ပြေပြေပဲ အများအယွင်းမရှိအက



www.burmeseclassic.com

www.burmeseclassic.com



ကၡ်ပြီးသွားသည်။ နောက် သီချင်းတိုက်ကြသည်။ လိဒ်ဂစ်တာ၊ ဘေ့စ်ဂစ်တာ၊ ရစ်သမ်၊ ကီးဘုတ်၊ ဒရမ် စသည်ဖြင့် တီးဝိုင်းတစ်ခုလုံးဖြင့် ရီဟာဇယ်ဆိုရခြင်းဖြစ်သည်။ အားလုံးနီးပါး အဆင်ပြေပြေရှိသည်။ အဆင်မပြေဖြစ်ရသည်က ကျွန်တော့်အလှည့်ရောက်မှ ဖြစ်သည်။

"အခု ထပ်မဝေးဘူးဆိုတဲ့သီချင်းကို သီဆိုဖို့ အလှည့်ကျလာသူက ဒုတိယနှစ် သတ္တဗေဒမှ မောင်မြင့်နိုင်ထွေး ဖြစ်ပါတယ်ရှင်"

ကျွန်တော့်အလှည့်ကိုရောက်သောအခါ ကျွန်တော် ဇောချွေးတွေပျံလာသည်။ အဆင်ပြေမှပြေပါ့မလားဟူသော အတွေးကလှုကိုချောက်ချားနေစေသည်။ အဆောင်မှ ဘော်ဒါများက 'အေးဆေးပါ . . တီးဝိုင်းက ထိန်းတီးပေးသွားလိမ့်မယ် . . ' ဟု အားပေးသည်။ သို့နှင့် ကျွန်တော် မိုက်ကို Stand မှသွားဖြုတ်ကာ ကတုန်ကရင်ဖြင့် တီးဝိုင်းဘက်သို့ မျက်နှာမူသည်။

တီးဝိုင်းက သီချင်းကိုစတီးသည်။ စိုးရိမ်စိတ်တို့ ပြည့်နှက်နေသည်မို့ အဝင်အထွက်က မမှန်။ ဘေးမှလိုက်၍ အော်ပေးနေသူများပင် အသံနာချင်ချင်ဖြစ်နေပြီဖြစ်သည်။ တီးဝိုင်းက ဘယ်လောက်ထိန်းတီးပေးပေး . . ဘယ်နှကြိမ်မြောက်မှန်းမသိသည်အထိ ကျွန်တော်က အဆင်မပြေနိုင်သေး။ အဆောင်မှ ဘော်ဒါအုပ်စုသည်လည်း မျက်နှာပျက်နေကြပြီဖြစ်သည်။ ထိုစဉ်မှာပင် စင်ပေါ်သို့ ဆရာမဒေါ်ကေမြင့်မောင် တက်ချလာသည်။ ကျွန်တော်တို့ မကေဟုခေါ်သော ဆရာမဒေါ်ကေမြင့်မောင်က ဂွတို (ခေါ်) ငြိမ်းချမ်းမြင့်မောင်၏အစ်မဖြစ်သည်။

မကေက စင်ပေါ်တက်လာပြီး စင်ထောင့်မှနေ ကျွန်တော့်ကို လှမ်းခေါ်သည်။ အနားရောက်သွားတော့ မကေက အသံခပ်တိုးတိုးဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"မြင့်နိုင်ထွေး . . ဘယ်လိုဖြစ်တာတုံး . . ဒီလိုလုပ် သီချင်းက အံဝင်အထွက် ခက်တယ် . . နင် ဟိုတစ်နေ့က အသံစစ်တုန်းက ဆိုတဲ့ 'ကာရံလေး' က အဝင်အထွက်လည်း လွယ်တယ် . . နင့်အသံနဲ့လည်း ပိုမိုက်တယ် . . အဲဒီသီချင်းပဲ ဆိုလိုက်တော့ . . နောက်မှာ သီချင်းတိုက်ဖို့ စောင့်နေတဲ့လူကလည်း အများကြီး . . အားနာဖို့ ကောင်းနေပြီ . . တီးဝိုင်းကိုလည်း အားနာဦး . . သူတို့က ငါတို့ မနေ့ Welcome ဆိုရင် ငွေမယူဘဲနဲ့ မေတ္တာလက်ဆောင်လာတီးပေးတာနော် . . နောက်နှစ်တွေ ဆက်အကူအညီယူရဦးမယ် . . နင် လုပ်တာနဲ့ မိတ်ပျက်တော့မှာပဲ . . သီချင်းပြောင်းလိုက် . . ကြားလား . . ."

မကေက ခပ်တိုးတိုးဖြင့်ဆိုသည်။ ကျွန်တော်ကလည်း ဘူးဆိုလျှင် ဖရုံမသီး . . .။

"ကျ . . ကျွန်တော်က ဒီသီချင်းပဲ ဆိုချင်တာဆိုတော့"

"ဟဲ့ . . နင် မရှက်ဘူးလား . . ငါတောင် အောက်ကနေကြည့်ပြီး နင့်အစားမျက်နှာပူလာပြီ . . ပေး ပေး . . မိုက် . . တခြားလူတွေ တိုက်ပစေဦး . . နင်က သူတို့ပြီးမှ နောက်တစ်ခေါက် ထပ်တိုက်တော့ . . ."

ပြောပြောဆိုဆိုဖြင့် မကေက . . ကျွန်တော့်လက်ထဲမှမိုက်ကို လှမ်းယူသည်။ ကျွန်တော်က မိုက်ကို မလွှတ်ဘဲကြိတ်ကာ ပြန်ဆွဲအားသည်။ မကေက ဆွဲလိုက်၊ ကျွန်တော်က ပြန်ဆွဲလိုက်နှင့် မိုက်ကို ကြိတ်လုနေကြသည်မို့ တီးဝိုင်းမှ Player များကို ကွက်ကြည့် ကွက်ကြည့်လုပ်သည်။

"မကေ . . ဒီတစ်ခါပဲ တိုက်မယ်နော် . . ကျွန်တော် မကျေနပ်သေးဘူး . . တစ်ခါပဲ ထပ် . . Try ကြည့်လိုက်မယ် . . နော် . . နော် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရော . . ပြီးရော . . စိတ်ကိုလျှော့ထားစမ်း . ."

မကေက အံကိုကြိတ်ကာဆိုရင်း စင်အောက်ကို ပြန်ဆင်းသွားချိန်မှာ ဂွတိုနှင့် ကိုဖိုးဝတုတ်ရောက်လာသည်။

"ကဲ . . ကိုယ်တော်ချော . . ဒီလိုမျိုးလုပ်မှဖြစ်တော့မယ်"

"ဘယ်လိုမျိုးတုံး . . ."

ကိုဖိုးဝတုတ်ကို ကျွန်တော် ပြန်မေးဖြစ်သည်။

"ငါရယ်၊ ဂွတိုရယ်က စင်ထောင့်ကနေ လက်ညှိုးသုံးချောင်းထောင်ပြမယ် . . ပြီးတော့ တစ်ချောင်းချင်းစီ ချိုးသွားမယ် . . . ကာရာအိုကေ ဆိုသလိုပေါ့ကွာ . . လက်ညှိုးသုံးချောင်းလုံး ချိုးပြီးပြီဆိုတာနဲ့ စဆိုတော့ . . ဘယ်လိုလဲ . . ."

"စ . . စမ်းကြည့်မယ်လေ . . ."

မိုက်ကို တခြားလူ လုသွားမှာစိုးသည့်အလား ခပ်တင်းတင်းဆုပ်ကိုင်ထားရင်းက ကျွန်တော် ဆိုဖြစ်သည်။ အနောက်ကို စိတ်ရှည်သော ကိုမျိုးမင်းသန့်တို့တီးဝိုင်းကလည်း အစမှနေပြန်၍ တီးပေးသည်။ ကိုဖိုးဝတုတ်နှင့်ဂွတိုက လက်ညှိုးသုံးချောင်းထောင်ထားရာမှ ပြိုင်တူလက်တစ်ချောင်းချင်းစီ ချိုးကာသွားသည်။ လက်သုံးချောင်းစလုံး ချိုးပြီးသွားချိန်မှာ ကျွန်တော် သီချင်းကို စဝင်လိုက်သည်။

"ည တစ်ရေးနိုး ××× လမင်းကြီး ××× မြင်တော့မှ ××× ယောင်ရမ်းပြီး ××× အချိန်တွေနောက်ပြန်လည် ××× အိမ်ပြန်ရောက်ချင်တယ် ××××"

ဂွတိုနှင့်ကိုဖိုးဝတုတ်၏နည်းဖြင့် ကျွန်တော် လုံးဝအဆင်ပြေကာ သွားသည်။ အခုမှ ကွဲအပါးမှာ စောင်းတီး၍ OK သွားသည်။

ဘာပြောပြော မနက်ဖြန်က ပရိသတ်နှင့်တကယ်ကြီးဖျော်ဖြေရမည်မို့ ကျွန်တော် ရင်တွေခုန်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖျော်ဖြေမှုအစီအစဉ်က (၁၀း၀၀)နာရီမှာ စမည်ဖြစ်သည်။ ခနုနှင့်တောင်ရိုးတို့၏ ရိုးရာဝတ်စုံများဖြင့် ကျွန်တော်တို့ ဧည့်ခံကြိုဆိုရေးနေရာမှာ ([illegible]း၃၀) ၌ ရပ်စောင့်နေကြရသည်။ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိကများ ရောက်လာချိန်၌ ကြိုဆိုကြရန်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့အားလုံး ပါချုပ်တို့ရောက်လာကြမည့် ကျွေးမွေးရေးခန်းမအဖြစ် အသုံးပြုထားသော 'အင်းလေး' ဆောင်၌ စောင့်နေကြသည်။ ပါမောက္ခချုပ်နှင့်ဧည့်သည်များ ရောက်လာသောအခါ တိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်ထားသော ကျွန်တော်တို့က ဆီး၍ကြိုဆိုကြသည်။

ဧည့်သည်များအား ကျွေးမွေးပြီးသွားသောအခါ ကျွန်တော်တို့အကအဖွဲ့များက ခနု Welcome တွင် ကျွေးနေကျဖြစ်သော အာလူးထမင်းနယ်ကို စားကြသည်။ ပြီး ကျွန်တော်တို့အားလုံး ဖျော်ဖြေရေး Stage စင်၏နောက်မှာ အခမ်းအနားမစမီကပင် စုရုံးရောက်ရှိကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း အက,ကရာ၌ လမိုင်းကပ်စေရန် ရိုးရာမလေ့တစ်ခုဖြစ်သော လက်ဖက်စားခြင်းကို ကျွန်တော်တို့အကအဖွဲ့များ လုပ်ကြရသည်။ ဆရာမတစ်ဦးက လက်ဖက်ပန်းကန်ကိုယူလာကာ အကအဖွဲ့သူအဖွဲ့သားများကို တစ်ယောက်စီလိုက်ခွဲ့ပေးသည်မို့ ပါးစပ်ဟပေးကာ ပါးစပ်ထဲဝင်လာသော လက်ဖက်တို့ကို ဝါးပြီးမျို ချရသည်။ မည်ကဲ့သို့သော အစီအရင်ဖြင့် စီမံထားသောလက်ဖက် မှန်းမသိသော်လည်း ရည်ရွယ်ချက်ကတော့ အက,ကနေချိန်၌ အာရုံ ခြားမသွားစေဘဲ လမိုင်းကပ်နေစေရန်ဟုသာ သိရသည်။

မကြာမီမှာ အစီအစဉ်စကာ ခနအကအဖွဲ့အပြီးမှာ ကျွန် တော်တို့ တောင်ရိုးအကအဖွဲ့က ကကြရသည်။ အားလုံးအဆင်ပြေ ပြေပဲ ပြီးသွားသည်။ ကျွန်တော်တို့အဖွဲ့အပြီးမှာ မိန်းကလေးများသာ ကသော အကအဖွဲ့က ကပြသည်။ ဘိုဖြူ၏ သီချင်းဖြစ်သည်။ ခနေ သံချပ်များပါဝင်သော သီချင်းဖြစ်သည်။ နောက်ပိုင်းမှာတော့ အဆို အစီအစဉ်စသည်။

သို့နှင့်တစ်ယောက်ပြီးတစ်ယောက် ဖျော်ဖြေပြီး ကျွန်တော့် အလှည့်သို့ရောက်လို့လာသည်။

'ထပ်မဝေးဘူး' ဆိုတဲ့ သီချင်းကို သီဆိုဖျော်ဖြေမှာကတော့ ဒုတိယနှစ် သတ္တဗေဒကျောင်းသား မောင်မြင့်နိုင်ထွေး ဖြစ်ပါတယ် ရှင် . . ."

ကြေညာသံအဆုံးမှာ ကျွန်တော် ဒူးတွေတုန်ကာလာသည်။ ပြီး ရင်တွေလည်း ခုန်လာသည်။ ကိုဖိုးဝတုတ်နှင့်ဂွတိုကတော့ စင် အောက်ရှိ မြင်သာထင်သာရှိသောနေရာမှာရှိနေမည်ဟု အချိန်း အချက်လုပ်ကာထားသည်။

"အေးဆေးနော် . . အေးဆေး . . ."

"စင်ပေါ်သို့အတက်မှာ ဘေး၌ရှိနေသူများက ဝိုင်း၍အား



www.burmeseclassic.com

www.burmeseclassic.com



ပေးကြသည်။ စင်ပေါ်ရောက်ပြီး မိုက်လက်ထဲရောက်ချိန်မှာ ကျွန်တော် ရှာဖြစ်သည်က ဂွတိုတို့နှစ်ယောက်ကိုဖြစ်သည်။ ရှာသာရှာမိသော်လည်း မတွေ့။ ကျွန်တော့်ရင်ခုန်သံတို့ တစ်စထက်တစ်စမြန်လာသည်။ နောက်ကျောဘက်မှာရှိသော တီးဝိုင်း Player များကို လှည့်ကြည့်သောအခါ Player များက စတီးရန်အချက်ပြသည်ဟု ထင်လေသလား မသိ။ တီးလုံးကို စတီးသည်။ ကျွန်တော် ချွေးဖော တွေ ပျံ့သထက်ပျံ့လာသည်။

"သွားပြီ . . ငါတော့ အရှက်ကောင်းကောင်းကွဲပြီ . . ဆိုချင်ဦးဟ သီချင်း . . "

ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တွေတင်ရင်း မျက်လုံးက ဂနာမငြိမ်စွာဖြင့် ဂွတိုတို့ကို ရှာဖြစ်သည်။ ကံကောင်းစွာပင် ခန်းမ၏ ထောင့်တစ်နေရာမှ လက်ပြနေသော ဂွတိုနှင့်ကိုဖိုးဝတုတ်ကို တွေ့ရသည်မို့ ကျွန်တော့်မှာ စိန်တုံးတစ်တုံးကို ရှာဖွေတွေ့ရှိရသလိုမျိုး အတော်ကြီးဝမ်းသာလုံးဆို့သွားရသည်။

ဂွတိုတို့နှစ်ယောက်က သံစဉ်၏နောက်သို့ စည်းဝါးလိုက်နေသလိုလို ဘာလိုလိုဖြင့် လက်ညှိုးသုံးချောင်းစီကို ပြိုင်တူထောင်ပြကာ ထားသည်။ ပြီး တစ်ချောင်းပြီးတစ်ချောင်း ချိုးကာသွားသည်။ သုံးချောင်းစလုံး ချိုးအပြီးမှာ ကျွန်တော်သီချင်းကို စဆိုသည်။ Timing ကလုံးဝ ကွက်တိကျသည်။ ကျွန်တော် ရင်ခုန်ကြောက်လန့်နေရာက အကြောက်ပြေစပြုလာသည်။

သီဆိုနေစဉ်အတွင်း အဆောင်မှ ဘော်ဒါများက ကျွန်တော့်ကို ပန်းကုံးတွေတက်စွပ်ပေးကြသည်။ အဆောင်မှဘော်ဒါများ၊ ကျွန်တော်၏ Zoo မေဂျာမှဘော်ဒါများနှင့် အခြားဘော်ဒါများက ပန်းကုံးတွေ လာစွပ်သွားကြသည်။ ဘာပဲပြောပြော သီချင်းတစ်ပုဒ်လုံး အဆင်ပြေပြေပဲ ပြီးကာသွားသည်။ Timing အောက်ချင်အော



www.burmeseclassic.com

www.burmeseclassic.com



နေရာများတွင် တီးဝိုင်းက ပါးပါးနပ်နပ်ပဲထိန်း၍တီးကာသွားသည်။

စင်အောက်သို့ အဆင်ပြေပြေ ပြန်ရောက်သွားသောအခါမှ ကျွန်တော် သက်ပြင်းချနိုင်တော့သည်။ ကိုးတန်းနှစ်ကျောင်းသားဘဝက ပထမဆုံးစင်ပေါ် သီချင်းတက်ဆိုစဉ်က သီချင်းစာသားမေ့ဖူးသော အတွေ့အကြုံရှိသည်မို့ ဒီတစ်ခေါက်တော့ ကျွန်တော်။ သီချင်းအပိုဒ်များ၏အစများကို အမှတ်အသားလုပ်ကာ လက်ဝါးမှာရေးမှတ်ကာသွားခဲ့သော်လည်း သီချင်းမမေ့သည်မို့ တော်သေးသည်။ Welcome ၌ သီချင်းဆိုနေသော ဓာတ်ပုံများရသောအခါ၌ ကျွန်တော်၏ ဘယ်ဘက်လက်မှာ ရေးထားသော သီချင်းစာသားများက ဓာတ်ပုံမှာပင် လက်ဝါးပြင်မှာ အထင်းသားမြင်နေရသည်။

သူငယ်ချင်းကောင်မလေးများကတော့ ကျွန်တော့်ကို အပြစ်တင်ဝေဖန်ကြသည်။

"မြင့်နိုင်ထွေး . . နင့်အသံက တော်တော်ကောင်းတာပဲဟာ . . ရုပ်နဲ့အသံနဲ့ တခြားစီပဲ . . ."

"ဘာလဲ ရုပ်က ထယ်စောက်ရုပ်ထွက်ပြီး အသံက အငဲလိုကောင်းနေလို့လား . . ."

"အံမာ . . အံမာ . . နင့်မျက်နှာက ထယ်စောက်နဲ့တူတာဆိုလို့ ဘာမှမရှိဘူး . . ."

ကောင်မလေးများက ခါးခါးသီးသီးပင် ခေါင်းခါရင်းဆိုသည်။

"ဟ . . သူလည်း ပါးချိုင့်နှစ်ဖက်၊ ငါလည်း ပါးချိုင့်နှစ်ဖက်ပဲလေဟာ . . ."

"ဟဲ့ . . ပါးချိုင့်နှစ်ဖက်ပါတာချင်းတူပေမယ့် ထယ်စောက်ရဲ့ပါးချိုင့်က ကြည့်လို့ကောင်းတယ် . . နင့်ပါးချိုင့်က ရေတွင်းပျက်လိုလို၊ အမှိုက်တွင်းလိုလိုနဲ့ . . ကဲပါ . . အဲဒါ အသာထားလိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com



. . နင် လုပ်နေတာနဲ့ လိုရင်းကပျောက်တော့မယ် . . ဒီလိုဟ . . နင့် အသံက တော်တော်ကောင်းတယ် . . ဒါပေမယ့် သီချင်းဆိုနေတဲ့ နင့်မှုဒ်က တစ်မျိုးပဲ . . ."

"ဘာဖြစ်လို့လဲ . . ."

"တစ်ခုခုကို စိုးရိမ်တကြီးနဲ့ ကြောက်လန့်နေတဲ့ပုံစံမျိုး။ နင့်မျက်လုံးတွေကလည်း စင်ထောင့်ကိုကြည့်နေလိုက်တာ ပြူးလို့ . . သက်သောင့်သက်သာကို မရှိဘူး . . ."

သူငယ်ချင်း၏စကားကြောင့် ကျွန်တော်ရယ်ချင်ချင်ဖြစ်သွားရသည်။ ထိုသို့ဖြစ်နေရခြင်းအကြောင်းကို သူမကတော့ သိမည်မဟုတ်သော်လည်း ကျွန်တော်ကတော့ ကိုယ့်ဝမ်းနာ ကိုယ်သာသိမို့ ရယ်ချင်သွားရခြင်းဖြစ်သည်။ သို့သော် ဟန်ကိုယ့်ဖို့ဆိုတာကို ခပ်တည်တည်ဖြင့် . . . .

"အပေါ် . . ဒါလား . . ငါက Stage ကြောက်တဲ့အကျင့်ရှိတယ်ဟ . . အဲဒါကြောင့် ဟ . . အဟဲ ဟဲ . . ."

"ဖြစ်ရမယ် . . ."

ကျွန်တော့်ဆင်ခြေကို ကောင်မလေးများက ယုံသွားကြသည်။ အဆောင်ရောက်တော့ အဆောင်မှ ချာတိတ်သုံးကောင်က ကျွန်တော် စင်ပေါ်မှာသီချင်းဆိုနေသည့်ပုံစံကို Over အိုက်တင်ဖြင့် လုပ်ကာပြသည်။

"ကိုမြင့်နိုင်ထွေး စင်ပေါ်မှာသီချင်းဆိုနေတဲ့ပုံစံက လေဖြတ်ထားတဲ့စတိုင်လ်မျိုး ကျွန်တော် လုပ်ပြမယ် . . ဒီမှာကြည့် . ."

"အာ . . ဒီလိုမျိုးပါ . . ငါလုပ်ပြမယ် . . ဒီလိုမျိုး . ."

"အဲဒီ့လိုကြီး မဟုတ်ပါဘူးကွာ . . ဟောဒီလိုမျိုး . . ."

ဖိုးရာ၊ ဘခက်နှင့်မျိုးမင်းသိုက်ဆိုသော ချာတိတ်သုံးကောင်ကလိုတာထက်ပိုပြီး ဝိုင်း၍ကျွန်တော့်ကို နှိပ်ကွပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ . . ငါ့ပုံစံက မင်းတို့ပြောသလောက်ကြီးလည်း မဟုတ်ပါဘူးကွ . . ."

အသေအလဲ ကျွန်တော်ငြင်းသော်လည်း သကောင့်သားများကတော့ ကျွန်တော်ကျောင်းပြီး၍ ဘွဲ့ရပြီးသည်အထိ ကြုံရင်ကြုံသလိုပင် 'ကိုမြင့်နိုင်တွေး စင်ပေါ်မှာ သီချင်းဆိုတာ ဒီလိုမျိုး' ဟု ဆိုပြီး အမူအရာဖြင့် ပြူးတူးပြဲတဲတွေ လုပ်ပြကြတုန်း။

ဖြစ်ချင်တော့ နောင်(၂)နှစ်ခန့်ကြာသောအခါ I.C Unplugged ထွက်လာတော့ အငဲ၏ ထပ်မဝေးဘူးသီချင်းက ထိပ်ဆုံးမှ ပါ၍လာသည်။ အကြောင်းသိသော သူငယ်ချင်းများကလည်း ထိုသီချင်းဖွင့်တိုင်း ကျွန်တော့်ကို သရော်ပြုံးကို ပြုံးပြုံးပြကြသည်။ 'မှတ်မိရဲ့လား' ဟူသည့်သဘော။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲ အရှက်ကွဲခဲ့ ကွဲခဲ့ . . ဒုက္ခရောက်ခဲ့ ရောက်ခဲ့ . . အမှတ်သညာခြေမရှိသော ကျွန်တော်က တက္ကသိုလ်နောက်ဆုံးနှစ်၏မေဂျာ Welcome မှာ သီချင်းဆိုရန် ထပ်မံ၍ကြိုးစားပြန်သည်။

ကျောင်းသူကျောင်းသားအသစ်များအတွက်မူ မောင်မယ်သစ်လွင်ကြိုဆိုပွဲဖြစ်ကာ ကျွန်တော်တို့လိုနောက်ဆုံးနှစ်ကျောင်းသားများအဖို့မူကား နှုတ်ဆက်ပွဲဖြစ်သည်။ အသံစစ်ရက်၌ Welcome ၌ သီချင်းဆိုချင်သူ ကိုဆိုချင်၊ မဆိုချင် ကျောင်းသား ကျောင်းသူများအားလုံး အသံစစ်မည့် အခန်းနှင့်အပြည့် ရောက်ရှိနေရာယူကြသည်။

အသံစစ်ရင်း စစ်ရင်းဖြင့် ကျွန်တော်တို့ 1997 Intake အလှည့်ကို ရောက်လာသည်။ ကျွန်တော်တို့ Zoo မေဂျာ၏ 1997 ၌ ဆယ်တန်းအောင်ကာ တက်ရောက်နေကြသော နောက်ဆုံးနှစ်အသုတ်မှာ သီချင်းသီဆိုမည်ဟု အသံစစ်ရန် စာရင်းပေးထားသူက စုစုပေါင်းမှ ကိုးယောက်သာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခေါက်မှာလည်း ကျွန်တော်က အငဲသီချင်းကို ရွေးထားသည်။ မကြာသေးခင်ကမှ ထွက်လာသော 'ခုနစ်ထွေအက' စီးရီးထဲမှ 'မြား' ဆိုသော သီချင်း။ ဒီနှစ်မှာတော့ ဂွတိုတို့၊ ကိုဖိုးဝ တုတ်တို့ကလည်း ကျောင်းပြီးကာ ဘွဲ့ယူရန်စောင့်နေကြပြီမို့ ကျွန်တော့်ကို သီချင်းတိုက်ပေးမည့်သူလည်းမရှိ။

"ဘာသီချင်းဆိုမှာလဲ . . ."

"မြား . . အစ်ကို . . အငဲရဲ့သီချင်း . . ."

အသံစစ်ကာ သီချင်းတိုက်ပေးမည့် ဂစ်တာတီးသမား၏ အမေးကို ကျွန်တော်ဖြေဖြစ်သည်။ အသံစစ်ကာ သီချင်းတိုက်ပေးမည့် ဂစ်တာတီးသမား၏အမေးကို ကျွန်တော်ဖြေဖြစ်သည်။

"Notes ပါလား . . ."

"မပါဘူး. . အစ်ကို . . ."

"အေး . . သီချင်းက ထွက်စဆိုတော့ အစ်ကိုက နားမယဉ်သေးဘူး . . ."

ဂစ်တာမတီးတတ်သော ကျွန်တော့်အဖို့ Notes စာရွက်ရှိရမည် ကောင်းမှန်းလည်း မသိ။ ကျန်ဘော်ဒါများကတော့ ဂစ်တာကို ကိုယ့်ဘာသာကိုယ် တီးကာဆိုသွားကြသည်မို့ ဂစ်တာတီးပေးမည့် တီးဝိုင်းမှ အစ်ကိုက ကျွန်တော့်ထံ ဂစ်တာလှမ်းပေးသည်။

"ရော့ . . ညီလေး . . ကိုယ့်ဟာကိုယ်ပဲ တီးပြီးဆိုလိုက်"

ကမ်းပေးနေသောဂစ်တာကိုကြည့်ရင်း ကျွန်တော် ဖျန်းခနဲ မျက်နှာပူသွားရသည်။ ထိုအစ်ကိုက ကျွန်တော့်ကို ဂစ်တာတီးတတ်သည်အထင်နှင့်လှမ်းပေးခြင်းဖြစ်သည်။ အငဲ၏ 'ခုနစ်ထွေအက' ခွေ သီချင်းစာအုပ်ကို ကျွန်တော်ကျစ်နေအောင် ဆုပ်ထားဖြစ်သည်။

"ကျ . . ကျွန်တော် မတီးတတ်ဘူးဗျ . . ."

"ဟေ . . ဒါဆို ဒီလိုလုပ် . . ဒီမှာ Notes ထုတ်ထားပြီးသား



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတွေရှိတယ် . . အဲဒီ့အထဲက ညီလေး အဆင်ပြေမယ့်တစ်ပုဒ် ရွေးလိုက် . . . ”

Notes စာရွက်တစ်ထပ်ကြီးကိုကြည့်ရင်း ကျွန်တော်အသံစစ်ကြမည့် ကျွန်တော့်နောက်မှ ကျောင်းသူကျောင်းသားများကို အားနာသွားသည်။ အသံစစ်မည့် ဆရာမနှစ်ယောက်ကိုလှမ်းကြည့်ရင်း ကျွန်တော်ဂစ်တာမထီးတတ်သော ကိုယ့်ကိုယ်ကိုယ် အတော်ကြီး သိမ်ငယ်သွားမိသည်။

Notes စာရွက်တစ်ထပ်ကြီးကို လှမ်းကြည့်တော့ အပေါ်ဆုံးစာရွက်မှာက ‘လက်ခံလိုက်မယ်’ ဆိုသော သီချင်း။ ထိုသီချင်းသည်လည်း အငဲ၏သီချင်းပင်ဖြစ်သည်။ ‘ခုနစ်ထွေအက’ အခွေထဲမှ သီချင်းပင်ဖြစ်သည်။ မထူးတော့ပြီမို့ ကျွန်တော်ဆုံးဖြတ်ချက်ကို ခပ်သွက်သွက်ချလိုက်သည်။

“ဒီသီချင်းပဲ ဆိုလိုက်မယ်ဗျာ . . . ”

တကယ်တော့ ကျွန်တော်အကြိမ်ကြိမ်နားထောင်ထားသည့် သီချင်းက ‘မြား’။ အခု ကျွန်တော်ဆိုရမည်က ‘လက်ခံလိုက်မယ်’။

အဆင်ပြေအောင် အတတ်နိုင်ဆုံးစိတ်ငြိမ်ငြိမ်ထားပြီး ကျွန်တော်ဆိုဖြစ်သည်။ သီချင်းဆိုနေစဉ်မှာ ‘OK ရပြီ’ ဆိုသော အသံစစ် ဆရာမ၏ခေါင်းညိတ်ရင်းဆိုမှုကြောင့် ကျွန်တော်သီချင်းဆိုမှုကို ရပ်လိုက်သည်။

မသိမသာလှမ်းကြည့်တော့ ဆရာမက စာရွက်မှာတစ်စုံတစ်ရာ ရေးမှတ်လိုက်သည်ကို တွေ့ရသည်။ အမှန် (✔)ခြစ်လား၊ အမှား (✘) ခြစ်လားတော့မသိ။ မနက်ဖြန် အသံစစ်စာရင်းဌာန၏ ကြော်ငြာသင်ပုန်းမှာ ကပ်မှပဲ သိရလိမ့်မည်။

ဘာပဲပြောပြော . . နောက်ဆုံးနှစ်နှုတ်ဆက်ပွဲ အမှတ်တရအဖြစ် သီချင်းတစ်ပုဒ်တော့ ဆိုချင်မိသည်ကား အမှန်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၇

အသံစစ်အောင်စာရင်း အကျအရှုံးကိုကြည့်ရန် ကျွန်တော် ဌာန၏ကြော်ငြာသင်ပုန်းရှိရာ ခပ်သွက်သွက်လာနေစဉ်မှာပင် 'မြင့်နိုင်ထွေး' ဟူသောခေါ်သံကြောင့် ကျွန်တော် အသံလာရာဆီ လှည့်ကြည့်ဖြစ်သည်။ လှမ်းခေါ်သူက ဘော်ဒါဖြစ်သူ သန်းသန်းအေး။

"နင် အသံစစ်အောင်လား၊ ကျလား သွားကြည့်မလို့ .. မဟုတ်လား .."

"အေး ..."

သန်းသန်းအေး၏အမေးကို ကျွန်တော် ခပ်သွက်သွက်ဖြေဖြစ်သည်။

"သွားမကြည့်တော့နဲ့ သူငယ်ချင်း .. နင် ကျတယ် .."

"ဟေ ..."

"မဟေနဲ့ .. ငါလည်း ကျတယ် .. ငါတို့ 97 အသုတ်တကိုးယောက်မှာ လေးယောက်ကျတယ် .. နင်ရယ်၊ ငါရယ်၊ King ရယ်၊ ချိုချိုစိုးရယ် .."

"ဟုတ်လား .. အေး .. ငါလည်း အသံသာစစ်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ် . . သိပ်တော့မထင်ဘူး . . King တောင်မှကျတယ်ဆိုတော့ . . King က Timing လည်းကောင်းရဲ့သားနဲ့ . . ငါက Timing မကောင်းဘူး . . ”

“အေးဟ . . Bot က ငါတို့လို 97 အသုတ်ကကျတော့ သူတို့မေဂျာက အသံမစစ်ဘူးတဲ့ . . ဆိုချင်တဲ့လူစာရင်းပေးရုံပဲ အကုန် Pass ပေးတယ်တဲ့ . . . ”

“ဟုတ်ပါ့မလား . . . ”

“ဟုတ်ပါတယ်ဆို . . ဟိုကောင်တွေ လာကြွားလို့ ငါတောင်ကောလှတ်လိုက်သေးတယ် . . First Year နဲ့ Second Year က ကျောင်းသားကျောင်းသူတွေက နောက်နှစ်တွေမှာဆိုလို့ရသေးတယ်တဲ့ . . Final က ကျောင်းသားတွေကျတော့ နောက်နှစ်ဘွဲ့ယူဖို့ပဲကျန်တော့တာမို့လို့ နှုတ်ဆက်ပွဲမှာဆိုချင်တဲ့လူ Final ကျောင်းသားမှန်သမျှ Pass တဲ့ဟ။ သူတို့က ဆယ်ယောက်စာရင်းပေးတာ . . ဆယ်ယောက်စလုံး Pass တဲ့ . . ငါ့ကိုတောင် ရိသွားလိုက်သေးတယ်”

“စတာနေမှာပါဟာ . . ကဲ ကဲ . . Final မှာ နှုတ်ဆက်တဲ့အနေနဲ့ သီချင်းမဆိုရတော့လည်း ဆိုတဲ့လူတွေအတွက် လက်ခုပ်တီးပေးကြတာပေါ့ဟာ . . မဟုတ်ဘူးလား . . . ”

“ငါတို့မေဂျာကလည်း Bot လို Pass ပေးလိုက်တာမဟုတ်ဘူး . . . လူလည်း များတာမဟုတ်ဘဲနဲ့ . . . ”

ဘေးမှသူငယ်ချင်းတစ်ယောက်က မျက်နှာငယ်လေးတွေနှင့်မုဒိတာပွားဖို့ကြိုးစားနေကြသော ကျွန်တော်တို့နှစ်ယောက်ကို နှစ်သိမ့်သည်။

ထိုသို့ဖြင့် ဖိုးဆိုချင် ကျွန်တော်သည် First Year နှင့် Second Year များ၌ အကြောင်းအမျိုးမျိုးကြောင့် မေဂျာ Welcome



www.burmeseclassic.com

www.burmeseclassic.com



များ၌ အသံစစ်ဖို့လွဲချော်ခဲ့သလို Final ၌ အသံစစ်ခဲ့ရသော်လည်း မအောင်ခဲ့၍ သီချင်းမဆိုလိုက်ရ။

ဓနု Welcome မှာတောင်မှ အသံစစ်အောင်သော်လည်း သီချင်းတိုက်ရာ၌ အဆင်မပြေချင်၍ ထီပေါက်ပြီးကာမှ ထီလက်မှတ်ပျောက်တော့မလို ဖြစ်သွားခဲ့သေးသည်။

ထိုသို့နှင့်ပင် ကျွန်တော်ကျောင်းပြီးကာ ဘွဲ့တစ်ခုရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စိတ်ကူးလည်းအတော်ယဉ်သူဖြစ်သည့်အလျောက် ကျောင်းပြီးသွားသည်နှင့် စာရေးဆရာ (သို့မဟုတ်) အဆိုတော်ဖြစ်ရေးကိုသာ အမြဲတွေးနေခဲ့သည်။

ဤသို့နှင့် ကျွန်တော် ရန်ကုန်သို့သွားရန် အခြေအနေတစ်ခုဖြစ်လာသည်။ ပြဿနာက အစ်ကိုများနှင့်မတည့်သောပြဿနာဖြစ်သည်။ ပင်းတယမှာ ဆက်နေလို့မဖြစ်တော့လောက်အောင် စိတ်ဓာတ်ကကျလာသည်။ စီးပွားရေးအသင့်အတင့်ပြေလည်သော်လည်း အိမ်တွင်းရေးမှာ မOK တော့သည်မို့ အမေ့ကိုခေါ်ကာ တစ်နေရာရာမှာ ပြောင်းနေကြဖို့ ကျွန်တော် ကြိုးစားသည်။ အမေက အဖေခေါင်းချသွားသော ပင်းတယမှ မခွာနိုင်။

နောက်ဆုံးတော့ အမေ့ကျန်းမာရေးလည်း ကောင်းနေပြီမို့ ကျွန်တော်ရန်ကုန်သို့ သွားမည်ဟု ဆုံးဖြတ်ကာ အမေ့ဆီ ခွင့်တောင်းတော့အမေက ခွင့်မပြုချင် ပြုချင်ဖြင့် ခွင့်ပြုသည်။

သွားမည်ဟုသာ အားခဲထားသော်လည်း ရန်ကုန်၌ ဆွေမျိုးဘာညာဘာမှမရှိ။ GTI တုန်းကသူငယ်ချင်းဖြစ်သူ မင်းမင်းဆီသွား



www.burmeseclassic.com

www.burmeseclassic.com



ရမှာဖြစ်သည်။ GTI ပြီးစဉ်အခါကတည်းက ဖုန်းအဆက်အသွယ် မပြတ်ခဲ့သည်မို့ ကျွန်တော်လာမည့်အကြောင်းနှင့် အလုပ်ရှာထားပေးရန် ကျွန်တော် ဖုန်းဆက်ထားပြီးဖြစ်သည်။

၁၃. ၅. ၂၀၀၄မှာ ကျွန်တော် ပင်းတယမှရန်ကုန်သို့ ဆင်းသည်။ အမေ့ကို ဦးသုံးကြိမ်ချပြီး အိမ်အပြင်လမ်းမပေါ် ထွက်တော့ ကျွန်တော့်ရင်မှာဟာနေသည်။ တစ်ဖက်မှာအမေ့ကိုစိတ်မချသလို တစ်ဖက်မှာလည်း အစ်ကိုများနှင့်အတူနေ၍မဖြစ်တော့။ ပြဿနာအကြီးကြီးတွေဖြစ်လာမည့် အနေအထားမှာရှိသည်။

အိမ်အပြင်ရောက်ပြီးမှ ပြန်လှည့်ကြည့်သောအခါ အိမ်တံခါးကိုမှီပြီး ကျွန်တော်သွားပြီအထင်နှင့် ငိုပြီးရှိုက်နေသော အမေ့ကို ကျွန်တော် မြင်နေရသည်။ ဆို့နင့်သောခံစားမှုတို့နှင့်အတူ ကျွန်တော့်ခြေထောက်တို့က အလိုလိုရပ်ကာသွားသည်။

နောက်ဆုံးတော့ အံကြိတ်ပြီး ကျွန်တော်လှည့်ထွက်ခဲ့သည်။ ကားဂိတ်သို့သွားရာ လမ်းတစ်လျှောက်လုံး ကျွန်တော် မွန်းကျပ်နေသည်။ တစ်ကိုယ်ကောင်းဆန်ကာ ကိုယ်လွတ်ရုန်းသလိုများဖြစ်နေသလားဟု ကျွန်တော်တွေးသည်။

တကယ်တမ်း အချိန်အကန့်အသတ်မရှိ ခွဲရတော့မည်ဟု သိရသောအခါ ကျွန်တော့်စိတ်မှာ ပင်းတယကိုလည်း မခွဲနိုင်။ ပင်းတယကန်ရေပြင်မှာ လှိုင်းတို့ကိုကြည့်ရင်း ကျွန်တော့်ရင်တွေနာကျင်နေသည်။ ညောင်ပင်တန်းကြီးကိုကြည့်ရင်း ဘာကိုလွမ်းရမှန်းမသိလည်း ဖြစ်ကာနေသည်။

"ပင်းတယရေ . . ငါတို့ ပြန်ဆုံချင်မှလည်း ဆုံတော့မယ် . . အကြောင်းတစ်မျိုးမျိုးကြောင့်များ တစ်နေရာရာမှာ ဘဝကူးသွားခဲ့ရင်လည်း နောက်ဘဝများ လူပြန်ဖြစ်ခဲ့ရင် ငါ့ကို ပင်းတယသားတစ်ဖန်ပြန်ဖြစ်ခွင့်တော့ ပေးဦးပေါ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှ ဆိုဖြစ်ရင်း ကျွန်တော် အသက်ရှူတွေမွန်းကျပ်ကာလာသည်။ အသက်ရှူ၍မဝတော့။ ကျွန်တော် နာကျင်စွာပင် ပြုံးဖြစ်သည်။ သေတော့မှာလား . . သေစမ်း. . လူ့ဘဝမှာ ကျွန်တော် ဆက်နေလိုစိတ်မရှိ။ ရင်ဘတ်ကအောင့်သည်ထက် အောင့်ကာလာသည်။ ဖျပ်ခနဲ အမေ့ကိုသတိရသည်။ စိတ်တော့သိပ်မကောင်း။ ကျွန်တော်များ သေသွားခဲ့သည်ရှိသော် အမေ့ကို စိတ်မချ။

"မတတ်တော့ မတတ်နိုင်ဘူးပေါ့ . . အမေရေ . . ကျွန်တော် သေသွားခဲ့ရင်လည်း နောက်ဘဝတွေမှပဲ ကျေးဇူးဆပ်ရတော့မှာပေါ့ . . ဖြစ်နိုင်ရင်တော့ ကျွန်တော်တို့အတူသေသွားကြရင်လည်းကောင်းမှာပါ . . ."

သေချာတာကတော့ အမေသည် ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုးနေရလိမ့်မည်။ အချိန်တန် ဆေးတိုက်ဖို့ တစ်ပတ်တစ်ခါသွေးချိန်ဖို့ . . တစ်လတစ်ခါတောင်ကြီးတက်ပြီး အထူးကုနှင့်ပြဖို့အားလုံးကို လုပ်ပေးနေကျ ကျွန်တော်မရှိသောအခါ အမေဘယ်လိုနေပါလိမ့်ဟု ကျွန်တော်တွေးမိသောခဏ၌ ကျွန်တော် ကိုယ့်ဒေါသနှင့်ကိုယ် ထွက်လာခဲ့ခြင်းအပေါ် နောင်တရချင်လာသည်။

ထိုသို့ပင်တွေးရင်း ဝေးရင်းဖြင့် ကျွန်တော်ရန်ကုန်ကို ၁၄. ၅. ၂၀၀၄မှာ ရောက်ကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



•

မင်းမင်းအကြိုလွှတ်လိုက်သောကားနှင့် ကျွန်တော် သူ့အိမ်ကိုပါလာသည်။ ဆရာသမားက နေမကောင်း၍ အိပ်ရာမှာလဲနေသည်။ စကားပင်ကောင်းကောင်းမပြောနိုင်။ 'နေသာသလိုနေကွာ' ဟုသာ ခပ်ရဲရဲဆိုသည်။

ထိုနေ့ထုတ်ကြေးမုံသတင်းစာကို ဖတ်ရင်းက ကျွန်တော့်မျက်လုံးတို့ပြူးကာသွားသည်။ Kiss တေးထုတ်လုပ်ရေးမှ 'ဆောင်းဦးရွက်ကြွေ ချစ်သက်သေ' သီချင်းဆိုပြိုင်ပွဲနှင့်ပတ်သက်သော ကြော်ငြာကို တွေ့ရဖြစ်သည်။ ကမ္ဘာ့ရှုးထိုးဖြင့် ကျွန်တော်အပျော်ကြီးပျော်သွားသည်။ ရန်ကုန်ရောက်ရောက်ချင်းနေ့မှာပင် သတင်းကောင်းများက ကြိုနေသည်ဟု . . ။

ကမန်းကတန်း ၎င်း၏ Phone နံပါတ်ကိုကြည့်ကာ Phone လှမ်းဆက်တော့ တစ်ဖက်ကကိုင်သည်။

"ဟဲလို . . Kiss ကလားခင်ဗျာ . . . "

"ဟုတ်ပါတယ် . . . "

"ဪ . . ကျွန်တော် သီချင်းဆိုပြိုင်ချင်လို့ပါ . . အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



"လျှောက်လွှာတင်ထားလား . . ."

"အဲဒါ စုံစမ်းမလို့ပါ . . ."

"ဪ . . လျှောက်လွှာက သုံးလပိုင်းကတည်းက ပိတ်တာပါ . . ဒီနေ့ကြေးမုံသတင်းစာမှာ ကြော်ငြာတွေ့လို့ ဆက်တာထင်တယ် . . ."

"ဟုတ်ပါတယ် . . ."

"အဲဒီမှာ သေသေချာချာကြည့်ရင် လျှောက်လွှာန်ပါတ်တွေနဲ့ အဆိုပြိုင်ရမယ့်နေ့တွေ၊ အချိန်တွေကို ကြော်ငြာထားတာတွေ့ရမှာပါ . . လျှောက်လွှာခေါ်တာမဟုတ်ဘူး ခင်ဗျ . . ."

"ဪ . . ဟုတ်ကဲ့ . . ကျေးဇူးပဲဗျာ . . "

ဖုန်းကိုပြန်ချရင်း သတင်းစာကိုသေသေချာချာမဖတ်ဘဲ လောသွားသော ကိုယ့်ကိုယ်ကိုယ် ပြန်အပြစ်တင်ဖြစ်သည်။

ဘာပဲပြောပြော မျှော်လင့်ချက်တို့ဖြင့် လှုပ်ခနဲဝမ်းသာသွားရသောနေ့မို့ ထို 14.5.2004 ကို ကျွန်တော်မှတ်မှတ်ရရဖြင့် စာအုပ်ထဲမှာ တေးမှတ်ဖြစ်သည်။ The First day in Yangon ဟု။

14.5.2004 မှာ ရန်ကုန်စရောက်သော ကျွန်တော် တိုက်တိုက်ဆိုင်ဆိုင်ပင် ရန်ကုန်ရောက်ပြီး နှစ်လအကြာမှာ အမေ့ဆီဖုန်းခေါ်ဖြစ်သည်။ ထိုနေ့ကား 14.7.2004 ရက်နေ့ဖြစ်သည်။

မှတ်မှတ်ရရ ကျွန်တော်အကြိုက်ဆုံး အဆိုတော်ထူးအိမ်သင်က 14.8.2004 မှာ ကွယ်လွန်သွားခဲ့သည်။ 14th နေ့တိုင်းသည် ကျွန်တော့်အဖို့ ရင်ခုန်ဖွယ်၊ ရင်နာဖွယ်တို့ကို ယူဆောင်လာတတ်သည်ကို ကျွန်တော် သတိထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းအဖြစ်အပျက်များက ခတ်ရှင်တော့ဆန်သည်။

ရန်ကုန်ရောက်ပြီး တော်တော်နှင့်အလုပ်ကမရ။ မင်းမင်းဆီမှာနေရ၊ စားရသည်ကို ကျွန်တော် အလွန်အားနာလာသည်။ ပင်းတယကိုတော့ လုံးလုံးမပြန်ချင်။ အမေနေကောင်းသည်ဆို၍ တော်သေးသည်။

နောက်တော့ မင်းမင်းနှင့်အစ်ကို ကိုဇော်ဝင်းတို့၏ ကူညီမှုဖြင့် ကျွန်တော်ရွှေပြည်သာစက်မှုဇုန်၏ စက်ရုံတစ်ရုံ၌ လျှပ်စစ်အင်ဂျင်နီယာကြီးကြပ်ဟူသော ရာထူးဖြင့်အလုပ်ရသည်။ အလုပ်က နေစရိတ်၊ စားစရိတ်ငြိမ်းဖြစ်သည်။

သူဌေးချင်းအိမ်မှာ ကပ်နေ၊ ကပ်စားရုံတင်မက အသေးသုံးစရိတ်ကအစ တောင်းသုံးနေရသည်မို့ ကျွန်တော်က အလုပ်နေ/စားငြိမ်းရခြင်းအပေါ် ထိပေါက်သလိုကို ဝမ်းသာသွားရသည်။

စားစရာသာမက နေစရာပါပေးသော ရွှေပြည်သာစက်မှုဇုန်မှအလုပ်သို့ ကျွန်တော်ပြောင်းမည်ပြုသောအခါ မင်းမင်းက ပေးမပြောင်း။ မင်းမင်းမိဘများက တစ်အိမ်သပ်သပ်၊ မင်းမင်းက ကား



www.burmeseclassic.com

www.burmeseclassic.com



ဝပ်ရှော့ဖွင့်ထားသောခြံကြီးထဲမှာ တစ်ယောက်တည်းအလုပ်သမား များကို ကြီးကြပ်ကာ သပ်သပ်နေရသည်မို့ အဖော်ကမရှိ။ ကျွန်တော် ရောက်လာ၍ အဖော်ရမည်ကြုံရုံရှိသေး . . ကျွန်တော်ကပြောင်းမည် ဟုဆိုသောအခါ ဆရာသမားက ပေးမပြောင်း . . .။

မင်းမင်း၏အိမ်မှရွှေပြည်သာသို့ အလုပ်ဆင်းရသည်။ ထို အချိန်မှာပင် ပင်းတယမှ ငယ်သူငယ်ချင်းဖြစ်သူ ဝင်းထွန်းကရန်ကုန် ရောက်ခိုက် ကျွန်တော့်ဆီလာလည်သည်။ ခြံစည်းရိုးသာခြားသော အိမ်နီးနားချင်းလည်းဖြစ်၊ ကျွန်တော့်ဝါသနာကိုလည်း သိသော ဝင်း ထွန်းက ဝါသနာအလျောက်ရေးထားသော ကျွန်တော့်စာတွေ ကဗျာ တွေကို သူ၏ဘရားသားဖြစ်သော ကိုကြီးမျိုး(မျိုးကိုမျိုး) ထံမှာ ပြ ကြည့်ကာ အကြံဉာဏ်ရယူဖို့ Idea ပေးသည်။

သို့နှင့် ကျွန်တော် ကိုကြီးမျိုးဆီစာရွက်တွေတစ်ထပ်ကြီး ကိုင်ပြီး ရောက်သွားသည်။ ဖြစ်ချင်တော့ ကိုကြီးမျိုးက ကျွန်တော် မမွေးခင်ကတည်းက ဆုံးသွားသော ကျွန်တော့်၏အစ်ကိုအကြီးဆုံး နှင့် ဘော်ဒါအရင်းခေါက်ခေါက်ဖြစ်ကာနေသည်။ ခုနစ်နှစ်မျှ ပင်းတယမှာနေဖူးသော ကိုကြီးမျိုးက သေသွားသော ကျွန်တော့် အစ်ကို၏အကြောင်းများပြောပြရင်း ကျွန်တော့်စာများကို ဖတ်ပေး သည်။

အကယ်၍ ၎င်းအစ်ကိုအကြီးဆုံးသာ သက်ရှိထင်ရှားရှိသေး ပါက ကျွန်တော့်ကို ကဗျာစာအုပ်ကီစ္စဖြင့် အိမ်မှနှင်ချသော ဘရား သားက အကြီးဆုံးမဟုတ်ဘဲ ဒုတိယဖြစ်မည်ဖြစ်၏။ ကျွန်တော့်စာ များကို စိတ်ရှည်လက်ရှည်ဖတ်ကြည့်ရင်းက ကိုကြီးမျိုးက အကြံပြု သည်။

"မြင့်နိုင်ထွေးရေ . . မင်းရဲ့စာရေးပုံကိုကြည့်ရတာ . . ဝတ္ထု ချင်းရေးရင်ကောင်းမယ်ကွ . . မင်းလက်က လုံးချင်းလက်မျိုး ရေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါလား . . ကိုကြီးဖတ်ပေးမယ် . . လိုတာရှိရင်လည်း ပြောပြပေးမယ် . . .”

ဝုန်းဆို ကျွန်တော် လေထဲမြောက်သွားသလို ခံစားလိုက်ရသည်။ ဘာပြောပြော အားပေးသူလည်းရှိနေပြီကိုး . . .။

အလုပ်ဝင်ကာစမို့ လစာကမထုတ်ရသေး။ လက်ထဲမှာငွေလည်း မကပ်သောကျွန်တော့်ကို မင်းမင်းက ဝတ္ထုရေးဖို့ စာအုပ်အချို့နှင့်ဘောလ်ပင်များဝယ်ပေးသည်။ ကျွန်တော်ကလည်း ကိုကြီးမျိုးထံမှ ပြန်လာချိန်ကစလို့ လုံးချင်းဝတ္ထုကို စရေးသည်။ ကြားဖူးနားဝ ဖော်မြူလာတွေအတိုင်း စမ်းကာရမ်းကာရေးရင်းမှ လုံးချင်း၏ သဘောသဘာဝကို နည်းနည်းစီသဘောပေါက်လာသည်။

နေ့ရှိသရွေ့၊ ညရှိသရွေ့ ရေးလိုက်ဖျက်လိုက်လုပ်ရင်းက ညောင်းညာလာသောအခါ ကျွန်တော်က မင်းမင်းကို ဂျီကျသည်။

“မင်းမင်း . .”

“ဘာလဲကွ . . .”

“ငါကွာ . . နေ့နေ့ညည ဝတ္ထုရေးရင်းနဲ့ ညောင်းနေတာကွာ . . လမ်းလျှောက်ကြည့်လည်း မသက်သာဘူး . .”

“ခွေးကောင် . . ဆက်မပြောနဲ့ . . ငါသဘောပေါက်တယ် . . တစ်ခါနှစ်ခါလေး မာဆတ်ခေါ်သွားမိပါတယ် . . ညောင်းတတ်နေပြီပေါ့ . . ဟုတ်လား . .”

“အဟီး . . အေးကွ . . ဘာလဲ မင်းက လိုက်မပို့ချင်ဘူးလား . .”

“မဟုတ်ဘူး . . အခု သွားမယ်လို့ ပြောမလို့ . . .”

“အပေါ်ပေါ် . . ဒီလိုမှပေါ့ကွ . . .”

“တောက်! မာဆတ်သွားရမယ်လည်းပြောရော . . သွားတို မစေ့တော့ဘူး . . စိတ်ဆိုးနေပုံရတယ် . .”



www.burmeseclassic.com

www.burmeseclassic.com



"မနောက်ပါနဲ့ကွာ . . ငါက ဒီလိုပဲ အမြဲပြုံးပြုံးရွှင်ရွှင်နေ တတ်တဲ့ကောင်ကွ . . ."

"တော်စမ်းပါ . . ကဲ . . ကဲ . . ကားနားကစောင့် . . "

မင်းမင်းသည် ကျွန်တော့်အတွက်တော့ တကယ့်အန္တအတာ ခံသူဖြစ်သည်။ စာရေးဆရာလောင်း ကျွန်တော့်ခေါင်းမှ ဆံပင်ဖြူတို့ ကို အများဆုံးနုတ်ပေးခဲ့သူကို ပြပါဆိုလျှင် မင်းမင်းနှင့်သီဟကို ပြရ လိမ့်မည်။

Table Tennis ပဲ ကစား ကစား၊ ပိုက်ကျော်ခြင်းပဲ ခတ်ခတ်၊ ဘောလုံးပဲ ကန်ကန် အမှတ်အကြောအများကြီးပေးမှ ကစားသော ကျွန်တော့်ကို သည်းခံနိုင်သူက ရှားသည်။ ကျွန်တော် ညစ်သမျှ ခံသူများထဲတွင် မင်းမင်းလည်းပါသည်။

မဆီမဆိုင် ကျွန်တော့်ဘာသာ ကျွန်တော် ဝတ္ထုရေးသည်ကို ပင် စာအုပ်ဘောလ်ပင် ဝယ်ပေးရုံမျှမက ညောင်းလျှင် မာဆတ်ပင် ပို့လိုက်သေးသည်။ ဘယ်ဘဝက ရေစက်လဲတော့ မသိ။ မင်းမင်း နှင့်သာမက သူ၏မိသားစုကပါ ကျွန်တော့်ကို သံယောဇဉ်ရှိသည်။ နောက်ဆုံး သူ၏ကောင်မလေးသည်ပင် ကျွန်တော်နှင့်ငယ်သူငယ် ချင်းတွေလို ပြောမနာ ဆိုမနာရှိသည်။

ကျွန်တော့်အပေါ် ကောင်းလွန်းသည်မို့ ကျွန်တော်က အားနာရသည်။ သူ့ရှေ့မှာ ငွေပြတ်သည်ဟူ၍ မညည်းရဲ . . အိတ် ကပ်ထဲ ဖွတ်ထည့်ပေးတတ်သည်။ ထို့ကြောင့်လည်း ကျွန်တော်က ငွေကို အတတ်နိုင်ဆုံး ချွေတာသည်။

ကိုကြီးမျိုးအိမ်မှ ပြန်လာပြီးနောက်ပိုင်း ဝတ္ထုရေးသောရက် များ၌ ကျွန်တော်ငွေခမ်းနေသည်ကို သူ့အားမပြောဖြစ်။ မရရအောင် ချွေတာရင်း ကျွန်တော်သုံးသည်။

ကျွန်တော် ပထမဆုံးရေးသော လုံးချင်းဝတ္ထုက 'မိုးကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကင်ကိုလှည့်စားတဲ့ ကြယ်'။ ထိုဝတ္ထုရေးနေချိန်က လစာလည်း မထုတ်ရသေးသည်မို့ ငွေကလုံးလုံးပြတ်နေသည်။ မင်းမင်းကိုလည်း အားနာသည်မို့ ရှိသမျှငွေဖြင့် နံနက်စာတို့ကို ကျွန်တော်ဖြေရှင်းသည်။ ပေါင်မုန့်ငယ်တစ်လုံးကို ရေနွေးနှင့်မျှောချပြီး ဗိုက်ဖြည့်ခဲ့သော နံနက်စာတို့က ရက်ပေါင်းအတော်ကိုများသည်။ ဝတ္ထုရေးနေရသော အခါများ၌ ဗိုက်ဆာခြင်းသည် မခံစားရတော့သလိုဖြစ်သည်က များသည်။

နောက်ပိုင်းမှာ အလုပ်ကနေ့ဆိုင်း တစ်ပတ်၊ ညဆိုင်း တစ်ပတ်ဆင်းရသည်။ စက်ရုံမှာ နေ့ဆိုင်းဆင်းရသည်က ပြဿနာမရှိသော်လည်း ညဆိုင်းဆင်းရလျှင် ဒုက္ခရောက်သည်။ အလုပ်ကတစ်ညလုံးရှိနေသည်မဟုတ်။ လျှပ်စစ်ပစ္စည်းများ စက်ရုံတွင်းမှာ ပျက်ပါမှ ပြုပြင်ပေးရပြီး ပျက်စီးမှုမရှိပါက တစ်ညလုံး ငုတ်တုတ်ထိုင်နေရသည်ကများသည်။ ထိုအခါမျိုး၌ နေ့ခင်းဘက်ပြန်အိပ်ရသဖြင့် စာရေး၍ အဆင်မပြေတော့။ ထို့ကြောင့် ညဆိုင်းဆင်းရသောနေ့များတွင် ကျွန်တော် စာအုပ်ယူသွားပြီး စာထိုင်ရေးသည်။

ကျွန်တော် စာရေးသောနေရာ လူမရှိသောနေရာဖြစ်သော်လည်း တိတ်ဆိတ်သောနေရာတော့မဟုတ်။ ကျွန်တော်၏စာရေးသော စားပွဲဘေးကပ်လျက်မှာ ခုတ်မောင်းလက်စ မီးစက်ကြီးရှိသည်။

တဝုန်းဝုန်းဖြင့် ဆူညံနေသော ထိုမီးစက်ကြီးနားမှာ ဘယ်သူမှမနေချင်သဖြင့် မီးစက်နှိုးချိန် . . ပိတ်ချိန်မှအပ လူမရှိ။ ထို့ကြောင့် လူမရှိသော ထိုမီးစက်နှင့်ကပ်လျက်စားပွဲကို ကျွန်တော်က ရွေးလိုက်သည်။ တဝုန်းဝုန်း ဆူညံနေမှုကို ကာကွယ်ရန် ဂွမ်းများကို နားမှာဆို့ပြီး ကျွန်တော် ထိုမီးစက်ဘေးရှိစားပွဲမှာ စာရေးသည်။ တစ်မျက်နှာရလည်း တစ်မျက်နှာရေးသည်။



www.burmeseclassic.com

www.burmeseclassic.com



• မီးစက်က ညဆယ့်တစ်နာရီဆို အမြဲပိတ်သည်။ မီးစက်ပိတ်ပြီးသည်နှင့် စက်ရုံအတွင်းမှာ ကျွန်တော်လှည့်သည်။ လျှပ်စစ်နှင့်ပတ်သက်သော အလုပ်မရှိလျှင် နားမငြီးတော့သော ပိတ်ထားသည့်မီးစက်ဘေးမှစားပွဲမှာ ကျွန်တော် စာပြန်ရေးသည်။

သို့နှင့် ဆယ့်ရှစ်ရက်အကြာမှာ ကျွန်တော့်ဝတ္ထုပြီးသွားသည်။ ပြီးပြီးချင်း ကိုကြီးမျိုးဆီ ဖုန်းဆက်တော့ ကိုကြီးမျိုးက ဖတ်ပေးမည်ဟု ကြိုဆိုသည်။

ကိုကြီးမျိုးဆီ စာအုပ်ပေးလိုက်ပြီး နောက်နှစ်ရက်ခန့်အကြာ၌ အိမ်ကို ကျွန်တော်ရောက်သွားသောအခါ ကိုကြီးမျိုးက . . .

"ဒီတစ်အုပ်ကတော့ အတော်လေးဟုတ်သားပဲကွ . . နောက်တစ်အုပ်လောက်ရေးပါဦး . . နောက်တစ်အုပ်လောက် ဖတ်ကြည့်ရင်တော့ လက်ဆကိုမှန်းလို့ရပြီ . . ဒီစာအုပ်အခြေအနေကို ကြည့်ရတာတော့ မြင့်နိုင်ထွေးရဲ့လက်က အချာတော့မဟုတ်ဘူးကွ . . နောက်တစ်အုပ် ဆက်ချကွာ . . ကိုကြီးဖတ်ပေးမယ် . ."

ကိုကြီးမျိုး၏ အားပေးမှုဖြင့် ကျွန်တော်ဆက်ရေးဖြစ်သောဝတ္ထုက 'ပန်းနုရောင်ပြကွက်ထဲက ကကြိုးလှတဲ့ သတို့သမီး' . .။

ထိုစာအုပ်ရေးနေချိန်မှာ အမေနေမကောင်း ဟူသောသတင်းကိုရသည်။ တစ်ဆက်တည်းမှာပင် အလုပ်မှာပြဿနာတွေကတက်လာသည်။

လျှပ်စစ်အင်ဂျင်နီယာကြီးကြပ်ဟုခန့်ထားသော ကျွန်တော့်ကို သူဌေး၏လူယုံက ရေစက်မောင်းခိုင်းသည်။ ကျွန်တော်က လုပ်မပေး။ စက်ရုံတစ်ခုလုံးမှာ ဗိုလ်ကျ၍ရသလောက် ကျွန်တော်နှင့် တွေ့မှဆရာကြီးလုပ်၍မရသောအခါ ကျွန်တော့်ကို Pressure အမျိုးမျိုးပေးသည်။ ရေစက်မောင်းဖို့ အမျိုးမျိုးပြဿနာရှာသည်။ ကျွန်တော့်ပညာ၊ ကျွန်တော့်မာနဖြင့် အလုပ်မှ ကျွန်တော်ထွက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေးလက်စဝတ္ထုပြီးချိန်မှာပင် ပင်းတယမှဖုန်းက တဂွမ်ဂွမ်ခေါ်သည်။ အမေဆက်ခိုင်းခြင်းကြောင့် ဘော်ဒါဖြစ်သူ ဝင်းထွန်းက ခေါ်ပေးခြင်းဖြစ်သည်။ နေမကောင်းသောအမေ့ဆီ ပြန်ရန်ဖြစ်လာသည်။ ပင်းတယမပြန်ခင် ကိုကြီးမျိုးဆီသွားကာ ဒုတိယမြောက် ကျွန်တော်ရေးထားသော 'ပန်းနုရောင်ပြက္ခဒိန်ထဲက ကကြိုးလှတဲ့ သတို့သမီး' ဝတ္ထုကို သွားပြဖြစ်သည်။ ပင်းတယပြန်မည်ကို သိသည်မို့ ကိုကြီးက တစ်ထိုင်တည်းနှင့် ကျွန်တော့်ဝတ္ထုကို အပြီးဖတ်ပေးသည်။

"ကဲ . . မြင့်နိုင်ထွေးရေ . . သေချာတယ် . . မင်းရဲ့လက်က ဖြစ်နိုင်ချေ အများကြီးရှိတယ် . . မင်းစာရေးဖို့ တကယ်ကို ဝါသနာပါတာလား . . ."

"တစ်ပိုင်းသေလောက်အောင်ကို ဝါသနာပါတာ ကိုကြီး . . ကျွန်တော့်ရဲ့အဖြစ်ချင်ဆုံး ရည်မှန်းချက်က စာရေးဆရာပဲ . ."

"OK ဒါဆိုရင် မင်း ပင်းတယပြန်ရောက်ရင် မပျင်းနဲ့ . . နောက်ထပ်လုံးချင်းငါးအုပ်လောက်ပြီးအောင်ရေးထား . . ပြီးရင် အဲဒီဝတ္ထုတွေယူပြီး ကိုကြီးဆီလာခဲ့ . . စာအုပ်တိုက်တွေမှာ ကိုကြီး လိုက်ပြပေးမယ် . . ကိုကြီး ထင်ပါတယ် . . ဒီပုံစံအတိုင်းသာ ခပ်သွက်သွက်ရေးသွားရင် တစ်တိုက်မဟုတ် တစ်တိုက်နဲ့တော့ အလုပ်ဖြစ်သွားမှာပါ . . ."

"ကျေးဇူးပါပဲ ကိုကြီးမျိုးရာ . . တကယ်ပါ . . ကျွန်တော် ပင်းတယပြန်ရောက်တာနဲ့ နောက်ထပ် ထပ်ရေးမယ် . . ."

"ချကွာ . . ကိုကြီး တတ်နိုင်သလောက် အကုန်ကူညီမယ်"

ထိုသို့ဖြင့် ကိုကြီးမျိုး၏ အားပေးမှုဖြင့် ကျွန်တော် လုံးချင်းဝတ္ထုတွေ ဆက်တိုက်ရေးဖြစ်သွားသည်။

ကျွန်တော် ရေးဖြစ်သောတတိယစာအုပ်က 'အချစ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ်’၊ စတုတ္ထရေးဖြစ်သည်က ‘သတ္တမမြောက် နတ်သမီး’၊ ပဥ္စမမြောက် စာအုပ်က ‘ချုပ်ရိုးပျောက်’ (ဝတ္ထုခေါင်းစဉ်က သိပ်မမိုက်ဟု ယူဆကာ ကိုကြီးမျိုးက ‘အချစ်ကို ကြက်ခြေမခတ်ကြေး’ ဟု ပြောင်းပေးသည်။)

ဆဋ္ဌမမြောက်စာအုပ်က . . ‘နွေရင်ခွင်အတွက် နှင်းစက်အနမ်း’။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ၌ စာအုပ်ခြောက်အုပ်ရှိလာပြီမို့ ကျွန်တော် ကိုကြီးမျိုးဆီ သွားချင်လာသည်။ ဖုန်းလှမ်းဆက်တော့ ကိုကြီးမျိုးက မီးစိမ်းပြသည်။

"ကိုကြီးရေ . . ကျွန်တော် ရေးထားတာ ခြောက်အုပ်ရှိပြီ . . အဲဒါ ရန်ကုန်ဆင်းလာပြီး ပြချင်လို့ . . ."

"အေး . . စိတ်အားဒီလောက် ထက်သန်နေမှတော့ ဆင်းခဲ့ကွာ . . ."

သို့နှင့် ကျွန်တော် ရန်ကုန်ကို ဆင်းချလာသည်။ စျေးရောင်းစျေးဝယ်ဝါသနာပါသော ကျွန်တော်က ရန်ကုန်မှအပြန် ပင်းတယတပေါင်းပွဲတော်တွင် ရောင်းရန်အထည်ဝယ်ပြန်မည်ဟူသော စိတ်ကူးဖြင့် ပြန်လည်ချစ်ကြည်ရေးရသွားပြီဖြစ်သော တောင်ကြီးမှ အစ်ကိုထံမှ ငွေချေးလာသည်။ (စာအုပ်ကိစ္စဖြင့် ရန်ကုန်ဆင်းမှန်းသိလျှင် ထိုငွေကို ချေးပေးချင်မှ ချေးပေးလိမ့်မည်) တပေါင်းပွဲပြီးသည်နှင့် ချက်ချင်းပြန်ဆပ်ပါ့မည်ဟု အာမခံချေခဲ့ကာ ချေးယူလာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းက ရန်ကုန်မှာမရှိ။ ခရီးလွန်နေသည်။ ထို့ကြောင့် ကျွန်တော် တည်းခိုခန်းတစ်ခုမှာ တည်းသည်။ နောက်ရက် ကိုကြီးမျိုးဆီရောက်သွားတော့ ကိုကြီးမျိုးက တည်းခိုခန်းမှာ တည်းမှန်းသိသည်နှင့် သူ့အိမ်မှာတည်းရန် ခေါ်သည်။ ကိုကြီးမျိုး၏မိသားစုကပါ ခေါ်သည်မို့ အားနာနာနှင့်ကျွန်တော် ကိုကြီးမျိုးအိမ်ကို ရောက်သွားသည်။

ကျွန်တော်က ကိုကြီးမျိုးကို ကျွန်တော် ပင်းတယ်တပေါင်းပွဲအမီပြန်ရမည်ဖြစ်ကြောင်း အထည်ဆိုင်ဖွင့်မည်မို့ အဝတ်အထည်တချို့ဝယ်ပြန်မည်ဖြစ်ကြောင်း ပြောပြတော့ ကိုကြီးမျိုးက . . .

"အေး . . ဒီလိုဆိုရင် မင်းရဲ့စာအုပ်တွေကို ဘယ်စာအုပ်တိုက်မှာ ပြချင်လဲ . . ဒီမှာကွာ . . . . ."

ကိုကြီးမျိုးက စာအုပ်တိုက်တချို့၏အမည်ကိုရွတ်ပြသည်။ ပြီး ယင်းစာအုပ်တိုက်မှထုတ်သော စာအုပ်များကိုပြသည်။

"ဒီစာအုပ်ရဲ့ဆိုဒ်နဲ့ဒီဖိုင်းကို သဘောကျတယ် . . ကျွန်တော်က သိပ်အထူကြီးမကြိုက်ဘူးဗျ . . ဒီလို ခပ်ပါးပါးပုံစံကို ကြိုက်တယ်"

"အေးကွ . . အဲဒါ ဆယ်ချိုးဆိုဒ်လို့ ခေါ်တယ် . . ဒါက တော်ဝင်မြို့မစာအုပ်တိုက်က စာအုပ်ပဲ . . ."

"အဲဒီတိုက်ကို ပြကြည့်ကြမလား . . ကျွန်တော် တကယ်လို့ ကျွန်တော့်ဝတ္ထုကို စာအုပ်လုပ်ဖြစ်ရင် ဒီဆယ်ချိုးဆိုဒ်နဲ့ပဲ လုပ်ချင်တာဗျ . . ."

"OK ကိုကြီး အဲဒီစာအုပ်တိုက်ပိုင်ရှင် ကိုမိုးဆီကို ဖုန်းလှမ်းဆက်ကြည့်မယ် . . သူဖတ်ကြည့်ချင်တယ်ဆိုရင် သွားပြကြတာပေါ့"

"ဒါနဲ့ ကိုကြီး သူ မကြိုက်လို့ မယူဖြစ်ရင်ကော . . ."

"နောက်တစ်တိုက် ထပ်ပြရမှာပေါ့ကွ . ."

"အာ . . ရှက်တော့ရှက်စရာကြီးဗျနော် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှက်စရာမဟုတ်ပါဘူး . . စာပေလောကဆိုတာကတော့ ဒီလိုပါပဲ . ."

သို့နှင့် ကိုကြီးမျိုးက ကိုမိုးဆီသို့ ဖုန်းဆက်သည်။ ကိုမိုးက 'ဖတ်ပေးမည် . . မနက်ဖြန်ညနေပိုင်း တိုက်ကိုလာခဲ့' ဟု ဆိုသည်။

ဘာပြောပြော ကျွန်တော်ကတော့ 'ယူဖြစ်ပါစေ' ဟုသာ ကြိတ်၍ ဆုတောင်းဖြစ်သည်။

"ကိုကြီး . . အဲဒီကိုမိုးက ဘယ်အရွယ်လဲဗျ . . ဂျီဂျောင် လား . ."

"အင်း . . သဘောကောင်းပါတယ် . . လူလတ်ပိုင်းပဲ ရှိ သေးတယ် . ."

"တစ်တိုက်ဝင်တစ်တိုက်ထွက် ပြရမှာတော့ ရှက်တယ်ဗျာ . . တကယ်လို့ ဒီလူမယူဖြစ်ရင် ကိုယ့်ဘာသာကိုယ် ထုတ်ရင်ကောင်း မလားပဲ . ."

"အာ . . မြင့်နိုင်ထွေးရာ . . စိတ်ရှည်ရှည်ထားစမ်းပါ . . ငါ့ညီရ . . အဆင်ပြေသွားမှာပါ . . ."

"မယူဖြစ်ရင်ကောဗျာ . . ."

"ပြန်ပြီး တစ်မျိုးစဉ်းစားကြတာပေါ့ . . ကဲ . . ဒီနေ့ အား နေတယ်ဆိုတော့ မင်းအထည်တွေ ဝယ်ချင်လား . . ဝယ်ချင်ရင် ကိုကြီး မင်းကို မင်္ဂလာဈေး လိုက်ပို့ပေးမယ် . ."

"အားနေတာဆိုတော့ သွားချင်တယ် . . ဒါပေမယ့် ကိုကြီး ကအချိန်ရလို့လား . . ကျွန်တော် အားနာတယ်ဗျ . ."

"အာ . . ပြဿနာမရှိဘူး . . . ကိုကြီးလည်း ကူညီနိုင်သ လောက် ကူညီတာ . ."

သို့နှင့် ထိုနေ့အဖို့ မင်္ဂလာဈေးမှာ အထည်ဝယ်ပြီး အချိန် ကုန်သည်။ ကိုကြီးမျိုး၏ အမေနှင့်ညီမဖြစ်သူ မမသန္တာက ပင်းထည်



www.burmeseclassic.com

www.burmeseclassic.com



တပေါင်းပွဲမှာ ရောင်းကောင်းနိုင်သည့် အထည်များကို အကြံပေးသည်။

အထည်ဝယ်ရင်း ကျွန်တော်စိတ်ရောက်နေသည်က စာအုပ်ကိစ္စများပေါ်တွင်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ညနေမှာ ကျွန်တော်နှင့်ကိုကြီးမျိုးတို့နှစ်ယောက်သား တော်ဝင်မြို့စာအုပ်တိုက်ရှိရာဆီ ချီတက်ကြသည်။ ကျန်ကျောင်းကြွပ်ကြွပ်အိတ်ဖြင့် ထုတ်ထားသော ကျွန်တော်၏လုံးချင်းဝတ္ထု ခြောက်အုပ်ကိုပိုက်ပြီး ကုပ်ချောင်းချောင်းဖြင့် ကိုကြီးမျိုးနောက်ကို ကျွန်တော်လိုက်သည်။

စာအုပ်တိုက်ကိုရောက်တော့ ကိုမိုးက ပြုံး၍ကြိုသည်။

"လာဗျာ . . ထိုင်ကြ . . ဒီဆရာနှစ်ယောက်အတွက် လက်ဖက်ရည်ဆွဲခဲ့ကွာ . . ."

ကိုမိုးက တစ်ဖက်ကိုလှမ်းပြောရင်း ကျွန်တော်တို့ကို နေရာပေးသည်။ ကိုကြီးမျိုးက ကျွန်တော့်လက်ထဲမှ ကျန်ကျောင်းအိတ်ကို ယူပြီး ကိုမိုးရှေ့စားပွဲပေါ် ကိုချကာ တွန်းပေးသည်။

"ကျွန်တော် မနေ့က ဖုန်းဆက်ထားတာလေ . . ဒါ ကျွန်တော့်သူငယ်ချင်းရဲ့ညီ . . ကျွန်တော့်ညီပဲပေါ့ဗျာ . . မြင့်နိုင်ထွေးတဲ့ . . မြင့်နိုင်ထွေး . . ဒါ ကိုမိုးတဲ့ . . ထုတ်ဝေသူပေါ့ . ."

"ဟုတ်ကဲ့ဗျ . ."

ကိုမိုးက ပြန်ပြုံးရင်း 'ဘယ်နှအုပ်လဲဗျ' ဟုဆိုရင်း ကျွန်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအိတ်ကိုဖွင့်သည်။ ကျွန်တော်က 'ခြောက်အုပ်' ဟု ဖြေဖြစ်သည်။

"လူငယ်ကျောင်းသား ဇာတ်လေးတွေဗျ .. သူတို့လူငယ် Idea တွေဆိုတော့လည်း တစ်မျိုးလတ်ဆတ်တာပေါ့ဗျာ .."

ကိုကြီးက ကျွန်တော့်စာအုပ်ကို ချီးမွမ်းခန်းဖွင့်သည်။

"ကျွန်တော့်ကို ဒီစာအုပ်ဖတ်ဖို့ အချိန်တစ်ပတ်တော့ပေးဗျာ"

"ဗျာ . . ."

ရုတ်တရက် ကျွန်တော် လန့်သွားသည်။ မဖြစ်နိုင်။ တောင်ကြီးမှ ဘရားသားဆီမှ ချေးလာသောပိုက်ဆံတို့ဖြင့် အထည်တချို့ကဝယ်၍ပြီးနေလေပြီ။ ကိုမိုးပြောသလို အချိန်တစ်ပတ်သာပေးလိုက်ပါက ပင်းတယတပေါင်းပွဲကို ပွဲပြီးမှ ပြန်ရလိမ့်မည်။

ထိုအခါ ဘရားသား၏ပိုက်ဆံကို ရုတ်တရက်ကျွန်တော်ပြန်ဆပ်နိုင်မည်မဟုတ်။ အထည်ရောင်းပြီးမှ ပြန်ဆပ်နိုင်လိမ့်မည်။ ပြန်ဆပ်တာမဆပ်တာထက် စာအုပ်ကိစ္စကြောင့်ဆိုတာသာ ဘရားသားကြီးသိလို့ကတော့ ဒုတိယအကြိမ်မြောက် ညီအစ်ကိုကြား ချစ်ကြည်ရေးပျက်ပြားရလိမ့်မည်။

တပေါင်းပွဲ၏အသက်က အဖိတ်နေ့နှင့်လပြည့်နေ့ဖြစ်သည်။ ထိုရက်များမှာမှ တကယ်စျေးရောင်းရတာဖြစ်သည်။ ဤပွဲတော်စရက်ကို မမီရင်နေ အဖိတ်၊ လပြည့်နှစ်ရက်မီလျှင် ဝယ်ထားသမျှကုန်မှာကျိန်းသေသည်။ ပစ္စည်းကုန်လျှင် ဘရားသား၏ငွေကို သတ်မှတ်ရက်အတွင်း ဆပ်နိုင်လိမ့်မည်။

'ဗျာ' ဟု အလန့်တကြားထအော်သော ကျွန်တော့်ကို ကိုကြီးမျိုးက စားပွဲခုံအောက်မှနေ ခြေထောက်ဖိနင်းနေသည့်ကြားက ကျွန်တော်နှုတ်က လွှတ်ခနဲ ဆိုသလို . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါးရက်လောက်နဲ့ ဖတ်ပေးလို့မရဘူးလား . . အစ်ကို . . ကျွန်တော် ကိုစွလေးတစ်ခုရှိလို့ ပင်းတယကို အရေးတကြီးပြန်ရမှာ မို့လို့ပါ . . ."

ကိုကြီးမျိုးက အထည်ကိစ္စကို ထိုအခါမှ တွေးမိဟန်ဖြင့် 'ဟုတ်သားပဲ' ဟူသော သဘောဖြင့် ကျွန်တော့်ကိုကြည့်ကာ ခေါင်းညိတ်သည်။

စာအုပ်ဖတ်ချိန် တစ်ပတ်လေးတောင်းသည့်ကိစ္စမှာ နှစ်ရက်စျေးကပ်ဆစ်သော ကျွန်တော့်စကားကြောင့် ကိုမိုးမျက်နှာ ကွက်ခနဲ ပျက်သွားသည်ဟု ကျွန်တော်ထင်သည်။ စာအုပ်ဖတ်ပေးမပေးကိုတောင် အတော်ကြီးကြီးစားထားရသော်လည်း ကိုယ့်ဝမ်းနာက ကိုယ်သာသိမို့ လွှတ်ခနဲပြောထွက်သွားခြင်းသာ ဖြစ်သည်။

စိတ်ထဲမှာလည်း 'သွားပြီ' ဟု အလိုလိုခံစားလိုက်ရသည်။ ကျွန်တော့်ကို ကိုမိုးကတစ်ချက်ကြည့်ရင်း . . .

"ကျွန်တော် အစ်ကိုပြောသလိုပဲ ငါးရက်နဲ့ပြတ်အောင်ဖတ်ထားပေးပါ့မယ်"

ဟုဆိုသည်။

ကျွန်တော့်စိတ်ထဲမှာတော့ ခုံအောက်ထိုးထားမည့် ကျွန်တော့်စာအုပ်တို့ကို တွေးမိနေသည်။ ငါးရက်ပြည့်၍ ကျွန်တော်တို့ပြန်လာသောအခါ 'မကြိုက်သေးဘူးဗျ' ဟုဆိုရင်း ထိ၍ပင် ကိုင်ပင်မကြည့်သော ၎င်းစာအုပ်များက ကျွန်တော့်ထံ ပြန်ရောက်လာလိမ့်မည်။

နောက်မှာ အာလာပသလ္လာပစကားဆိုရင်း ကျွန်တော်တို့ ပြန်လာကြသည်။ အိမ်ပြန်ရောက်သောအခါ ကျွန်တော်က ကိုကြီးမျိုးကို . . .

"ကိုကြီး ကျွန်တော် ငါးရက်လည်း စောင့်မနေတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



. . ပြန်တော့မယ် . . ကျွန်တော်မှားသွားတယ်ဗျာနော့ . . တစ်ပတ်အချိန်တော်တော်ကို သွားကပ်ဆစ်မိနေတယ် . . သွားပြီထင်တယ် . . ပြန်မယ်ဗျာ . . ”

“အာ . . ကိုမိုးက အဲဒီလိုလူမျိုးမဟုတ်ပါဘူး . . မစိုးရိမ်ပါနဲ့ . . သူ ဖတ်ပေးမှာပါ . . အဲ . . ကြိုက် မကြိုက်ပဲ မသိရတာ . . မကြိုက်ရင်တော့ မတတ်နိုင်ဘူးပေါ့ကွာ . . . ”

ကိုကြီးမျိုးက ထိုသို့နှစ်သိမ့်သည်။ သို့နှင့် ကျွန်တော်ပင်းတယသို့ပြန်ကာ တပေါင်းပွဲမှာ စိတ်မပါ လက်မပါနှင့် ဈေးပြန်ရောင်းသည်။ ရန်ကုန်မှပြန်လာပြီး ကိုမိုးပြောသည့် တစ်ပတ်၊ ကျွန်တော်ပြောသည့် ငါးရက်မက . . ဆယ်ရက်လောက်ကျော်သည်အထိ ကိုကြီးမျိုးဆီ ကျွန်တော် ဖုန်းမဆက်ရဲသေး။

ကျွန်တော့် ဘုရားသား၏ပိုက်ဆံ တောင်ကြီးသို့ တက်ဆပ်သောနေ့ရောက်မှ မရဲတရဲဖြင့် ဖုန်းဆက်ဖြစ်သည်။

“ဩော် . . အေး . . မြင့်နိုင်ထွေးလား . . ကိုကြီးလည်း မင်းဆီကဖုန်းကို မျှော်နေတာ . . . ”

“ငြင်းလိုက်တယ် မဟုတ်လား . . ကိုကြီး . . မယူဖြစ်ဘူး . . မကြိုက်ဘူးဆိုပြီးတော့ . . . ”

“အာ . . ဘယ်ကလာ . . . ယူဖြစ်တယ် . . စာချုပ်ချုပ်မယ်တဲ့ . . ဆင်းလာခဲ့ ရန်ကုန်ကို . . ”

“ဗျာ . . . ”

ကျွန်တော့်ရင်တွေ မယုံရဲ ယုံရဲဖြင့်တုန်ခါနေသည်။ အိပ်မက်တော့မဟုတ်။ ‘ဗျာ’ ဟု ဝမ်းသာအားရ ခေါင်းထောင်လိုက်တော့ ဖုန်းဆိုင်၏ထုပ်တန်း သစ်သားချောင်းဖြင့် ကျွန်တော့်ခေါင်း ခွပ်ခနဲ မိတ်ဆက်သောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာချုပ်ချုပ်ရန်အတွက် ရန်ကုန်သို့ ကျွန်တော် ဆင်းရပြန်သည်။ ရန်ကုန်ပြန်ရောက်တော့ ကိုမိုးဆီသို့ ကိုကြီးမျိုးနှင့် နှစ်ယောက်သွားကြသည်။

"ဒါနဲ့ ကိုမြင့်နိုင်ထွေးရဲ့ကလောင်က ဘာလဲဗျ . . မြင့်နိုင်ထွေးပဲလား . . ."

"မဟုတ်ဘူးဗျ . . ကျွန်တော်ရွေးထားတာက . . . . အိမ်"

ကျွန်တော်ရွတ်ပြသော ကျွန်တော့်ကလောင်နာမည်ကို ကြားသောအခါ ကိုမိုးမျက်နှာကြီး ရှုံ့မဲ့ကာသွားသည်။

"မမိုက်သေးဘူးဗျ . . ခေါ်ရတာ ထောင့်(ထောက်) နေတယ်ဗျ . . စဉ်းစားပါဦး . . အေးဆေးပေါ့ . . ဖြစ်နိုင်ရင် ဗေဒင်လေး ဘာလေး မေးပြီးပေးပေါ့ဗျာ . . ."

ဟု ကိုမိုးက အကြံပြုသည်။ သို့နှင့် ကိုကြီးမျိုးနှင့်ကျွန်တော် ပေါ်ပြူလာဂျာနယ် အယ်ဒီတာချုပ် ဆရာဟိန်းလတ်ဆီရောက်သွားကြသည်။ ဆရာ့ဆီ သွားကာအပူကပ်တော့ ဆရာက ကျွန်တော့်ကို Idea အချို့ ချီးမြှင့်သည်။ Idea က ကြာသပတေးသုံးလုံးနှင့် တနင်္ဂနွေနောက်ပိတ်ဖြင့် အမည်မှည့်ခေါ်ရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို Idea ကို သယ်ကာ ကိုကြီးမျိုးတို့အိမ် ပြန်ရောက်တော့ အိမ်မှရှိသမျှ လူကုန်က ဝိုင်း၍နာမည်ရွေးပေးကြသည်။ တိုက်တိုက်ဆိုင်ဆိုင် ပင်းတယမှ စိုင်းဝင်းထွန်းနှင့်သူ့အစ်ကို ကိုမင်းမော်ထွန်းတို့လည်း ရန်ကုန်ရောက်ခိုက်နှင့်ကြုံနေသည်မို့ သူတို့ပါ ဝိုင်းစဉ်းစားပေးကြသည်။

"ကြာသပတေးက ပ၊ ဖ၊ ဗ၊ ဘ၊ မ ဆိုတော့ ကျွန်တော်ဒီလို စဉ်းစားတယ် . . လူတိုင်းလည်း မှတ်မိအောင် 'မင်းမေဘီးအေ' လို့ ပေးလိုက်မယ် . . မကောင်းဘူးလား . . ကြာသပတေးသုံးလုံး တနင်္ဂနွေနောက်ပိတ် . . ကွက်တိပဲ . . ."

ကျွန်တော့်ဟာသစကားကြောင့် ကျန်လူများက ဝိုင်းရယ်ကြသည်။ ကိုမင်းမော်ထွန်းက . . .

"ဒီလိုဆိုလည်း မို့မို့မြင့်အောင်လို့ ပေးလိုက်ပါလား . . ကြာသပတေးသုံးလုံး တနင်္ဂနွေနောက်ပိတ်ပဲ . ."

"အာ . . မလုပ်ပါနဲ့ဗျာ . ."

"ကဲ . . ပြောပါဦး . . မြင့်နိုင်ထွေးက ဘယ်လိုပုံစံကို လိုချင်တာလဲ . . ."

"ကျွန်တော်က ထူးအိမ်သင်ကို အသေအလဲကြိုက်တာဗျ"

ကိုကြီးမျိုးက 'အဲဒီတော့ . . ' ဟု စကားထောက်သည်။

"အဲဒီတော့ ကျွန်တော်က ထူးအိမ်သင်ရဲ့နာမည်ထဲက အိမ်ကို ကျွန်တော့်နာမည်ရဲ့နောက်ဆုံးပိတ် ယူရမယ့်တနင်္ဂနွေနာမ်မှာ သုံးချင်တယ် . . ရှေ့ ကြာသပတေးနာမ်သုံးလုံးကတော့ အဆင်ပြေတာ သုံးကြမယ်ဗျာ . . ."

"OK ဒါဆိုရင် ရှေ့သုံးလုံးကိုပဲ စဉ်းစားကြတာပေါ့ . ."

သို့နှင့် ကျွန်တော်ရယ်၊ ကိုကြီးမျိုးရယ်၊ ကိုမင်းမော်ထွန်းရယ်၊ စိုင်းဝင်းထွန်းရယ် လေးယောက်ဝိုင်းပြီး စဉ်းစားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးမျိုး၏အမေ . . ကြီးကြီးက . . .

"အေး . . ကြီးကြီးလည်း ရွေးထားပေးမယ် . . သားတို့လည်း စိတ်အေးအေးထားပြီး ရွေးကြ . . ."

ဟု ဆိုသည်။

ကျွန်တော်တို့ရွေးသော နာမည်များက များတော့လည်းများသည်။

မင်းမျိုးမြင့်အောင်၊ မင်းမြတ်ဘုန်းအိမ်၊ မင်းမျိုးမြင့်အိမ်၊ ဖြိုးမြတ်မျိုးအိမ် စသည်ဖြင့် . . သို့သော် ဘယ်လောက်တွေးတွေး နာမည်က စိတ်ကြိုက်မတွေ့လာ . . ထိုစဉ်မှာပင် ကြီးကြီးက ကျွန်တော်တို့လေးယောက်ရှိရာ အိမ်ပေါ်ထပ်ကို ဖုန်းဆက်သည်။

"မြင့်နိုင်ထွေးရေ . . ကြီးကြီးရွေးထားတဲ့နာမည်တွေ လာကြည့်လှည့်ဦး . ."

"ဟုတ်ကဲ့ . . ကြီးကြီး . ."

ကြီးကြီးရွေးထားပေးသော နာမည်ကငါးလုံးခန့်ရှိသည်။ ပထမဆုံးသောနာမည်မှာပင် ကျွန်တော် ကောင်းကောင်းကြိုက်သွားသည်။

နာမည်က 'ပြည့်ပိုင်မှူးအိမ်'။ နောက်နာမည်များကလည်း ဆန်းသည်။ မင်းမြတ်ပေါ်ဦးတို့၊ ပြည့်ဖြိုးမော်အံ့တို့ စသည်ဖြင့် . .

ကျွန်တော်က 'ပြည့်ပိုင်မှူးအိမ်' ကိုပဲကြိုက်သည်။ သို့နှင့် ကြီးကြီးရွေးပေးသော 'ပြည့်ပိုင်မှူးအိမ်'ကိုပဲ အတည်ရွေးလိုက်ကြရာက ကျွန်တော်သည် 'ပြည့်ပိုင်မှူးအိမ်' ဟူသော စာရေးဆြာပေါက်စ ဖြစ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လောဘကြီးသော ကျွန်တော်က စာရေးဆရာဖြစ်ပြီးသည်နှင့် နောက်ပိုးတစ်မျိုးက ထဖောက်သည်။ ထိုပိုးက အဆိုတော်ဖြစ်ချင်သော ရောဂါပိုး။ ကျွန်တော်၏ ရူးသွပ်မှုအတွက် ကျွန်တော်သည် အမြဲကျားချောင်းချောင်းနေမြဲ ဖြစ်သည်။ အခြေအနေပေးလို့ကတော့ စုပေါင်းစပ်ပေါင်းခွေမှာပဲ ပါရ ပါရ . . ဆိုချင်သော ဖိုးဆိုချင်ဖြစ်သော ကျွန်တော့်ကို ဘော်ဒါအချို့ နောက်သည်။

"ဟကောင် . . မင်းရဲ့ငှက်ဆိုးသံကြီး လူတွေကြားရင် အစားအသောက်ပျက်ပြီး ကုန်ဈေးနှုန်းတွေ ကျကုန်မယ်နော် . . ကြည့်လုပ် . . ."

"မင်းရဲ့ခွေထွက်ဖြစ်ရင်လည်း ပြောပေါ့ကွာ . . သူများတွေ နားကြားကိရိယာတပ်နေတဲ့အချိန်မှာ ငါက နားမကြားကိရိယာ တပ်ထားရအောင်လို့ . . ."

ကျွန်တော်က ထိုသို့သော အားပေးမှုတို့ကို အပြည့်အဝရထားသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကျွန်တော်ထီဆိုင်ရှေ့မှာ ထီထိုးနေတုန်း ဘော်ဒါတစ်ကောင်က လာနှုတ်ဆက်သည်။

"ဟကောင်ကြီး . . ထီတွေဘာတွေ ကံစမ်းနေတယ်ပေါ့ . . ဘာလဲ ထီပေါက်ရင် မိန်းမယူမလို့လား . ."

"ဘယ်ကလာ . . ."

"ဒါဖြင့် ဘာလုပ်မလို့တုံး . . ."

"အဟဲ . . ဆီးသီးထုတ်မလို့ဟေ့ . . ငါ့လိုကောင်ကို ဘယ်ပရိုဂျူဆာကမှ အရှုံးခံထုတ်ပေးမှာမဟုတ်တော့ . . ကိုယ့်ပိုက်ဆံနဲ့ ကိုယ် ထုတ်မလို့ . . ."

"ထီပေါက်ရင် ဆီးသီးထုတ်မယ်ပေါ့ . . ."

"ဒါပေါ့ကွ . . ."

"မင်းကွာ . . ထီပေါက်မှတော့ တိုက်ဆောက်ကားစီး၊ အလှူအတန်းလေးဘာလေးလုပ် . . ."

"ဟင့်အင်း . . ငါ လစဉ်ထီထိုးတဲ့စီမံကိန်းထဲမှာ အဲဒါတွေ မပါဘူး . . ထီထိုးရတဲ့ ရည်ရွယ်ချက်က ပေါက်ရင် ဆီးသီးထုတ်မယ် . . ဒါပဲ . . ဘာကားမှ . . ဘာအိမ်မှ ငါမလိုချင်ဘူး . . ."

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားအဆုံးမှာ ကျွန်တော့်သူငယ်ချင်းက အထိတ်တလန့်အမူအရာကို Over အက်တင်ဖြင့်လုပ်ရင်း မိုးပေါ် မော့ကြည့်ကာ လက်အုပ်ချီလျက် . . .

"သမ္မာဒေဝနတ်မြတ်၊ နတ်ကောင်း နတ်အပေါင်းတို့နှင့် မိုးနတ်မင်းပါမကျန် နတ်အပေါင်းတို့ . . ဘုရား . . ခုနစ်ရက်သား သမီးတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်သောအားဖြင့် ဒီစာရေး ဆရာအရှူးကို ထိမပေါက်အောင် တားပေးတော်မူကြပါ ဖျာ့ (ဘုရား့) . . ဒီကောင်သာ မတော်နှင့်တဆ ထိပေါက်သွားပြီး ဆီးသီးခွေထုတ် လို့ကတော့ မြန်မာနိုင်ငံသူ နိုင်ငံသားများ သာမက ကမ္ဘာ့ပြည်သူ ခုနစ်ရက်သားသမီးများအားလုံး သူ့အသံကြားပြီး စားမဝင်အိပ်မ ပျော်နှင့် ကျန်းမာရေးတွေ ထိခိုက်ပါလိမ့်မယ်ဖျာ့ . . ဒါကြောင့် ဒီ စာရေးဆရာအရူးနဲ့ ရာချီသောသိန်းဆုတို့လွဲပြီး သောင်းဆုထီလောက် ပဲပေါက်အောင် မ,စတော်မူပါ . . သိန်းဆုကြီးတွေနဲ့လွဲအောင် ဖယ် ရှားပေးတော်မူပါဖျာ့ . . (ဘုရား့) . . တားမြစ်ပေးတော်မူပါဖျာ့ (ဘုရား့) . . ."

သကောင့်သားက ထိုသို့ဆုတောင်းချင်ယောင်ဆောင်ပြီး ခိုး ခနဲ ကျွန်တော့်ကိုကြည့်ကာ ရယ်သည်။

BURMESE CLASSIC

"ခွေးကောင် . . ."

ကျွန်တော်လည်း သကောင့်သားကို ဆဲရေးရင်း . . . ၎င်း နဲ့အတူ ရောရယ်ဖြစ်သည်။ ကိုင်း . . ကျွန်တော် မပြောဘူးလား . . ကျွန်တော့်မှာက အားပေးတဲ့လူ . . ဒုနဲ့ဒေးပါလို့ . . .။

ဖရိုဿတ်သို့

အစဉ်သဖြင့် လေးစားချစ်ခင် တွေးမူးတင်လှပါ

ပြည့်ပိုင်မှူးအိမ်

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ကွက်ထဲက အတွေ့အထိ • • • •

ရုပ်ရှင်ဗီဒီယိုတွေထဲက အတွေ့အကြုံ • • • •

ရင်ထဲက ခံစားမှုအာရုံ • • • •

အားလုံး,အားလုံးကို စုစည်းဖော်ထုတ်ရေးမိတာက • •

ဟာသသရုပ်ဆောင် လူရွှင်တော်

# ကျော်ကြူး

ရဲ့

## ပဉ္စမမြောက်လက်လှမ်း

# တစ်ခါသုံး အိပ်မက်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၂၂၀၉၀၈

တော်ဝင်မြို့မစာအုပ်တိုက်မှ စီစဉ်ထုတ်ဝေသည်

www.burmeseclassic.com